# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ ပြာသိုလပြည့်ကျော် (၄)ရက် ၊ သောကြာနေ့ ၊ (17-1-2025) ၊ အတွဲ (၃၃) ၊ အမှတ် (၂၆၂)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်( လေ ) ဗိုလ်ချုပ်ကြီးထွန်းအောင်

# လေယာဉ်မောင်းသင်တန်းအမှတ်စဉ်(၈၆) ကျောင်းဆင်းတောင်ပံအပ်နှင်းပွဲအခမ်းအနား တက်ရောက်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင် တပ်မတော်(လေ)၏ လေယာဉ်မောင်းသင်တန်းအမှတ်စဉ်(၈၆) ကျောင်းဆင်းတောင်ပံအပ်နှင်းပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၆**

တပ်မတော်(လေ)၏လေယာဉ်မောင်းသင်တန်းအမှတ်စဉ်(၈၆) ကျောင်းဆင်းတောင်ပံအပ်နှင်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မိတ္ထီလာမြို့၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင် တက်ရောက်မိန့်ခွန်းပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း၊စစ်ဦးစီးအရာရှိချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးဇော်ဝင်းမြင့်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်၊တပ်မတော်(လေ)မှ အရာရှိကြီးများ၊ မိတ္ထီလာတပ်နယ်မှ အရာရှိကြီးများနှင့်ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ဦးစွာ ကျောင်းဆင်းတပ်ခွဲနှင့် ဂုဏ်ပြုတပ်ခွဲများက စစ်ရေးပြကွင်းအတွင်း ချီတက်နေရာယူကြပြီး နိုင်ငံတော်အလံကို အလေးပြုကြသည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်(လေ) ရောက်ရှိလာပြီး ကျောင်းဆင်းတပ်ခွဲနှင့် ဂုဏ်ပြုတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူ၍ ကျောင်းဆင်းတပ်ခွဲနှင့် ဂုဏ်ပြုတပ်ခွဲများကို စစ်ဆေးသည်။

**စာမျက်နှာ ၁၆ ကော်လံ ၁**




ရတနာပုံ
၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၇ ရက်

**အယ်ဒီတာ့အာဘော်**

# ရောဝတီမြစ်ကြောင်းတစ်လျှောက်ရှိပြည်သူများကို ကျန်းမာရေးစောင့်ရှောက်

နိုင်ငံတစ်ဝန်းလုံးရှိပြည်သူများ ကျန်းမာကြံ့ခိုင်နေမှသာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်မည်ဖြစ်သည်။ ပြည်သူများကို မြို့ပြ၊ ကျေးလက်မကျန် ဝေးလံသောဒေသများပါ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးအတွက် တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့က ရောဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြစ်ဝကျွန်းပေါ်နေကျေးရွာများမှ ဒေသခံပြည်သူများထံ အရောက်သွားကာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ယခုအခါ ရောဝတီတိုင်းဒေသကြီး ရောဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြစ်ဝကျွန်းပေါ်နေ ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့်မြစ်ရေယာဉ်(စကု)၊ တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)တို့သည် ဇန်နဝါရီ ၁၄ ရက်က နယ်လှည့်ဆေးကုသမှု ဆောင်ရွက်ရန် ထွက်ခွာခဲ့ကြခြင်းဖြစ်ပေသည်။

အဆိုပါဆေးကုအဖွဲ့တွင် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုအရာရှိများ၊သူနာပြု စစ်သည်များနှင့်သူနာပြုရဲမေများလိုက်ပါကာ ဒေသခံပြည်သူများကို ခွဲစိတ်ကုသမှုရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အရိုးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး X-Ray ရိုက်ခြင်း၊ Ultrasound ရိုက်ခြင်း၊ ရောဂါဗေဒပါရဂူများဖြင့် ရောဂါရှာဖွေစမ်းသပ်ကုသခြင်း၊ ECG စက်၊ ဓာတ်မှန်ရိုက်စက်များဖြင့် ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းနှင့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးပေးခြင်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ယခုကဲ့သို့ တပ်မတော်နယ်လှည့်ဆေးကုအဖွဲ့က ရောဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ကျေးရွာများမှ ဒေသခံပြည်သူများကို လာရောက်၍ဆေးကုသမှုပေးသဖြင့် ဒေသခံပြည်သူများအနေဖြင့် မိမိတို့ခံစားနေရသော ကျန်းမာရေးဆိုင်ရာပြဿနာများကို ပြသကုသခွင့်ရသည့်အတွက် ကျေးဇူးတင်ဝမ်းသာကြပေသည်။

တပ်မတော်အထူးကုဆေးအဖွဲ့ဝင်များပါဝင်သည့် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့အနေဖြင့် ၂၀၁၃ ခုနှစ်မှစတင်၍ ရောဝတီမြစ်ဝကျွန်းပေါ်ဒေသနှင့်မြစ်ကြောင်းများတစ်လျှောက် ဆေးကုသရန်ခက်ခဲသောကျေးရွာများရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ရာ ယခုခရီးစဉ်သည် ၁၉ ကြိမ်မြောက်ဖြစ်ပြီး (၁၈) ကြိမ်မြောက်ထိ ဒေသခံပြည်သူစုစုပေါင်း ၁၇၈၇၃၅ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ခဲ့ပြီး ဆေးရုံရေယာဉ်ပေါ်ရှိ သားဖွားခန်း၌ ကိုယ်ဝန်ဆောင်မိခင် ၂၈ ဦးတို့ကို အောင်မြင်စွာမွေးဖွားပေးနိုင်ခဲ့သည်။

အလားတူ တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)အနေဖြင့်လည်း ၂၀၁၆ ခုနှစ်မှစ၍ မြန်မာ့ပင်လယ်ကမ်းရိုးတန်းဒေသများနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယခုခရီးစဉ်သည် (၁၈) ကြိမ်မြောက်ဖြစ်ပြီး (၁၇) ကြိမ်ထိ ဒေသခံပြည်သူစုစုပေါင်း ၁၅၇၀၈၇ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ခဲ့ပြီး ဆေးရုံရေယာဉ်ပေါ်ရှိ သားဖွားခန်း၌ ကိုယ်ဝန်ဆောင်မိခင် ၂၁ ဦးတို့ကို အောင်မြင်စွာမွေးဖွားပေးနိုင်ခဲ့ပေသည်။

သို့ဖြစ်ရာ တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးအပြင် ပြည်သူများ၏ကျန်းမာရေးစောင့်ရှောက်မှုနှင့် သဘာဝဘေးကူညီကယ်ဆယ်ရေးလုပ်ငန်းများကို စွမ်းစွမ်းတမံ ဆောင်ရွက်ပေးလျက်ရှိပေသည်။ ထို့ကြောင့် ယခုကဲ့သို့ ရောဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုများကို မေတ္တာ၊ စေတနာ၊ အကြင်နာတရားအပြည့်ဖြင့် ဆေးကုသမှုပေးနေသော တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့ကို ချီးကျူးဂုဏ်ပြုရေးသားလိုက်ရပေသည်။

## ၂၀၂၅ ခုနှစ်၊ ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ဖြာဖ္ဗစိုရိတရားနှင့် စစ်မှန်သောမျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီး အမြွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ရေး။

(၂) လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းပေါ်တွင်လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများ လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုတိုင်းရင်းသားအားလုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၄) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့်အလုပ်အကိုင်အခွင့်အလမ်းများတိုးတက်အောင် ဖော်ဆောင်ပေးရေး။

**ပေါင်းစည်းချစ်ကြည် လက်တွဲညီ ပြည်ထောင်စုရဲ့ ပန်းတိုင်ဆီ**

**တိုင်းပြည်သာယာ ဝပြောဖို့ ငြိမ်းချမ်းရေးကို တည်ဆောက်စို့**

**တို့ပြည်ထောင်စုတိုင်းရင်းသားများ ညီညွတ်စွမ်းအား ပြည့်ခွန်အား**

# မန္တလေးတိုင်းဒေသကြီး လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ (၁/၂၀၂၅) လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ





**မန္တလေး ဇန်နဝါရီ ၁၆**

မန္တလေးတိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ၏ (၁/၂၀၂၅) လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇန်နဝါရီ ၁၅ ရက် မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ယခင်အစည်းအဝေး ဆွေးနွေးသုံးသပ်ဆုံးဖြတ်ချက်များအပေါ် လုပ်ငန်းများ ဆောင်ရွက်ရာတွင် တိကျမှန်ကန်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ တိုင်ကြားလာသည့် အမှုတွဲများနှင့် ဌာနအသီးသီးမှ ပြန်လည်စွန့်လွှတ်သည့် မြေများကိုလည်း ပြဋ္ဌာန်းထားပြီးဖြစ်သော ဥပဒေ လုပ်ထုံးလုပ်နည်းများအတိုင်းတိကျမှန်ကန်စွာ စိစစ်ဆောင်ရွက်ပြီး မူဝါဒများနှင့်အညီ ပြန်လည်ပေးအပ်သွားနိုင်ရေး အမြန်ဆုံးပြီးပြတ်အောင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက် သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကော်မတီ၏ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့က တိုင်းဒေသကြီးအတွင်း လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ယခင်ကော်မတီက ဆောင်ရွက်ထားရှိမှု၊ ဖြေရှင်းဆောင်ရွက် ပြီးစီးမှုနှင့် ပြင်ဆင်ဖွဲ့စည်းပြီး နောက်ပိုင်း ဆောင်ရွက်နေမှုအခြေအနေများ၊ ဗဟိုကော်မတီသို့ တင်ပြတိုင်ကြားသည့်အမှုတွဲများအပေါ် ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ဆွေးနွေးတင်ပြခဲ့ကြသည်။

ထို့နောက် ခရိုင် ၁၁ ခုမှ ခရိုင် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည် စိစစ်ရေးကော်မတီဥက္ကဋ္ဌများက ယခင်အစည်းအဝေး ဆွေးနွေးချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲနှင့် ဆက်လက် ဆောင်ရွက်သွားမည့် အစီအမံများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြ အကြံပြုကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆွေးနွေးချက်များနှင့် အကြံပြုချက်များအပေါ်ပေါင်းစပ်၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မျိုးကျော်**

# ကောလင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းလျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့

**ကောလင်း ဇန်နဝါရီ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းလျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကောလင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းကေ ၂၂၀၀ စိုက်ပျိုးရန် လျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၂၇၇ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ ကောလင်းခရိုင်မှာ ပဲတီစိမ်းကေ ၂၂၀၀ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၂၂၇၇ ကေစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်းကိုလျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပဲတီစိမ်းတိုးချဲ့စိုက်ပျိုးဖို့ အထွက်နှုန်းကောင်းမွန်ဖို့ အသိပညာပေးတာတွေ ဆောင်ရွက်ခဲ့ပါတယ်"ဟု ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြသည်။

ကောလင်းခရိုင်တွင် မြို့နယ်အလိုက် ပဲတီစိမ်း စိုက်ပျိုးပြီးစီးမှုအနေဖြင့် ကောလင်းမြို့နယ်တွင် ၁၃၆၄ ကေ၊ ဝန်းသိုမြို့နယ်တွင် ကေ ၁၄၀၊ ပင်လည်ဘူးမြို့နယ်တွင် ၇၇၃ ကေ စုစုပေါင်း ၂၂၇၇ ကေဖြစ်ကြောင်း သိရသည်။

ပဲတီစိမ်းသီးနှံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်ပြီး လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်သဖြင့် ပဲတီစိမ်းများအထွက်နှုန်းတိုးတက်စေရေး ဒေသမရွေး ကြိုးပမ်း ကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြ၍ သိရသည်။ (၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၃၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂။
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ဥတ္တရသီရိမြို့နယ် ဝွေးပင်ရိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် ဇန်နဝါရီ ၁၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝွေးပင်ရိုးကျေးရွာ၌ ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဇန်နဝါရီ ၁၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇာကြည်မွန်နှင့် ဝန်ထမ်းများက ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ ကျေးလက်နေ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိပြီး မိသားစုဝင်ငွေတိုးပွားလာကာ ကျေးလက်ဒေသဆင်းရဲမှုနှုန်း လျော့ကျလာစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ စီမံကိန်းမှ ရရှိလာမည့် အကျိုးကျေးဇူးများ၊ ကျေးလက်နေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်များ၊ မိသားစုတစ်နိုင်တစ်ပိုင် အသေးစား စီးပွားရေးလုပ်ငန်းများကို လည်း ယခင်ကထက်ပိုမိုလုပ်ကိုင်ဆောင်ရွက်စေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်း တာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းရန်ပုံငွေကျပ် ၆၂ ဒသမ ၆၅ သန်းကို ဝွေးပင်ရိုးကျေးရွာ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင် ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဝွေးပင်ရိုးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၁ ဦးကို ငွေကျပ် ၃၀ ဒသမ ၉ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၉၇ ဦးကို ငွေကျပ် ၂၆ ဒသမ ၆၅ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၅ ဦးကို ငွေကျပ် ၅ ဒသမ ၁ သန်း၊ စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၉၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၆၂ ဒသမ ၆၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကိုညို**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့ ကြင်ကြင်သိန်းပဲစက်နှင့် ပဲမျိုးစုံရောင်းဝယ်ရေးမိသားစုက ဦးချွန် ခေါ် ဦးညွန့်ဝေအား ရည်စူး၍ ဆေးပဒေသာပင်အလှူငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးစိုးလွင်နှင့် တာဝန်ရှိသူများက လက်ခံရယူစဉ်။

# မြင်းမူမြို့နယ်တွင် မိုးစပါး ဧက ၁၁၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၈၆ တင်းကျော် ထွက်ရှိ



**စစ်ကိုင်း ဇန်နဝါရီ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မိုးစပါးဧက ၁၁၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၈၆ တင်းကျော် ထွက်ရှိကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြင်းမူမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၃၆၇၂ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော စပါးစိုက်ခင်းများကို ၂၀၂၄ ခုနှစ် အောက်တိုဘာလမှစတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၁၁၁၁၂ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၈၆ ဒသမ ၆၈ တင်း ထွက်ရှိကြောင်း သိရသည်။

"မိုးသီးနှံစိုက်ပျိုးရာသီ မြင်းမူမြို့နယ်မှာ စပါးဧက ၁၃၀၀၀ ကျော်ထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ စပါးစိုက်ခင်းတွေ လက်ရှိအချိန်မှာ ရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ဧက ၁၁၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်" ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးစိုက်ပျိုးရာမှာ အခက်အခဲမရှိ စနစ်တကျ စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စပါးသီးနှံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်သဖြင့် စိုက်ပျိုးသီးနှံများ အထွက်နှုန်းတိုးတက်စေရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောပြ၍ သိရသည်။ **(၂၀၆)**

# မိုင်းရှူးမြို့နယ် ကောင်းအိုက်ကျေးရွာ၌ သဲဖြူန်းလမ်းခင်းခြင်းလုပ်ငန်း ပြီးစီးမှုစစ်ဆေး

**မိုင်းရှူး ဇန်နဝါရီ ၁၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးခရိုင် မိုင်းရှူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မိုင်းအော့ကျေးရွာအုပ်စု ကောင်းအိုက်ကျေးရွာ၌ ကျေးရွာတွင်းလမ်း သဲဖြူန်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဇန်နဝါရီ ၁၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ အဆိုပါကျေးရွာ၌ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းရှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဦးနှင့် တာဝန်ရှိသူများက ကောင်းအိုက်ကျေးရွာ၌ ကျေးရွာတွင်း သဲဖြူန်းလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုကြည့်ရှုစစ်ဆေးခဲ့ပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန်ဆွေးနွေးမှာကြားခဲ့သည်။

ကောင်းအိုက်ကျေးရွာ၌ အရှည်ပေ ၂၉၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း သဲဖြူန်းလမ်းခင်းခြင်း လုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀ ဖြင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ဒုတိယပတ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မိုင်းရှူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **ချိုသန်းညွန့်**

# ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့တင်ပို့သော အုန်းသီးများ အရောင်းအဝယ်ကောင်းမွန်နေ

**ပန်းတနော် ဇန်နဝါရီ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့သော အုန်းသီးများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ပန်းတနော်မြို့နယ် အုန်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်အေးက ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ ခုနှစ် နိုဝင်ဘာလအတွင်းက အုန်းသီးအလုံးရေ ၄၅၀၀၀၀ ထိသာတင်ပို့ရောင်းချနိုင်ခဲ့ပြီး ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၃၁ ရက်ထိ အုန်းသီးအလုံးရေ ၅၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါတင်ပို့ရောင်းချခဲ့သည့် အုန်းသီးအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၈၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ပန်းတနော်မြို့နယ်ကနေ လယ်ယာထွက်ကုန်တွေကော၊ ခြံထွက်သီးနှံတွေပါ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ ဒီဇင်ဘာလအတွင်း အုန်းသီးအလုံးရေ ၅၅၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်ကနေ လက်ရှိ ဒေသထွက်ကုန် အုန်းသီးတွေ ဝယ်လိုအား ကောင်းနေပါတယ်။ ပြည်တွင်းမှာကို အုန်းသီးတွေ အရောင်းအဝယ် ကောင်းနေပါတယ်"ဟု ပန်းတနော်မြို့နယ် အုန်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်အေးက ပြောပြ၍ သိရသည်။

ပန်းတနော်မြို့နယ်မှ ထွက်ရှိသည့် အုန်းသီးများကို အုန်းသီးအခြောက်၊ အုန်းသီးအစိမ်း၊ အုန်းသီးအနု စသည့် စနစ်သုံးမျိုးဖြင့် လုပ်ဆောင်ပြီး ကုန်တင်ယာဉ်များဖြင့် ရန်ကုန်ဈေးကွက်သို့တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

အဆိုပါ ပန်းတနော်မြို့နယ်မှ ထွက်ရှိသည့် ဒေသထွက် အုန်းသီးများ အရောင်းအဝယ်ကောင်းလာခြင်းကြောင့် အုန်းစိုက်ပျိုးတောင်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ပွဲရုံလုပ်ငန်းရှင်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အဆင်ပြေလျက်ရှိကြောင်း ပန်းတနော်မြို့နယ် အုန်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်အေးထံမှ သိရသည်။

**ကျော်ကျော်လင်း**



# မိုးမှာကြယ်စင် ဂန္ထဝင်မျိုးဆက် သံမဏိငှက်များ

မောင်လတ်(ကမ်းရိုးတန်း)

ငှက်တို့၏ခြေရာကို ကောင်းကင်ဖျားတွင် ရှာမတွေ့နိုင်ပါ။

သို့သော် အမြင့်ရှိသည်။ အကြားသိသည်။ လှုပ်ရှားမှုနှင့် စွမ်းရည်ပိုင်းကိုတော့ လက်ခံရမည်။ အသိအမှတ်ပြုကို ပြုရပေလိမ့်မည်။ ရိုးရိုးငှက်များမဟုတ်၊ သတ္တုရောစွက် သံမဏိငှက်များဆိုလျှင်တော့ ဆန်းသစ်သောစွမ်းအားနှင့် ကြီးမားသည့်ဂုဏ်ရည်... ဆင့်မီပြည့်စုံနေပေလိမ့်မည်။ စွမ်းရည်အရာ၌ကား အကြီးမားဆုံးဖြစ်သည့် "လေကြောင်းစွမ်းရည်"၏ အချွန်အဖျားပင်တည်း။

**အမြင်အကြား နှလုံးသားထဲမှာ**

မှတ်မှတ်သားသား စာချိုးလေးတစ်ခု တွေ့ရှိဖူးပါသည်။

"မိုးယံဖွင့်တက် လေယာဉ်ပျံ

ထီလာမြေကို အုန်းမြိမ့်ည

လေသူရဲတို့ အောင်မြေအမှန်"တဲ့။

မှန်ပါသည်။ မိတ္ထီလာဆိုတာ ဟိုယခင်က တပ်မြို့ဟုခေါ်တွင်သည့် အညာမြို့ကလေးလေ။ သာမန်အမြင်အရ ကြည့်လျှင်တော့ ရထားလမ်းကြုံ၊ ကားလမ်းဆုံမို့ ကူးသန်းသွားလာရေး လွယ်ကူမှုလောက်သာ အတွေ့အသိ ရှိနေပါလိမ့်မည်။ စင်စစ်အကူးအသန်းကောင်း၊ သင့်မျှရုံဖြင့် မထူးဆန်းလှပေ ဆိုနိုင်ပါ၏။ဆိုချင်၏။ စူးစမ်းကြည့်သောအခါ ရုပ်ဝတ္ထုအခွဲအခန့်နှင့် အဆွဲအဆန့်တွင် တွေ့ရှိလာသည်က ဆင့်ကာဆင့်ပွား မြင့်မြင့်မားမို့၊ အကြင်မြို့ကလေး၏ဥပမိသည် ရိုးရိုးအနေအထားမဟုတ်တော့ အမြင်၊ အကြား နှလုံးသားထဲမှာ စူးစူးနစ်နစ် ဆွဲဆောင်မှုရှိနေကြောင်း သိလာရပါသည်။

ထူးခြားချက်မှာ သမိုင်းနောက်ခံ အရှိတရား ကျယ်ပြောမှု၊ ပစ္စုပ္ပန်ကာလ ဒေသတွင်းရှိ စွမ်းအားရင်းမြစ်၊ အတွန်းအဖွင့် အားပြိုင်မှုတို့ကြောင့် သင်္ကေတပြုစရာဖြစ်လာသည်။ သည်တော့ သည်မြို့လေးကို လွှမ်းမိုးစေတန်ရာသော အရိပ်ဟုဆိုရမည့် 'လေယာဉ်ပျံ'ပြီးတော့ 'လေသူရဲ'တို့သည် ဤမြို့လေးအတွက် ဒွိယ၊ ဒွိယ အနေအထားပေ့ါ။ အတွဲအစပ်မှသည် 'အနွတ္တ'သညာ ပြုစရာဖြစ်လာပေလိမ့်မည်။ ပြုလည်းပြုလောက်ပါ၏။ မိတ္ထီလာနှင့် လေယာဉ်ပျံသည် နှစ်လွှာပေါင်းဖက် စွယ်တော်ရွက်ပမာဖြစ်ခဲ့ပြီမို့၊ ခေတ်ရေစီး အစုန်၊ အဆန်ဝယ် ပုံသဏ္ဌာန်မြင့်ကဲ အောင်လံလွှင့်ဆဲဟုပင်ပြောရပေလိမ့်မည်။

တကယ်လည်း လေယာဉ်၊ ရဟတ်ယာဉ်နှင့် နှစ်ကာလရှည်ကြာ တွဲယှဉ်နေခဲ့သည့် မြို့လေးဖြစ်၏။ လေကြောင်းရပ်ဝန်းလွင်ပြင်ကြီး တစ်ခုအနေအထား၏ သက်ရောက်မှုအသွင်သဏ္ဌာန်အရ၊ ခေတ်သိပ္ပံဆိုင်ရာ လေကြောင်းစက်မှုစနစ်၊ နည်းနာနိဿယနှင့် စစ်အင်္ဂါအခင်းအကျင်းစုဖွဲ့မှုများရှိသည်။ ၎င်းစွမ်းအားစုများ၏ စီးမျောမှုအဟုန်၊ အုံကျင်းဖွဲ့တည် ရှေ့လုပ်နေသည်များကို တွေ့ရပေလိမ့်မည်။ တီထွင်ဆန်းသစ်သည့် ရင်းမြစ်စွမ်းအားတို့ နှီးညှိပေါင်းစပ်၊ အတတ်အသိပညာ အညွှန့်အဖူး ထုံကူးသည့် အပေါင်းလက္ခဏာ ဝိသေသတို့ကိုလည်း မြင်တွေ့ရပေလိမ့်မည်။ ဤသည်မှာ တပ်မတော်(လေ)၏ "သန္ဓေအမှန်" အကြောင်းခြင်းရာတို့အပြင် အခြေခံကျသည့် နည်းဗျူဟာ... တံခွန်ထူ လွှင့်ရာ "လေကြောင်းပညာနက်သန်" အမှန်အကန်ဒေသဖြစ်နေခြင်းကြောင့်ပင်တည်း။

**လေကြောင်းလွင်ပြင် ဂန္ထဝင်အဖူးအဖွင့် ထူလွှင့်မျိုးဆက် သံမဏိငှက်များ**

ကြည့်လေ၊ မြင်ကွင်းအရပင် သိသာလှပါ၏။ လေကြောင်းအတတ်သင်လေတပ်စခန်းဌာနချုပ်၊ ရှမ်းတဲ...မိတ္ထီလာမြို့တဲ့...။ မြို့နှင့် အနီးကပ်ဆုံးတည်ရှိနေမှုနှင့် ရန်ကုန်၊ မန္တလေး ကားလမ်းဟောင်းဘေးတွင်ရှိနေပါသည်။

မြူနှင်း ဇာပုဝါပါးပါး အလွှမ်း၊ အဖြန့်ခင်းစပြုလေပြီ၊ မိုးကာလနှောင်းပြီပေ့ါ။ အသစ်ပြောင်းကူးသည့် ဆောင်းဝင်နှင့်ပြီဟု ဆိုရပေမည်။ အရုဏ်ဦး ဖူးပွင့်စ ကောင်းကင်မှာ ပြာလဲ့လဲ့လွှင့်မျောနေသည့် တိမ်မြူပါးပါးကြောင့်၊ အညာမြေ၏အပူသရုပ်ကို ပေါ်လွင်နေပြန်သည်။ လေအဝေ့ဝယ် တမာရနံ့သင်းမြမြ။

ဌာနချုပ်ဝင်းအတွင်း အခမ်းအနားအပြင်အဆင်တစ်ခုပြင်ဆင်ထားသည်ကို မြင်ရသည်။ လေယာဉ်ပြေးလမ်းနောက်ခံပြကာ လူပုံတော်ရုပ်တု၊ သိန်းငှက်နဖူးစီးပါမုခ်ဦး၊ ဌာနချုပ်၊ စခန်း၊ အုပ်၊ တပ် များဆိုင်ရာ အလံများက တလွင့်လွင့်၊ ပြီးတော့ ဖိတ်ကြားခံဂုဏ်သရေရှိဧည့်သည်တော်များ၏ မြင်ကွင်းတို့ကြောင့် ကျွန်တော်၏စိတ်ထဲတွင် ဇာတိသွေး ဇာတိမာန် တက်ကြွနိုးကြားလာခဲ့သည်အလား တွေးထင်မိပါသည်။ စင်စစ်လေယာဉ်မောင်းသင်တန်းအမှတ်စဉ်(၈၆) လေသူရဲတောင်ပံအပ်နှင်းပွဲပင်တည်း။

နှစ်စဉ် ဖွင့်လှစ်ဆောင်ရွက်မှုအစဉ်အလာနှင့် ဖြတ်သန်းကာလကြာခဲ့ပြီဖြစ်၏။ ဤသင်တန်းနှင့် ဤသင်တန်းကျောင်းသည် လွတ်လပ်ရေးရပြီး နှစ်နှစ်အကြာ၊ ၁၉၅၀ ပြည့်နှစ်၊ ဇွန် ၁၆ ရက်မှစတင်ကာ မှော်ဘီ၊ မိတ္ထီလာ၊ မြစ်ကြီးနား စသည်ဖြင့် အဆင့်ဆင့်ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပြီး၊ ယခု မိတ္ထီလာ၊ ရှမ်းတဲ၌ အခြေစိုက်ခဲ့သည်မှာပင် ကြာခဲ့လေပြီ။ လေယာဉ်မောင်းသင်တန်းကျောင်း၏ သက်တမ်းကာလကို ရေတွက်ကြည့်သော် စိန်ရတုနှစ်ကာလအပိုင်းအခြားထဲသို့ပင် ရောက်ရှိလာနေပြီဖြစ်၏။

ဤမျှသက်တမ်းရှည်ရပ်တည်ခဲ့သည်မှာ မော်ကွန်းထူလောက် ဂန္ထဝင်မြောက်ခဲ့ပြီဟု ဆိုရပေလိမ့်မည်။ ၎င်း **"ဂန္ထဝင်ပန်းခင်း"**ကျောင်းမြတ်အမွန်သည်... သမိုင်းတန်ဖိုးကြီးမြတ်လှပါ၏။ ဤသင်တန်း၊ ဤကျောင်းနှင့် ဤကျောင်းတည်ရာ တပ်စခန်း၊ ဤစခန်းတည်ရာမြို့ကလေး စသည်ဖြင့် သင့်ရာဆင့်တက်ပတ်သက်သမျှတို့သည် သက်ရောက်မှုအလိုက် ထွေးပိုက်ထားရှိနိုင်သည့်တန်ဖိုးက တနင့်တပိုးရှိလှပါ၏။ ကြည့်စမ်း... သမိုင်းဗေဒကို လွှမ်းမိုးချုပ်ကိုင်နိုင်စွမ်း



ရှိခြင်းတည်းဟူသော မျဉ်းဖြောင့်တစ်ကြောင်းပေါ်တွင် ခိုင်ခိုင်မာမာ ရပ်တည် နေသည့် ဤကျောင်းမြတ်၏ ဂုဏ်သိက္ခာသည် ကြီးမြတ်လှပါ၏။ ဆောင်ပုဒ်ကပင် **"အာကာသ ဝိဇ္ဇာ သိဒ္ဓိ"** တဲ့ မြေပြင်၊ ဝေဟင်အစရှိသည်ဖြင့် ကောင်းကင်နှင့်ပတ်သက်သမျှ ဆိုင်ရာဆိုင်ရာ ပညာရပ်တို့ကို တတ်မြောက်အောင်မြင်ခြင်းနှင့် စွမ်းဆောင်အားပိုင်ပိုင် ဆောင်ရွက်နိုင်စွမ်းရှိခြင်းတို့ကို ဖော်ညွှန်းခြင်းပင်မဟုတ်ပါလား။

အနှစ်သာရပိုင်းအနေဖြင့်ကြည့်လျှင် ဤကျောင်းမြတ်သည် ပျံသန်းရေးဆိုင်ရာ လေသူရဲများဖြစ်သည့် ဂန္ထဝင်မျိုးဆက်၊ သံမဏိငှက်များ နှစ်စဉ်မွေးထုတ်ပေးနေခြင်းပင်တည်း။ ပုံခိုင်းပမာ နှိုင်းစရာပြောရလျှင်၊ လေကြောင်းလွင်ပြင်မှ ထိုးထွက်လာသည့် ဂန္ထဝင်ပန်းခင်း၊ ဤပန်းခင်းသည်**"အမြဲတော"** ရတနာတို့၏ မွေးရပ်မြေ၊ သံမဏိငှက်များ၏ ဘုမိနက်သန် မွေးဇာတိ၊ ပညာဆင့်ကူးခြင်းဖြင့် တပ်မတော်(လေ)၏ဂုဏ်ဒြပ်အချွန်အဖျား မြင့်မားခြင်းတို့ ဖြစ်စေခဲ့သည်။ ဤသည်မှာ ပိုင်ဆိုင်ထားနှင့်ပြီးဖြစ်သည့် ကိုယ်ရေးသမိုင်းအရည်အသွေး မှန်ကန်သောသစ္စာတရားပင်ဖြစ်၏။

**"သစ္စာဟူငြား မှန်တရားလည်း၊ တိမ်းပါးမရှိ မြဲစေဘိလော့၊ တောင်ရှိမပြို မယိမ်းယိုနှင့်"** မန်လည်ဆရာတော်ကြီး၏ **'မဃဒေဝ'** လင်္ကာအဆိုရှိနှင့်ပါသည်။ သစ္စာနှင့်ပတ်သက်၍ **"သစ္စာနှုတ်သီး၊ မန္တန်ကြီးက သေပြီးသော်မှ ရှင်သန်ရ၏"** ထိုထိုသော အဆိုအမိန့်စံပြုစရာများတွင် သစ္စာတရားကြီးမားသော ပြယုဂ်အင်အား၊ စွမ်းရည်တို့သည် ယနေ့တပ်မတော်(လေ) စစ်လမ်းရှည်လေသမျှ အားမောင်းယှဉ်ပြိုင် ပိုင်ဆိုင်ဖြစ်ထွန်းခဲ့ပြီဟု ဆိုလောက်ပါ၏။ ကြည့်လေ အရှေ့အာရှစစ်နယ်တစ်ခွင်ဝယ် **"ကျားတစ်ကောင်နယ်"** ရပ်တည်နိုင်ခဲ့သလို၊ မြန်မာ့ကာကွယ်ရေးတာဝန်မှာလည်း **"မာနတောင်သဖွယ်"**...တည်ဆောက်မြင့်မိခဲ့လေပြီ။

**မိုးပြာပိုင်နယ် ကာကွယ်မိဌာန် ရွှေတောင်ပံများ တံခွန်လွှားပြီ**

ရွှေတောင်ပံဆိုသည်မှာ မူဝါဒသတ်မှတ်ချက် ဂုဏ်ထူးဆောင်တံဆိပ်ကလေးပါ။ ပိုင်နက်ဝေဟင် စိုးမိုးခွင့်အမှတ်အသား၊ သို့သော် ဥပမိအနေဖြင့် မသေးလှပေဟုထင်၏။ တံဆိပ်ဟူသောဝေါဟာရထက်ပင် တန်ဖိုးအနေနှင့် ကြီးမြင့်မည်ဟု ကျွန်တော်ထင်ပါသည်။ ဆိုလိုသည်မှာ "တန်ဖိုးဟူသည် အလုပ်ကဖန်တီး၏"တဲ့။ ဒဿနဆန်သော ပညာရှိစကားနှင့် ချိန်ထိုးမိသည်။ ကြည့်လေ၊ အနှစ်သာရပိုင်းအရ သင်ကြားတတ်မြောက်ကျွမ်းကျင်ရန်ပင် အသက်နှင့်ထပ်တူနှံ့စားရခြင်း၊ မြန်မာ့ဝေဟင်ကို စိုးမိုးပိုင်နိုင်စွမ်းရှိခြင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ကိုယ်တိုင် တပ်ဆင်ချီးမြှင့်၊ အပ်နှင်းခြင်း ... စသည့်စသည့်ဂုဏ်ဒြပ်များဖြင့် ပုံအပ်နိုင်စွမ်းရှိခြင်းကပင်လျှင် သူရဲကောင်းတို့၏ အသွေးအသားကိန်းဝပ်မှုဖြင့် ထုဆစ်ပုံဖော်မှု ဖြစ်ကောင်းဖြစ်ပါလိမ့်မည်။ တကယ်တော့ ကောင်းကင်ပြာသည်သာလျှင် **"လေသူရဲကောင်း"**တို့၏ မှတ်ကျောက်ပင်။

အရွယ်အစားမှာ ကိုးစင်တီမီတာခန့်၊ အနက်ရောင်နောက်ခံတွင် ပိုးသားရွှေချည်ထိုး ဝင်းလက်တောင်ပံတစ်စုံဖြစ်ပြီး၊ တောင်ပံဆက်စက်ဝန်းတွင်း 'လေ'ဆိုသည့်ရွှေစာလုံးအထက်တွင် ရွှေကြယ်တစ်ပွင့် ချိတ်ဆက်ထားပါသည်။ ၎င်းတံဆိပ်လေးကို ဘယ်ဘက်ရင်အုံ၌ တပ်ဆင်ခွင့်ပြုခြင်းမှာလည်း ထူးခြားမှုပင်။ ဆိုလိုသည်မှာ နှလုံးသားပေါ်ခတ်နှိပ်ပေးလိုက်သည့် စွမ်းဆောင်မှုအမှတ်အသား၊ ထိုမှတစ်ဆင့် စိမ့်ထွက်လာသည့် နှလုံးသားသံစဉ်လေးမှာ 'ဆရာ'တဲ့၊ သမုဒယနွယ်သော်လည်း ဂါရဝနိမ့်မြင့်မှန်၏။ လေသူရဲအရာရှိများလောကတွင် ထာဝရခိုင်စွဲနေမည့် ချစ်ကြည်မှုရပ်ဝန်းလေးပင် ဖြစ်စေသည်မဟုတ်လား။

အတွေးများပျံ့ဝဲလှည့်နေသောကျွန်တော် ရုတ်တရက် မွှေးမြသည့် ရနံ့များခံစားလာရမှုကြောင့် အသိမှာစိမ်းစိုလာပြန်ပါသည်။ "တမာ"ရနံ့အပြင် ပန်းပေါင်းစုံထုံဝတ်လွှာ ဖြန့်ခင်းစီးဆင်းလာမှုဖြစ်၏။ ဤအရုဏ်ဦးကိုကြိုဆိုနေသည့် ပန်းကလေးများပေ့ါ။ အမှတ်စဉ် (၈၆) လေသူရဲတောင်ပံအပ်နှင်းပွဲလေ။ ကောင်းကင်ပြာဝယ် အဆုပ်လိုက်အဆုပ်လိုက် လွင့်မျောနေသည့် တိမ်မြူလေးများ၊ ကျေးလက်နောက်ခံ လေယာဉ်ပြေးလမ်းသည်ပင် ကျောင်းဆင်းစစ်ရေးပြအသွင်ဆောင်နေပြီ။ အင်္ဂါစဉ်အရ အလံကိုင်အဖွဲ့၊ ကျောင်းဆင်းလေသူရဲမောင်မယ်တပ်ဖွဲ့၊ ဂုဏ်ပြုတပ်ခွဲနှင့် စစ်တီးဝိုင်းတပ်ဖွဲ့တို့၏လှုပ်ရှားမှုမှာ အားမာန်အပြည့် စစ်ချီတေးနှင့် အသံတီးလုံးတို့မှာ လူ့နှလုံးသားကို စိုးမိုးဆွဲဆောင်နိုင်စွမ်းရှိပေစွ။ လေးနက်သောခံစားမှု၊ သွေးသားတက်ကြွမှုတို့ကြောင့် လက်ရုံးကြောဆိုင် မာတင်းခိုင်ခဲ့လေပြီ။

ကျွန်တော်အလေးပြု ဂုဏ်ယူမိပါသည်။ 'အတ္တ' နွယ်သည့် လက်မထောင်ဂုဏ်ယူနေခြင်းမျိုး မဟုတ်ပါ။ စာမျက်နှာ ၅ သို့ ➤

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

➤ စာမျက်နှာ ၄ မှအဆက်

**"လက်ညှိုးထောင်မြှင့်၊ ဂုဏ်ယူဝင့်သည့် ရဲရင့်ခြင်း"**ဆိုသည်မျိုးဖြစ်၏။ တကယ်လည်း လက်ညှိုး၏အမှတ်သညာမှာ ညွှန်ပြခြင်းလက္ခဏာသဘောဆောင်သည်ဟု သာမန်အနေဖြင့်ထင်စရာ သို့ရာတွင် အများထဲမှ တော်သူကိုရွေးထုတ်သည့်အခါ လက်ညှိုးထောင်ခြင်းသင်္ကေတဖြင့် ထွက်လာရသည်။ ဤအချက်ကို ကျွန်တော်လေးစားသည်၊ ဂုဏ်ယူသည်၊ ထူးချွန်ကြသည်ကိုး။ ယခုလည်း ထို့အတူပင် စစ်သားဘဝရခဲ့လှ၏။ ထိုစစ်သားဘဝတွင် 'လေသူရဲစစ်သား' ဘဝကား ပို၍မလွယ်ကူပါ။ သူတို့တာဝန်ကမသေးလှ။ မိုးကောင်းကင်ကို သက်သေပြုကာ စွန့်လွှတ်စွန့်စားဆောင်ရွက်ရခြင်းမျိုးပင်၊ တိုင်းပြည်အပေါ်ထားရှိသည့် သူတို့၏ဇာတိမာန်စိတ်သည် လေးစားစရာကောင်းလေစွ။

**သမိုင်းရေစီး...သူရဲကောင်းဝိညာဉ်၊ နိုင်ငံရေးယဉ်ကျေးမှုနှင့်နည်းပညာအတွန်းအဖွင့်**

သိပ္ပံနှင့်နည်းပညာနယ်ပယ် ဖြန့်ကြက်၊ ဆန့်ထွက်မှုကျယ်ပြောလာသည်နှင့်အမျှ သဘာဝကို ပြောင်းလေစေတန်ရာသော အကြောင်းခြင်းအရာများ၊ စူးစမ်းရှာဖွေမှု ဆင့်ကာ၊ ဆင့်ပွား၊ မြင့်ကာ၊ မြင့်မားလာစေသည်။ ထိုအခါ လေကြောင်းပညာရပ်သည် ခွန်အားကြီးတစ်ခုဖြစ်ကြောင်း နိုင်ငံတကာမှ အသိအမှတ်ပြုလာကြပြီဖြစ်၏။ နည်းပညာပိုင်း အတွန်း၊ အဖွင့်၊ အရွေ့မှာလည်း ပဋ္ဌလက်ဆန်လွန်းလှပါ၏။ သဘာဝရင်းမြစ်ဗဟိုပြုမိုးကောင်းကင်ကို အနိုင်ယူအောင်လံထူရန်အထိပင် ဖြစ်လာနေသည်။ လေကြောင်းစွမ်းရည်သည် သိပ္ပံနှင့်နည်းပညာရပ်တို့တွင် အခြေခံသည်ဖြစ်ရာ စက်မှုကွန်ရက်အခင်းအဖြန့်ဖြစ်သည့် တည်ဆောက်၊ ဖန်တီး၊ တီထွင်၊ ဆန်းသစ်၊ ပြင်ဆင် စသည့်အပိုင်းကို ကြိုးပမ်းဆောင်ရွက်ရသကဲ့သို့ ပျံသန်းမှုအတတ်ပညာပိုင်းအတွက်လည်း ထူးချွန်ထက်မြက်သည့်လေသူရဲကောင်းများ အဆက်မပြတ် မွေးထုတ်ရေးကိုလည်း ဦးစားပေးဆောင်ရွက်ရပါသည်။ စင်စစ် ၎င်းအသိပညာနှင့် အတတ်ပညာပိုင်းတို့သည် လေကြောင်းကဏ္ဍတွင် ဆက်ထုံး၊ ဆက်ကြောင်းကောင်းများပင်ဖြစ်သည်။

သမိုင်းသည် မေ့ပျောက်၍မရသလို ကျန်ခဲ့၊ ချန်ခဲ့၍လည်းမရပေ။ မိမိလုပ်ဆောင်မှုနှင့်ယှဉ်တွဲကာ အတိတ်ကာလအဖြစ်၊ အရိပ်ပမာနောက်ကလိုက်နေမြဲ၊ သမိုင်းရေစီးကားပုံမှန်မရှိ၊ အလှုပ်အခတ် ရုပ်ဒြပ်ထည်လှ၏။ ရေစုန်တွင်ကြမ်းပေမင့် ရေဆန်တွင် ပန်းသည်လည်းရှိသည်။ ရေစုန်တွင်ချောပေမယ့် ရေဆန်မှာ မောတာတွေလည်းရှိတတ်ပါ၏။ ရှိပါ၏။ တပ်မတော်(လေ)သည် စစ်ခရီးကြမ်းကို ဖြတ်သန်းခဲ့သည့်ကာလ (၇၇) နှစ်တာအတွင်း စစ်လက်ရုံး၊ စစ်အားမောင်းတို့ကို ဖြည့်တင်းနိုင်ခဲ့လေပြီ။ အသိပညာနှင့်အတတ်ပညာတို့ မျှညီပေါင်းဖက်၊ ဆက်ချီတက်ရင်း နိုင်ငံတကာနှင့် ယှဉ်တွဲနိုင်ခဲ့ပြီဖြစ်၏။ အထူးသဖြင့် လေသူရဲများ နှစ်စဉ်မွေးထုတ်ပေးနိုင်ခြင်းဖြင့် အကျိုးတရားများလှပေလိမ့်မည်။

တပ်မတော်(လေ)သမိုင်းတွင် စွမ်းရည်ဘွဲ့၊ တံဆိပ်၊ ဂုဏ်ထူးဆောင်လက်မှတ်ချီးမြှင့်ခံခဲ့ရသည့် လေသူရဲဇာနည်များရှိခဲ့ပါသည်။ နိုင်ငံ့အတွက် အသက်ပေးဆောင်ရွက်ခဲ့သည့် သူတို့၏ သွေးနှင့်ရေးခဲ့သည့် ရုပ်ပုံလွှာများသည်ပင်လျှင် လေတပ်သားတိုင်းရင်ထဲတွင် ဘယ်တော့မှမမေ့၊ အစဉ်ကိန်းဝပ်နေမြဲ။ တိုင်းပြည်နှင့်လူမျိုးအပေါ် ချစ်သည့်တစ်ခုတည်းသော စိတ်ဓာတ်သည်ပင်လျှင် တုနှိုင်းဖွယ်ရာမရှိနိုင်သည့် ဂုဏ်ဒြပ်ဖြစ်ခဲ့ပြီ မဟုတ်ပါလား။

ဤနေရာတွင် “တိုက်လေသူရဲ” အမည်ခံ ‘သံမဏိငှက်များ’ကို သင်ကြားမွေးထုတ်ပေးခဲ့သည့်ဆရာများ၏အပိုင်းကိုလည်း ချန်ထားခဲ့၍မရပေ။ ဆရာသည် တပည့်ဖြစ်သူအတွက် စံပြ၊ ရှိသေဆည်းကပ်ခံရသူဖြစ်၏။ အတတ်လည်းသင် ပဲ့ပြင်ဆုံးမ သိပ္ပမချန် တဲ့။ ဤဆရာများမှာ အတတ်သင်ရာတွင် အသက်ပါရင်းရသည့် ဖြစ်စဉ်များရှိနှင့်ခဲ့ဖူးပါသည်။ ဆရာ့ဂုဏ်ရည်တွင် ပီတိကိုစား အားရှိတဲ့...။ ငှါပုခုံးထက်.. မင်းတို့တက်ကြ၊ မင်းတို့ငှါ့ထက်မြင့်ရမည်တဲ့။ ဤသည်မှာ ဘယ်တော့မှ မရိုးနိုင်သည့် ဆရာများ၏ ခံယူချက်ပင်တည်း။ လေးစားစိတ်နှင့်အတူ အကြိမ်ကြိမ်ဂါရဝပြု ဦးညွှတ်မိပါသည်။

ယနေ့ကမ္ဘာ့နိုင်ငံအသီးသီးတွင် ငြိမ်းချမ်းရေးပျောက်ဆုံးသကဲ့သို့ ဖြစ်နေခဲ့လေပြီ။ ငြိမ်းချမ်းရေးပျောက်ဆုံးခြင်းမှာ ယဉ်ကျေးမှုကွယ်ပျောက်ခြင်းပင်။ "နိုင်ငံရေးယဉ်ကျေးမှု" တကယ်လိုအပ်နေပြီဖြစ်၏။ ခေတ်သစ်သိပ္ပံနည်းနာနိဿယကို အခြေခံကာ ပဋ္ဌလက်ဆန်သော အတွန်း၊ အဖွင့်များဖြင့် စိန်ခေါ်မှုများ ကြီးမားလာနေပါ၏။ တကယ်တော့ ယဉ်ကျေးမှုသည် တင်းမာမှုကို ဖြေလျှော့ပျော့ပြောင်းစေသည့် သက်ရောက်မှုအနက်အဓိပ္ပာယ်ပါဝင်နေပါသည်။ နိုင်ငံရေးတွင် ယဉ်ကျေးမှုသဘောတရား ပါဝင်လာပြီဆိုသောအခါ...ပထမဆုံး ကွယ်ပျောက်ရမည်မှာ စစ်မီးတောက်မီးလျှံများ ဖြစ်ပေလိမ့်မည်ဟု ကျွန်တော်ယုံကြည်နေပါသည်။

သို့ရာတွင် တွယ်ဖက်ထား၍မရသည့် ခေတ်သမိုင်းရေစီးဝယ် တပ်မတော်(လေ)အနေဖြင့် မိမိနိုင်ငံ...မိမိပိုင်နက်အတွင်း စစ်လက်ရုံး လေကြောင်းစွမ်းရည်မြင့်မီးရေး တစိုက်မတ်မတ်ဆောင်ရွက်လာရမည်မှာ **‘သမိုင်းပေးတာဝန်’** ဟုပင် ပြောရပေလိမ့်မည်။ ပညာခေတ်၏ စိန်ခေါ်မှုများကို အဆက်မပြတ်ရင်ဆိုင်ရင်း တပ်မတော်(လေ)သည် တောင်ပံဝင့်မြဲ... အောင်လံလွှင့်ဆဲဟု ယုံယုံရဲရဲပြောခွင့်သာခဲ့လေပြီ။

**အနာဂတ်လမ်း... ပန်းများပွင့်နေပြီ**

လေယာဉ်မောင်းသင်တန်းအမှတ်စဉ်(၈၆)ယနေ့ကျောင်းဆင်းသွားခဲ့လေပြီ။ မြန်မာ့ဝေဟင်ပိုင်နက် ကာကွယ်မည့်တာဝန်ကို ထမ်းပိုးရင်း မျိုးဆက်တစ်ဆက်နှင့်တစ်ဆက် လက်ဆင့်ကမ်းအမွေရယူနိုင်ခဲ့ပြီဖြစ်၏။ သူတို့လည်း ကျေကျေနပ်နပ် ဝမ်းမြောက်ကြည်နူးကြသလိုတွေ့မြင်သူ ကျွန်တော်အပါအဝင် ပရိသတ်ကလည်း ကျေနပ်၊ ဝမ်းမြောက် ဂုဏ်ယူနေမိပါသည်။

သူတို့၏အနာဂတ်လမ်းသည် ဖြောင့်ဖြောင့်ဖြူးဖြူး၊ နိုင်ငံတော်၏ အစီအမံကလည်း ထက်ကြပ်မကွာ ပံ့ပံ့ပိုးပိုး။ မျှော်ကြည့်လျှင် မြင်နိုင်သည်က ရနံ့သင်းထုံ ဖူးပွင့်စုံနှင့် လှပသောပန်းကလေးများ ပွင့်နေပြီ၊ နိုင်ငံတော်၏ ရွှေရောင်နေ့ရက်များကိုဖော်ဆောင်မည့် လူချွန်၊ လူမွန် မောင်မယ်လေးများပင်တည်း။

သူတို့သည် ကျယ်ပြောလှသည့် အနာဂတ်ကို ပိုင်ဆိုင်ခြင်းနှင့်အတူ သံမှိုနှက်...နှလုံးသားတွင် ခံယူချက်အပြည့်၊ အပြည့်နှင့်။ ကောင်းကင်မှာ ကြယ်စင်တန်း၊ မြေပြင်မှာတော့ ရောင်စုံပန်း။ သြော် ကိုယ်ပိုင်စွမ်းရည်လေးများဖြင့် သူတို့သည် လောကကို အလှဆင်နိုင်ကြပါလိမ့်မည်ဟု ကျွန်တော်ယုံကြည်နေမိပါသည်။

## လေယာဉ်မောင်းသင် တတ်ကျွမ်းကျင် စွမ်းအင်လည်းမြင့် ပြည့်ဂုဏ်တင့်

– မြေပြင်ကျောင်းတွင် စာကိုသင်လျက်
အင်ဂျင်စက်မှု အတတ်စုသို့
တစ်ခုမကျန် တတ်မြောက်ရန်ရည်
ခန္ဓာကိုယ်တွင်း ကျန်းမာခြင်းတွက်
သန့်ရှင်းလတ်ဆတ် ဟာရဓာတ်သို့
မပြတ်ကျွေးမွေး ဆောင်ရွက်ပေးပြီး
နွေးထွေးပျူငှာ စိတ်ချမ်းသာ၍
ကျန်းမာကြံ့ခိုင် သန်စွမ်းပိုင်ရေး
ပွဲကိုင်ညွှန်ပြ လေ့ကျင့်ကြ၍
ကာယစွမ်းဖွံ့ ကျင့်တော့သည်။

– လေယာဉ်မောင်းသင် တတ်ကျွမ်းကျင်ရေး
မြဲစဉ်ဖေးမ သင်ကြားပြလျက်
စွမ်းစပိုင်ပိုင် ပျံသန်းနိုင်ရေး
လက်ကိုင်ဆွဲမ ခြေခံကျစေ
ပြည့်ဝရည်သွေး ဖြည့်လောင်းပေးပြီး
အဝေးအနီး ပျံသန်းနည်းတို့
စည်းကမ်းစည်းမျဉ်း လိုက်နာခြင်းဖြင့်
တက်ဆင်းချိန်ခါ အောင်မြင်ရာတွက်
ပညာဝေငှ နည်းလမ်းပြ၍
စာသစွမ်းမြှင့် တင့်တော့သည်။

– ဝေဟင်ကောင်းကင် ပျံသန်းစဉ်ဝယ်
ဝန်းကျင်ထက်အောက် မိုးတိမ်ဖောက်ပြီး
မကြောက်မရွံ့ လက်မတွန့်ပဲ
စွန့်လွှတ်စွန့်စား မောင်းနှင်သွားလည်း
နိုးကြားသတိ စဉ်မြဲရှိလျက်
တတ်သိပညာ ချင့်တွက်ကာဖြင့်
ဝေဆာပြည့်ဖြိုး ပြည့်အကျိုးကို
သယ်ပိုးရွက်ဆောင် လေသူရဲမောင်တို့
ဦးဆောင်လမ်းပြ နည်းလမ်းကျ၍
ဉာဏလျှမ်းတင့် ဝင့်ပေါ့အတည်။ ။

**ရွှေညာမြေမြတ်သင်းကြိုင်**

# နိုင်ငံတကာ သတင်းများ

## ရုရှားနှင့် ယူကရိန်း အကျဉ်းသားချင်းအပြန်အလှန်လဲလှယ်
## ရုရှားအကျဉ်းသား ၂၅ ဦးနှင့် ယူကရိန်းအကျဉ်းသား ၂၅ ဦးတို့ ပြန်လည်လွတ်မြောက်

**မော်စကို ဇန်နဝါရီ ၁၆**

ရုရှားနိုင်ငံနှင့် ယူကရိန်းနိုင်ငံတို့သည်ဇန်နဝါရီ ၁၅ ရက်တွင် အကျဉ်းသားချင်း အပြန်အလှန်လဲလှယ်မှု တစ်ရပ်ပြုလုပ်ခဲ့ကြသည်။

အဆိုပါ အကျဉ်းသားချင်း အပြန်အလှန်လဲလှယ်မှုအစီအစဉ်အရ ရုရှားအကျဉ်းသား ၂၅ ဦးနှင့် ယူကရိန်းအကျဉ်းသား ၂၅ ဦးတို့ ပြန်လည်လွတ်မြောက်ခဲ့ကြောင်း ယူကရိန်းတာဝန်ရှိသူများက ပြောကြားခဲ့သည်။



အကျဉ်းသားချင်း လဲလှယ်မှု အစီအစဉ်အရ ပြန်လည်လွတ်မြောက်လာသည့် ရုရှားတပ်ဖွဲ့ဝင် ၂၅ ဦးတို့သည် လက်ရှိတွင် ဘီလာရုစ်နိုင်ငံ၌ ကျန်းမာရေး စစ်ဆေးမှုများ ခံယူနေကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ကြေညာထားသည်။


ဇန်နဝါရီ ၁၅ ရက် အကျဉ်းသားချင်းလဲလှယ်မှုကို အာရပ်စော်ဘွားများပြည်ထောင်စု(ယူအေအီး)နိုင်ငံ၏ ကြားဝင်ညှိနှိုင်းပေးမှုဖြင့် ရုရှားနှင့် ယူကရိန်းတို့က ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ရုရှားနှင့် ယူကရိန်းတို့သည် ယူကရိန်းစစ်ပွဲစတင်ခဲ့သည့် ၂၀၂၂ ခုနှစ်နောက်ပိုင်း အကျဉ်းသားချင်း လဲလှယ်မှုများကို အကြိမ်ကြိမ်ပြုလုပ်ခဲ့ပြီးဖြစ်သည်။

ဇန်နဝါရီ ၁၅ ရက် အကျဉ်းသားချင်းလဲလှယ်မှုသည် ယူကရိန်းနှင့် ရုရှားတို့ကြား အကြိမ် ၆၀ မြောက် အကျဉ်းသားချင်းလဲလှယ်မှုဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : KKO

## စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် တရုတ်နှင့် သီရိလင်္ကာတို့ သဘောတူ



**ကိုလံဘို ဇန်နဝါရီ ၁၆**

စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများနှင့် ရင်းနှီးမြှုပ်နှံမှုများမြှင့်တင်ရန် တရုတ်နှင့် သီရိလင်္ကာနိုင်ငံတို့က သဘောတူခဲ့ကြကြောင်း ဇန်နဝါရီ ၁၅ ရက်သတင်းများတွင် ရေးသားဖော်ပြထားသည်။

တရုတ်သမ္မတရှီကျင့်ဖျင်နှင့် သီရိလင်္ကာသမ္မတအစ်ဆာနာယာကေတို့ ပေကျင်းမြို့၌ တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတို့ မြှင့်တင်ရန် သဘောတူခဲ့ကြခြင်းဖြစ်သည်။

သမ္မတ အစ်ဆာနာယာကေ၏ တရုတ်နိုင်ငံ ခရီးစဉ်အတွင်း တရုတ်နှင့်သီရိလင်္ကာနိုင်ငံတို့ကြား ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက် ၁၅ ခုကို လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

သို့ရာတွင် အဆိုပါသဘောတူညီချက်များနှင့် ပတ်သက်၍ အသေးစိတ် အချက်အလက်များကို တရုတ်နှင့် သီရိလင်္ကာတာဝန်ရှိသူများက ထုတ်ဖော်ပြောကြားခြင်းမရှိခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် သီရိလင်္ကာနိုင်ငံ၏ အကြီးဆုံးမြီရှင်နိုင်ငံဖြစ်ပြီး အဓိကရင်းနှီးမြှုပ်နှံသူနိုင်ငံလည်းဖြစ်သည်။

သီရိလင်္ကာသမ္မတ အစ်ဆာနာယာကေသည် ပြီးခဲ့သည့်နှစ် စက်တင်ဘာလ သီရိလင်္ကာရွေးကောက်ပွဲ၌ အနိုင်ရခဲ့ပြီးနောက် သမ္မတရာထူးရရှိခဲ့သူဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## ပစိဖိတ်သမုဒ္ဒရာဒေသကျွန်း နိုင်ငံတစ်နိုင်ငံဖြစ်သည့် ဗင်နွာတူနိုင်ငံ၌ လွှတ်တော်ရွေးကောက်ပွဲများကျင်းပ




**ပို့ဗီလာ ဇန်နဝါရီ ၁၆**

ပစိဖိတ်သမုဒ္ဒရာဒေသကျွန်းနိုင်ငံတစ်နိုင်ငံဖြစ်သည့် ဗင်နွာတူကျွန်းစုနိုင်ငံ၌ ယနေ့တွင်လွှတ်တော်ရွေးကောက်ပွဲများ ကျင်းပခဲ့သည်။

အင်အားရစ်ချ်တာစကေး ၇ ဒသမ ၃ အဆင့်ရှိ အင်အားပြင်းမြေလျင်လှုပ်ခတ်မှုနှင့်ရင်ဆိုင်ခဲ့ရပြီး တစ်လအကြာတွင် ဗင်နွာတူ လွှတ်တော် ရွေးကောက်ပွဲများ ကျင်းပနေခြင်းဖြစ်သည်။

ဗင်နွာတူသမ္မတ ဖူရိဘာရာဗူသည် ပြီးခဲ့သည့်နှစ် နိုဝင်ဘာတွင် လွှတ်တော်ကို ဖျက်သိမ်းခဲ့ပြီး လွှတ်တော်ရွေးကောက်ပွဲများကို သတ်မှတ်ချိန်ထက်စော၍ ကျင်းပမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

သမ္မတနှင့် အစိုးရအဖွဲ့ကို လွှတ်တော်က အယုံအကြည်မရှိ အဆိုကို တင်သွင်းခဲ့ပြီးနောက် သမ္မတဖူရိဘာရာဗူက လွှတ်တော်ကို ဖျက်သိမ်းခဲ့ခြင်းဖြစ်သည်။

ဗင်နွာတူနိုင်ငံသည် နိုင်ငံရေးမတည်ငြိမ်မှုများကို ၁၈ လကြာမျှ ရင်ဆိုင်ခဲ့ရပြီး ယင်းကာလအတွင်း ဝန်ကြီးချုပ်သုံးဦးထိ ပြောင်းခဲ့ရသည်။

ဗင်နွာတူနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွှတ်တော်ကို ဖျက်သိမ်းခဲ့ပြီးပါက ရက်ပေါင်း ၆၀ အတွင်း လွှတ်တော်ရွေးကောက်ပွဲများကျင်းပရန် စီစဉ်ထားခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## အစ္စရေးနှင့် ဟားမတ်စ်တို့ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ရရှိ

**ဒိုဟာ ဇန်နဝါရီ ၁၆**

ဂါဇာစစ်ပွဲ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်တစ်ရပ်ကို အစ္စရေးနှင့် ဟားမတ်စ်တို့က ဇန်နဝါရီ၁၅ ရက်တွင် ရယူထားကြောင်း ကာတာဝန်ကြီးချုပ် ရှိတ်မိုဟာမက်ဘင်အက်ဘ်ဒူလ်ရာမန်အယ်လ်သာနီက ထုတ်ဖော်ပြောကြားခဲ့သည်။

ဂါဇာကမ်းမြောင်အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်သည် ဇန်နဝါရီ ၁၉ ရက်တွင် စတင်အာဏာ သက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအပစ်အခတ်ရပ်စဲရေးသဘောတူညီချက်တွင် ဂါဇာစစ်ပွဲကာလအတွင်းဟားမတ်စ်အုပ်စုက ဓားစာခံအဖြစ် ဖမ်းဆီးထားသူများ ပြန်လည်လွတ်မြောက်ရေးလည်း ပါဝင်ကြောင်း ကာတာဝန်ကြီးချုပ်က ပြောကြားထားသည်။

အဆိုပါ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို ကာတာ၊ အမေရိကန်နိုင်ငံနှင့် အီဂျစ်နိုင်ငံတို့၏ ကြားဝင်ညှိနှိုင်းမှုဖြင့် ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ သဘောတူညီချက်တွင် ရက်သတ္တခြောက်ပတ်ကြာ ပဏာမ အပစ်အခတ်ရပ်စဲရေး ကာလကို သတ်မှတ်ပေးထားပြီး ယင်းကာလအတွင်း အစ္စရေးနိုင်ငံက ဂါဇာကမ်းမြောင်မှတပ်များကို တစ်ဆင့်ချင်း ပြန်လည်ရုပ်သိမ်းပေးမည်ဖြစ်သည်။

အပြန်အလှန်အနေဖြင့် ယင်းကာလ အပိုင်းအခြားအတွင်း ဟားမတ်စ်အုပ်စုက ၎င်းတို့ ဖမ်းဆီးထားသော ဓားစာခံများကို ပြန်လွှတ်ပေးရမည်ဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : KKO

## ပင်လယ်ရေပြင်အတွင်း ခြောက်ရက်ကြာ မျောပါနေသော ရေယာဉ်တစ်စီးပေါ်မှ လူပေါင်း ၁၂၁ ဦးကို ဖိလစ်ပိုင်ရေတပ် ကယ်တင်

**မနီလာ ဇန်နဝါရီ ၁၆**

ပင်လယ်ရေပြင်အတွင်း ခြောက်ရက်ကြာမျောပါနေသော ရေယာဉ်တစ်စီးပေါ်မှ လူပေါင်း ၁၂၁ ဦးတို့ကို ဖိလစ်ပိုင်ရေတပ်က ကယ်တင်နိုင်ခဲ့ကြောင်း ဖိလစ်ပိုင်တာဝန်ရှိသူများက ဇန်နဝါရီ ၁၅ ရက်တွင် ပြောကြားခဲ့သည်။

ဂျေဆာယန်း-၁ အမည်ရှိ အဆိုပါရေယာဉ်သည် ဇန်နဝါရီ ၈ ရက်တွင် ဆူးလူးပင်လယ်ဒေသကို ဖြတ်သန်းစဉ် ရာသီဥတုဆိုးရွားမှုကြောင့် သင်္ဘောအင်ဂျင်များနှင့် ဆက်သွယ်ရေးစနစ်များ ပျက်စီးခဲ့ပြီး ပင်လယ်ရေပြင်အတွင်း မျောပါနေခဲ့ရခြင်း ဖြစ်ကြောင်း သိရသည်။

ဂျေဆာယန်း-၁ သင်္ဘောကို ဖိလစ်ပိုင်ရေတပ် စစ်သင်္ဘောတစ်စီးက ဇန်နဝါရီ ၁၄ ရက်တွင် တာဝီ-တာဝီအမည်ရှိ ကျွန်းစုအနီး၌ တွေ့ရှိခဲ့ရခြင်းဖြစ်သည်။

ဂျေဆာယန်း-၁ သင်္ဘောပေါ်တွင် ခရီးသည် ၁၀၆ ဦးနှင့်ရေယာဉ်ဝန်ထမ်း ၁၅ ဦးတို့ လိုက်ပါလာကြောင်း သိရသည်။

လိုက်ပါလာသူများအနေဖြင့် အစားအစာ ပြဿနာကြောင့် စိတ်ဓာတ်ကျနေကြဖွယ် ရှိသော်လည်း ရုပ်ပိုင်းဆိုင်ရာကျန်းမာရေးအခြေအနေများမှာ ကောင်းမွန်ကြောင်း ဖိလစ်ပိုင်ရေတပ်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ယင်းသင်္ဘောသည် ပန်ဂူတာရန်အမည်ရှိ ကျွန်းငယ်တစ်ခုနှင့် ကီလိုမီတာ ၁၀၀ခန့်အကွာရေပြင်အတွင်း ခြောက်ရက်ကြာမျောပါနေကြခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# SCIENCE AND TECHNOLOGY

## တရုတ်သိပ္ပံပညာရှင်များက အာကာသဟင်းလင်းပြင်အတွင်း နေစွမ်းအင်ပြားကြီးတစ်ခုနေရာချ၍ လျှပ်စစ်ဓာတ်အားထုတ်ယူရန် ရည်ရွယ်ထား



**ပေကျင်း ဇန်နဝါရီ ၁၆**

တရုတ် သိပ္ပံပညာရှင်များသည် အာကာသဟင်းလင်းပြင်အတွင်း အရွယ်အစား အလွန်ကြီးမားသည့် နေစွမ်းအင်ပြားကြီးတစ်ခုနေရာချ၍ လျှပ်စစ်ဓာတ်အားထုတ်ယူရန် ရည်ရွယ်ထားကြောင်း ဇန်နဝါရီ ၁၅ ရက်သတင်းများအရ သိရသည်။

အရွယ်အစားအားဖြင့် အချင်းတစ်ကီလိုမီတာထိရှိမည့် အဆိုပါ နေစွမ်းအင်ပြားကို ကမ္ဘာမြေပြင်အထက် အမြင့်မိုင် ၂၂၀၀၀ ကျော်အကွာတွင်ထားရှိ၍ ရရှိမည့်စွမ်းအင်များကို ကမ္ဘာမြေပေါ်သို့ မိုက်ခရိုဝေ့ဗ်လှိုင်းများအဖြစ် ပြန်လည်ပေးပို့မည်ဖြစ်သည်။

အဆိုပါ အာကာသနေစွမ်းအင်ပြားက တစ်နှစ်အတွက် ရယူပေးနိုင်သည့် စွမ်းအင်ပမာဏသည် ကမ္ဘာပေါ်ရှိ ရေနံအားလုံးကိုထုတ်ယူသုံးစွဲပါက ရရှိမည့်စွမ်းအင်ပမာဏနှင့် ညီမျှလိမ့်မည်ဖြစ်ကြောင်း တရုတ်သိပ္ပံပညာရှင်များက တွက်ချက်ထားသည်။

အာကာသ နေစွမ်းအင်ပြားများသည် နေစွမ်းအင်ကို နေ့၊ ညမပြတ် ရာသီမရွေးရယူနိုင်ပြီး အာကာသဟင်းလင်းပြင်၏ နေစွမ်းအင် သိပ်သည်းဆမှာလည်း ကမ္ဘာမြေမျက်နှာပြင်ပေါ်မှာထက် ၁၀ ဆ ပို၍မြင့်မားသည်။

တရုတ် သိပ္ပံပညာရှင်များအနေဖြင့် အာကာသနေစွမ်းအင်ပြားကို နေရာချရာတွင် အစိတ်အပိုင်းများကို တစ်ခုချင်း အကြိမ်ကြိမ်လွှတ်တင်ရန်လိုအပ်ကြောင်း သိရသည်။

သို့ဖြစ်ရာ တရုတ်သိပ္ပံပညာရှင်များသည် အာကာသနေစွမ်းအင်ပြား တည်ဆောက်ရေးအတွက် အကြိမ်ကြိမ် ပြန်လည်အသုံးပြုနိုင်သော လောင်းမတ်ချ်-၉ (စီဇက်-၉) အမည်ရှိ ဒုံးပျံသစ်ကို တည်ဆောက်လျက်ရှိကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## ဂိုင်ယာအာကာသယာဉ်က မစ်ရှင်သက်တမ်းကုန်ဆုံးခဲ့ပြီး စူးစမ်းလေ့လာရေးလုပ်ငန်းများ ရပ်တန့်လိုက်ပြီဖြစ်


**ပဲရစ် ဇန်နဝါရီ ၁၆**

ဥရောပ အာကာသအေဂျင်စီ၏ ဂိုင်ယာအာကာသယာဉ်သည် ဇန်နဝါရီ ၁၅ ရက်တွင် မစ်ရှင်သက်တမ်း ကုန်ဆုံးခဲ့ပြီးနောက် စူးစမ်းလေ့လာရေး လုပ်ငန်းများ ရပ်တန့်လိုက်ပြီဖြစ်ကြောင်း သိရသည်။

ဂိုင်ယာ အာကာသယာဉ်သည် နဂါးငွေ့တန်းကြယ်စုကို ၁၂ နှစ်ကြာ လေ့လာစူးစမ်းခဲ့ပြီးနောက် ဇန်နဝါရီ ၁၅ ရက်တွင် မစ်ရှင်သက်တမ်း ကုန်ဆုံးသွားပြီဖြစ်ကြောင်း ဥရောပအာကာသအေဂျင်စီက ကြေညာထားသည်။

အာကာသ ဟင်းလင်းပြင်အတွင်း ပျံသန်းရာတွင် အာကာသယာဉ် မွှတ်မွှတ်လည်နေစေရန် အသုံးပြုသည့် ဓာတ်ငွေ့လောင်စာတစ်မျိုး ကုန်ခန်းခဲ့မှုကြောင့် ဂိုင်ယာအာကာသယာဉ်၏ မစ်ရှင်သက်တမ်းလည်း ကုန်ဆုံးခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

ဥရောပ အာကာသအေဂျင်စီသည် ဂိုင်ယာအာကာသယာဉ်ကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်တွင် ရုရှားနိုင်ငံ၏ ဆိုယုဇ်ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။



ဂိုင်ယာ အာကာသယာဉ်သည် မစ်ရှင်သက်တမ်း ၁၂ နှစ်အတွင်း နဂါးငွေ့တန်းကြယ်စုအတွင်းနှင့် ကြယ်စုဝန်းကျင်ရှိ ကြယ်နှင့်အခြား အာကာသနယ်မြေ နှစ်ဘီလီယံခန့်ကို စူးစမ်းလေ့လာ၍ မြေပုံရေးထုတ်ရန် ကြိုးပမ်းခဲ့ကြောင်း သိရသည်။

ဂိုင်ယာ အာကာသယာဉ်အနေဖြင့် မစ်ရှင်သက်တမ်းကုန်ဆုံးသွားသည့်တိုင် နက္ခတ္တရူပဗေဒပညာလောကအတွက် သတင်းအချက်အလက်များစွာ ရယူပေးထားရာ အဆိုပါ သတင်းအချက်အလက်များကိုအချိန်ယူ၍ တစ်သုတ်ပြီးတစ်သုတ်ထုတ်ပြန်ပေးရန် ဥရောပအာကာသအေဂျင်စီက စီစဉ်ထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## Space-X ကုမ္ပဏီက Blue Ghost နှင့် Resilence လဆင်းယာဉ်နှစ်စင်း လွှတ်တင်

**ဝါရှင်တန် ဇန်နဝါရီ ၁၆**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X ကုမ္ပဏီသည် Blue Ghost နှင့် Resilence အမည်ရှိ ပုဂ္ဂလိကလဆင်းယာဉ်နှစ်စင်းကို ဇန်နဝါရီ ၁၅ ရက်တွင် ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ကြောင်း သိရသည်။

Blue Ghost လဆင်းယာဉ်ကို အမေရိကန်နိုင်ငံအခြေစိုက် Firefly Aerospace ကုမ္ပဏီကတည်ဆောက်ထားပြီး Resilence လဆင်းယာဉ်ကို ဂျပန်နိုင်ငံအခြေစိုက် အိုင်စပေ့စ်ကုမ္ပဏီက တည်ဆောက်ထားခြင်းဖြစ်သည်။

အဆိုပါပုဂ္ဂလိကလဆင်းယာဉ်နှစ်စင်း သယ်ဆောင်ထားသော ဖယ်လ်ကွန်-၉ ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကနေဒီအာကာသစခန်းမှ လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး ၆၅ မိနစ်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ထိပ်ဖူးအဆင့်ဒုံးယာဉ်သည် Blue Ghost နှင့် Resilence လဆင်းယာဉ်တို့ကို တစ်စင်းနှင့်တစ်စင်း ၂၇ မိနစ်ခြား၍ လနှင့်ကမ္ဘာ ကြားခံပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့သည်။

Blue Ghost လဆင်းယာဉ်သည် ကမ္ဘာပတ်လမ်းကြောင်းပေါ်၌ ၂၅ ရက်ကြာပျံသန်းပြီးနောက် လေးရက်ကြာမြင့်မည့် လကမ္ဘာခရီးစဉ်ကို စတင်မည်ဖြစ်ကြောင်း၊ Resilence လဆင်းယာဉ်ကမူ လောင်စာသက်သာသည့် လမ်းကြောင်းအတိုင်း ပျံသန်းမည်ဖြစ်ရာ နောင်လေးလကျော် ကြာမြင့်မှသာ လကမ္ဘာသို့ ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

# HEALTH

## အမေရိကန်သက်ကြီးပိုင်းများ Dementia ဖြစ်ပွားမှုနှုန်း ယခင်မျှော်လင့်ထားသည်ထက် နှစ်ဆပိုမြင့်မားနိုင်

**နယူးယောက် ဇန်နဝါရီ ၁၆**

အမေရိကန် ပြည်သူသက်ကြီးပိုင်းများကြား ဦးနှောက်စွမ်းဆောင်ရည်ထိခိုက်ပျက်စီးမှုရောဂါ (Dementia) ဖြစ်ပွားမှုနှုန်းမှာ ယခင်မျှော်လင့်ထားသည်ထက် နှစ်ဆပိုမြင့်မားနေနိုင်ကြောင်း ဇန်နဝါရီ ၁၅ ရက် သတင်းများအရသိရသည်။

အမေရိကန်ဆေးပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အသက် ၅၅ နှစ်နှင့်အထက် အမေရိကန်ပြည်သူများ၏ ၄၀ ရာခိုင်နှုန်းမှာ Dementia ဖြစ်နိုင်ခြေမြင့်မားသူများ ဖြစ်ကြကြောင်း သိရသည်။

သက်ကြီးပိုင်း အမေရိကန်ပြည်သူများကြား Dementia ဖြစ်ပွားမှုနှုန်းမှာ ယခင်တွေးထင်ထားသည်ထက် နှစ်ဆပို၍မြင့်မားနိုင်ကြောင်း နယူးယောက်တက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

လက်ရှိ Dementia ဖြစ်ပွားမှုနှုန်းထားအရ ၂၀၆၀ ပြည့်နှစ်အရောက်တွင် အမေရိကန် သက်ကြီးပိုင်းများကြား Dementia ဖြစ်ပွားမှုမှာ တစ်နှစ်လျှင်တစ်သန်းထိရှိလာနိုင်သည်ဟု သုတေသနပညာရှင်များက ခန့်မှန်းထားကြောင်း သိရသည်။

ထိုကဲ့သို့ Dementia ဖြစ်ပွားမှုနှုန်းမြင့်တက်လာနိုင်မှုသည် အမေရိကန်နိုင်ငံ၏ သက်ကြီးလူဦးရေမြင့်တက်လာမှုနှင့် တိုက်ရိုက်ဆက်နွှယ်နေကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

ထို့ပြင် မျိုးဗီဇဖောက်ပြန်မှု၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ အဝလွန်မှု၊ ကျန်းမာရေးနှင့်မညီသည့် အစားအစာများ စားသုံးမှု၊ လေ့ကျင့်ခန်းမပြုလုပ်မှု စသည်တို့မှာလည်း Dementia ရောဂါ၏ နောက်ခံအကြောင်းတရားများဖြစ်ကြကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## ရင်သားကင်ဆာအတွက်သုံးသည့် ဓာတ်ရောင်ခြည်ကုထုံးများ၏ ထိရောက်မှုကို အိမ်သုံးပိုးသတ်ဆေးတစ်မျိုးက မြှင့်တင်နိုင်

**လန်ဒန် ဇန်နဝါရီ ၁၆**

အိမ်သုံးပိုးသတ်ဆေးတစ်မျိုးသည် ရင်သားကင်ဆာရောဂါအတွက်အသုံးပြုသည့် ဓာတ်ရောင်ခြည် ကုထုံးများ၏ ထိရောက်မှုကို မြှင့်တင်ပေးနိုင်ကြောင်း ဇန်နဝါရီ ၁၅ ရက် သတင်းများအရ သိရသည်။


ဟိုက်ဒရိုဂျင်ပါအောက်ဆိုက် (Hydrogen Peroxide) ခေါ် အဆိုပါ ပိုးသတ်ဆေးကို ကင်ဆာဆဲလ်များရှိရာသို့ တိုက်ရိုက်ထိုးနှံပေးထားပါက ကင်ဆာဆဲလ်များ အားနည်းလာပြီး ဓာတ်ရောင်ခြည်ကုထုံး၏ ဖျက်ဆီးမှုကို ပို၍ခံရလွယ်လာကြောင်း ဗြိတိန်သုတေသန ပညာရှင်များက ပြောကြားသည်။

ယခင်ပြုလုပ်ခဲ့ဖူးသော နိုင်ငံတကာ လေ့လာချက်တွင်လည်း ဟိုက်ဒရိုဂျင်ပါအောက်ဆိုက်ကို ဓာတ်ရောင်ခြည်ကုထုံးဖြင့် တွဲသုံးပါက ကင်ဆာဆဲလ်များ၏အရွယ်အစားများစွာ ကျုံ့ဝင်သွားကြောင်း အတည်ပြုထားပြီးဖြစ်သည်။

လက်ရှိအချိန်တွင် ဗြိတိန်သုတေသန ပညာရှင်များသည် ဟိုက်ဒရိုဂျင်ပါအောက်ဆိုက်ကို ဓာတ်ရောင်ခြည်ကုထုံးဖြင့် တွဲ၍ ရင်သား ကင်ဆာလူနာအမျိုးသမီးများကို စမ်းသပ်ကုသရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ပရီးမီးယားလိဂ်ငါးပွဲဆက် ဂိုးသွင်းယူနိုင်သည့် ကစားသမားအဖြစ် အစ်ဆက်မှတ်တမ်းဝင်



**လန်ဒန် ဇန်နဝါရီ ၁၆**

နယူးကာဆယ်အသင်းက ဝုဗ်အသင်းကို သုံးဂိုးဂိုးမရှိဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်တွင် တိုက်စစ်မှူး အစ်ဆက်က အသင်းအတွက် ဂိုးသွင်းယူခဲ့သဖြင့် ပရီးမီးယားလိဂ် ငါးပွဲဆက် ရှစ်ဂိုးသွင်းယူနိုင်သည့် ကစားသမားဖြစ်လာခဲ့သည်။

အစ်ဆက်သည် ပြီးခဲ့သည့်နှစ်ဒီဇင်ဘာလက ကစားခဲ့သည့် အစ်ဗှစ်အသင်းနှင့်ပွဲတွင် သွင်းဂိုးသုံးဂိုး၊ အေဗီလာနှင့်ပွဲတွင် တစ်ဂိုး၊ မန်ယူအသင်းနှင့် ပွဲစဉ်တွင်တစ်ဂိုး၊ စပါးနှင့်ပွဲစဉ်တွင် သွင်းဂိုးတစ်ဂိုး၊ ယခုပွဲစဉ်တွင် သွင်းဂိုးနှစ်ဂိုး သွင်းယူနိုင်ခဲ့ပြီး ငါးပွဲဆက်ရှစ်ဂိုးထိ သွင်းယူနိုင်ခဲ့သည်။

ပရီးမီးယားလိဂ်သမိုင်းတွင် ငါးပွဲဆက်ရှစ်ဂိုးထိ သွင်းယူနိုင်သည့် ကစားသမားများမှာ တိုက်စစ်မှူးဟောင်းနစ္စတယ်ရိုင်း၊ တိုက်စစ်မှူး ဗာဒီ၊ တိုက်စစ်မှူး စတာရစ်တို့နောက်တွင် အစ်ဆက်က စတုတ္ထမြောက်ကစားသမားဖြစ်ခဲ့ပြီး နစ္စတယ်ရိုင်းနှင့် ဗာဒီတို့က နှစ်ကြိမ်ထိ သွင်းယူနိုင်ခဲ့ကြောင်း သိရသည်။

ဝုဗ်အသင်းနှင့်ပွဲစဉ်တွင် တိုက်စစ်မှူးအစ်ဆက်သည် ပွဲကစားချိန် ၃၇ မိနစ်နှင့် ၅၇ မိနစ်တို့တွင် ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့ပြီး ဂေါ်ဒန်က ပွဲချိန် ၇၄ မိနစ်တွင် တတိယဂိုးသွင်းယူနိုင်ခဲ့ကာ သုံးဂိုးပြတ် အနိုင်ရခဲ့ပြီးနောက် ၂၁ ပွဲကစားအပြီးတွင် ရမှတ် ၃၈ မှတ်ဖြင့် အဆင့် (၄)နေရာတွင်ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

**Ref : ESPN**

**Trs : ML**

# အစ်ဗှစ်အသင်းက အေဗီလာခံစစ်ကစားသမား ဖီလိုဂီနီကို အပြီးသတ်ခေါ်ယူ

**လန်ဒန် ဇန်နဝါရီ ၁၆**

အစ်ဗှစ်အသင်းသည် အေဗီလာအသင်းခံစစ်ပိုင်းတွင် ခြေစွမ်းပြနေသည့် ဖီလိုဂီနီကို ပြောင်းရွှေ့ကြေးစတာလင်ပေါင်သန်း ၂၀ ဖြင့် အပြီးသတ်ခေါ်ယူခဲ့ကြောင်း သိရသည်။

အစ်ဗှစ်အသင်းသည် ယခုနှစ်အမှတ်ပေးပြိုင်ပွဲတွင် တိုက်စစ်ကစားပုံ တိုးတက်လာသော်လည်း ခံစစ်ပိုင်းက မလိုအပ်ဘဲဂိုးပေးနေရမှုကြောင့် ပရီးမီးယားလိဂ်တွင် ပေးဂိုးအများဆုံး အသင်းဖြစ်နေသဖြင့် ယခုအပြောင်းအရွှေ့တွင် ခံစစ်ပိုင်းဖြည့်တင်းမှု ပြုလုပ်ခဲ့ရာ အတ္တလန်တာအသင်းမှ ဂေါ့ဖာရီကို အငှားစာချုပ်ဖြင့်ခေါ်ယူပြီးနောက် ဖီလိုဂီနီကို ဒုတိယမြောက်ကစားသမားအဖြစ် အပြီးသတ်ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ခံစစ်ကစားသမား ဖီလိုဂီနီနှင့် အစ်ဗှစ်အသင်းတို့ကြား သဘောတူညီမှုတွင် လေးနှစ်ခွဲစာချုပ်ချုပ်ဆိုခဲ့ကြောင်း သိရသည်။

အသက်၂၂နှစ်ရှိခံစစ်ကစားသမား ဖီလိုဂီနီကို ၂၀၂၃-၂၀၂၄ ဘောလုံးရာသီက ချန်ပီယံရှစ်ပြိုင်ပွဲ ၃၂ ပွဲတွင် သွင်းဂိုး ၁၂ ဂိုးနှင့် ဂိုးဖန်တီးမှုခြောက်ကြိမ်ထိ ပြုလုပ်နိုင်ခဲ့သဖြင့် နည်းပြအမ်မရီက နွေရာသီအပြောင်းအရွှေ့ကာလက ခေါ်ယူခဲ့ကြောင်း သိရသည်။

သို့သော် ဖီလိုဂီနီသည် ယခုနှစ်အမှတ်ပေးပြိုင်ပွဲတွင် ၁၃ ပွဲသာပါဝင်ခဲ့ရကာ လေးပွဲသာပွဲထွက်ခွင့်ရရှိခဲ့သောကြောင့် အသင်းမှထွက်ခွာရန်ဆုံးဖြတ်ခဲ့ပြီး အစ်ဗှစ်အသင်းသို့ပြောင်းရွှေ့ခဲ့သည်။

အစ်ဗှစ်အသင်းသည် လက်ရှိအမှတ်ပေးပွဲ ၂၀ အပြီးတွင် သုံးပွဲနိုင်၊ ခုနစ်ပွဲသရေ၊ ၁၀ ပွဲရှုံးဖြင့် ရမှတ် ၁၆ မှတ်ရရှိခဲ့ပြီး အဆင့် (၁၇)တွင် ရပ်တည်နေသော်လည်း တန်းဆင်းဇုန်မှ ဝုဗ်အသင်းနှင့် ရမှတ်တူနေကြောင်း သိရသည်။

**Ref : Fotmob**

**Trs : ML**

# အသင်းသမိုင်းတစ်လျှောက် ပြိုင်ပွဲစုံ ၁၅ ပွဲဆက်အနိုင်ရရှိခဲ့သည့် မှတ်တမ်းကောင်းတစ်ရပ် အေတီကိုအသင်းရရှိ



**မက်ဒရစ် ဇန်နဝါရီ ၁၆**

အေတီကိုအသင်းသည် စပိန်ကိုပါဒယ်ရေးဖလားပြိုင်ပွဲ ၁၆သင်းရှုံးထွက်အဆင့်ပွဲစဉ်အဖြစ် ကစားခဲ့သည့် အယ်ချီအသင်းနှင့်ပွဲစဉ်တွင် အနိုင်ရရှိခဲ့ပြီးနောက် အသင်းသမိုင်းတစ်လျှောက်ပြိုင်ပွဲစုံ ၁၅ ပွဲဆက်အနိုင်ရရှိခဲ့သည့် မှတ်တမ်းကောင်းတစ်ရပ် ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် အေတီကိုအသင်းက အဝေးကွင်းတွင် အယ်ချီအသင်းကို လေးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး အေတီကိုအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ရှစ်မိနစ်နှင့် ၂၉ မိနစ်တို့တွင် ဆိုလော့ကလည်းကောင်း၊ ပွဲချိန် ၆၁ မိနစ်တွင် ရီကွယ်မီကလည်းကောင်း၊ ပွဲချိန် ၇၅ မိနစ်တွင် အယ်ဗာရက်ဇ်တို့က လည်းကောင်း အသီးသီး သွင်းယူပေးနိုင်ခဲ့ခြင်းဖြစ်သည်။

အေတီကိုအသင်းသည် ယခုနှစ်ဘောလုံးရာသီ နည်းပြဆီမွန်နီလက်အောက် ရာသီအစပိုင်းက အနည်းငယ် ရုန်းကန်ခဲ့ရသော်လည်း နောက်ပိုင်းတွင် ပြိုင်ပွဲစုံရလဒ်များဆက်တိုက် ကောင်းမွန်လာခဲ့ပြီး ပြီးခဲ့သည့် ၂၀၂၄ ခုနှစ် အောက်တိုဘာ ၂၈ရက်က စပိန်လာလီဂါပွဲစဉ်အဖြစ်ကစားခဲ့သည့် ဘက်တစ်အသင်းနှင့် ပွဲစဉ်တွင် တစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် နိုဝင်ဘာ ၁ရက်က စပိန်ကိုပါဒယ်ရေးဖလားပွဲစဉ်အဖြစ် ကစားခဲ့သည့် ယူအီးဗစ်အသင်းနှင့်ပွဲစဉ်တွင်အနိုင်ရရှိခဲ့ပြီးနောက် ပြိုင်ပွဲစုံ ၁၅ ပွဲဆက်အနိုင်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။

အေတီကိုအသင်းသည် ယခုနှစ် ဘောလုံးရာသီ စပိန်လာလီဂါပြိုင်ပွဲတွင် ၁၉ ပွဲ ကစားပြီးချိန်၌ အဆင့် ၂ နေရာမှ မြို့ခံပြိုင်ဘက် ရီးရဲလ်မက်ဒရစ်အသင်းကို ရမှတ်တစ်မှတ် ဖြတ်တောက်ထားပြီး အမှတ်ပေးဇယားထိပ်ဆုံးတွင် ရပ်တည်နေကာ ချန်ပီယံလမ်းကြောင်းပေါ်တွင် ရပ်တည်နေကြောင်း သိရသည်။

**Ref : Fotmob**

**Trs : STA**

# စပိန်ကိုပါဒယ်ရေးဖလား ကွာတားဖိုင်နယ်သို့ ဘာစီလိုနာအသင်းတက်ရောက်



**ဘာစီလိုနာ ဇန်နဝါရီ ၁၆**

စပိန်ကိုပါဒယ်ရေးဖလား ၁၆သင်းအဆင့်တွင် ဘာစီလိုနာအသင်းက ဘက်တစ်အသင်းကို ငါးဂိုးတစ်ဂိုးဖြင့်အနိုင်ယူ၍ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့သည်။

အဆိုပါပွဲစဉ်တွင် ဘာစီလိုနာအသင်းတိုက်စစ်ပိုင်းကို ယာမယ်၊ အိုမိုနှင့် ရာဖင်ဟာတို့က ဦးဆောင်ခဲ့ပြီး ပွဲစကတည်းက ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် ဖိအားပေးခဲ့ရာ ပွဲကစားချိန် သုံးမိနစ်တွင် အိုမို၏ဖန်တီးမှုမှ ဂါဗီက အဖွင့်ဂိုး၊ ပွဲချိန် ၂၇မိနစ်တွင် ယာမယ်၏ ဖြတ်တင်ဘောမှ ခွန်ဒီက ဒုတိယဂိုးသွင်းယူ၍ ပထမပိုင်းကို နှစ်ဂိုးဂိုးမရှိဖြင့် ဦးဆောင်ခဲ့သည်။

ဒုတိယပိုင်း ပွဲချိန် ၅၈ မိနစ်တွင် ယာမယ်၏ ကောင်တာတိုက်စစ်မှ ရာဖင်ဟာက တတိယဂိုး၊ ပွဲချိန် ၆၇ မိနစ်တွင် အိုမို၏ဖန်တီးမှုက စတုတ္ထဂိုး၊ ပွဲချိန် ၇၅ မိနစ်တွင် လိုပက်ဇ်၏ဖန်တီးမှုမှ ယာမယ်က ပဉ္စမဂိုး သွင်းယူနိုင်ခဲ့ပြီးနောက် ကစားအားချခဲ့သဖြင့် ဘက်တစ်အသင်း ပြန်လည်တိုက်စစ်ဆင်နိုင်ခဲ့သောကြောင့် ပွဲချိန် ၈၄ မိနစ်တွင် ချေပဂိုးတစ်ဂိုး သွင်းယူနိုင်ခဲ့ပြီး ငါးဂိုးတစ်ဂိုးဖြင့် ပြီးဆုံးခဲ့သည်။

၁၆ သင်းအဆင့်အခြားပွဲစဉ်များတွင် လီဂါနက်စ်အသင်းက အယ်မာရီယာအသင်းကို သုံးဂိုးနှစ်ဂိုးဖြင့်လည်းကောင်း၊ ဂီတာဖေးအသင်းက ပွန်တီဗီဒရာအသင်းကို တစ်ဂိုးဂိုးမရှိဖြင့်လည်းကောင်း၊ အေတီကိုအသင်းက အယ်ချီအသင်းကို လေးဂိုးဂိုးမရှိဖြင့် လည်းကောင်း အသီးသီးအနိုင်ရခဲ့ပြီး ကွာတားဖိုင်နယ်အဆင့်သို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

**Ref : ESPN**

**Trs : ML**

# အာဆင်နယ်အသင်းက အသင်းနှင့်ခြေစွမ်းပြသလျက်ရှိနေသည့် လူငယ်ကစားသမား မိုင်းလီဝှစ်စကယ်လီကို သက်တမ်းတိုးစာချုပ်ချုပ်ဆိုမည်

**လန်ဒန် ဇန်နဝါရီ ၁၆**

အာဆင်နယ်အသင်းက နောက်ပိုင်းပွဲစဉ်များတွင် အသင်းနှင့်အတူ အကောင်းဆုံး ခြေစွမ်းပြသလျက်ရှိနေသည့် လူငယ်တောင်ပံကစားသမား မိုင်းလီဝှစ်စကယ်လီကို သက်တမ်းတိုးစာချုပ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း သိရသည်။

အသက် ၁၈ နှစ်သာရှိသေးသည့် မိုင်းလီဝှစ်စကယ်သည် အာဆင်နယ်အသင်း အကယ်ဒမီထွက် ကစားသမားတစ်ဦးဖြစ်ပြီး ပြီးခဲ့သည့်၂၀၂၂ခုနှစ်ကတည်းကအသင်းကြီးနှင့် စတင်ပူးပေါင်းခဲ့သော်လည်း အစောပိုင်းနှစ်များတွင် ပါဝင်ကစားခွင့် ရရှိခဲ့သော်လည်း ယခုနှစ်ဘောလုံးရာသီတွင် စီနီယာကစားသမားများ ဒဏ်ရာရရှိနေချိန်တွင် ပွဲကစားခွင့်များစတင်ရရှိခဲ့ခြင်းဖြစ်သည်။

မိုင်းလီဝှစ်စကယ်လီသည်ယခုနှစ်ဘောလုံးရာသီ နည်းပြအာတီတာ၏ ယုံကြည်မှုနှင့်အတူ ပွဲကစားခွင့်များရရှိခဲ့ပြီး ပွဲကစားခွင့်ရရှိသည့် ပွဲစဉ်များတွင်လည်း အကောင်းဆုံး ခြေစွမ်းပြသနိုင်ခဲ့သကဲ့သို့ ပြီးခဲ့သည့် မြောက်လန်ဒန်ဒါဘီပွဲစဉ်အဖြစ်ကစားခဲ့သည့် အာဆင်နယ်အသင်းနှင့် စပါးအသင်းတို့ပွဲစဉ်တွင်လည်း ပွဲထွက်ကစားသမားအဖြစ်ပါဝင်ခဲ့ပြီး အကောင်းဆုံး ခြေစွမ်းပြသနိုင်ခဲ့သူဖြစ်သည်။

မိုင်းလီဝှစ်စကယ်လီသည် စပါးအသင်းနှင့်ပွဲစဉ်တွင် ဘောလုံးပေးပို့မှုရာခိုင်နှုန်း ၉၄ ရာခိုင်နှုန်းရှိခဲ့သကဲ့သို့ ဘောလုံးပြန်လည်ဆယ်ယူမှု အပိုင်းတွင်လည်း ခြောက်ကြိမ်ထိ အောင်မြင်အောင် စွမ်းဆောင်နိုင်ခဲ့သည်ထိ အကောင်းဆုံး ခြေစွမ်းပြသနိုင်ခဲ့သည့်အတွက် အာဆင်နယ်အသင်းက ၎င်းကို သက်တမ်းတိုးစာချုပ်ချုပ်ဆိုပြီး အသင်းတွင် ဆက်လက်ထိန်းသိမ်းသွားမည်ဖြစ်သည်။

မိုင်းလီဝှစ်စကယ်လီသည် အာဆင်နယ်အသင်းနှင့် စပါးအသင်းတို့ပွဲစဉ်တွင် ပွဲထွက်ပါဝင်ကစားခွင့်ရရှိခဲ့ပြီးနောက် အာဆင်နယ်အသင်းသမိုင်းတစ်လျှောက်မြောက်လန်ဒန်ဒါဘီပွဲစဉ်တွင် ဖာဖရီဂတ်စ်ပြီးနောက် ဒုတိယမြောက်အသက်အငယ်ဆုံး ပွဲထွက်ခွင့်ရရှိခဲ့သည့် ကစားသမားအဖြစ်လည်းမှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

**Ref : Goal.Com**

**Trs : STA**

# ကစားသမားခေါ်ယူမှုများတွင် တရားမဝင်ငွေပေးချေမှုများကြောင့် ချဲလ်ဆီးအသင်း စုံစမ်းစစ်ဆေးခံနေရပြီး ရမှတ်လျှော့ပြစ်ဒဏ်ချမှတ်ခံရဖွယ်ရှိနေ




**လန်ဒန် ဇန်နဝါရီ ၁၆**

ချဲလ်ဆီးအသင်းသည် အသင်းပိုင်ရှင်ဟောင်း အေဘရာမိုဗစ်ချ် လက်ထက်က ကစားသမားများကို ခေါ်ယူရာတွင် တရားမဝင်ငွေပေးချေမှုများ လုပ်ဆောင်ခဲ့သည့်အတွက် ပရီးမီးယားလိဂ်အဖွဲ့ချုပ်၏ စုံစမ်းစစ်ဆေးခံနေရပြီး ရမှတ်လျှော့ပြစ်ဒဏ် ချမှတ်ခံရမည့် အရေးနှင့်ရင်ဆိုင်နေရသည်။

ချဲလ်ဆီးအသင်းသည် အစောပိုင်းကလည်း ကစားသမားများကို ခေါ်ယူရာတွင် အေးဂျင့်နှင့် ကစားသမားများကို တရားမဝင်ငွေပေးချေမှုများ လုပ်ဆောင်ခဲ့သည့်အတွက် ဥရောပဘောလုံးအဖွဲ့ချုပ် ထံဒဏ်ကြေးငွေများ ပေးဆောင်ခဲ့ရပြီး ယခုအခါတွင်လည်း ပရီးမီးယားလိဂ်အဖွဲ့ချုပ်၏ စွဲချက်တင်စစ်ဆေးမှုများနှင့်ပါ ထပ်မံရင်ဆိုင်နေရခြင်းဖြစ်သည်။

ချဲလ်ဆီးအသင်းသည် အသင်းပိုင်ရှင်ဟောင်း အေဘရာမိုဗစ်ချ် လက်ထက် ၂၀၁၂ခုနှစ်က လိုင်လီအသင်းမှ ဟာဇက်ကို ခေါ်ယူရာတွင်လည်းကောင်း၊ ၂၀၁၃ခုနှစ်က အန်ဇီအသင်းမှ အီတူးနှင့် ဝီလီယံတို့ကိုလည်းကောင်း အေးဂျင့်ဖြစ်သူများနှင့် ကစားသမားများကို အသင်း၏ တရားဝင်ငွေကြေးမှမဟုတ်ဘဲ တရားမဝင်ငွေကြေးများဖြင့် ငွေပေးချေမှုများ လုပ်ဆောင်ခဲ့သည်ဟု စွဲချက်တင် စစ်ဆေးခံနေရခြင်း ဖြစ်သည်။

ချဲလ်ဆီးအသင်း အနေဖြင့် အဆိုပါစွဲချက်အတွက် ပြစ်မှုရှိကြောင်းထင်ရှားပါက ရမှတ်လျှော့ပြစ်ဒဏ်ချမှတ်ခံရသည့် အခြေအနေများကြောင့် လက်ရှိအသင်းပိုင်ရှင်တော့ဘိုလီက ပရီးမီးယားလိဂ်အဖွဲ့ချုပ်မှတာဝန်ရှိသူများနှင့် တွေ့ဆုံကာ ရမှတ်လျှော့ပြစ်ဒဏ်အစား ဒဏ်ကြေးငွေ ပေးဆောင်ရန်အတွက် ဆွေးနွေးမှုများ လုပ်ဆောင်လျက် ရှိနေသည်ဟုလည်း သတင်းများ ထွက်ပေါ်လျက်ရှိနေသည်။

ပြီးခဲ့သည့် ဘောလုံးရာသီကလည်း ပရီးမီးယားလိဂ်အဖွဲ့ချုပ်အနေဖြင့် အသင်းဝင်ငွေထွက်ငွေ မမျှတသည့် စည်းမျဉ်းများကြောင့် အဲဗာတန်အသင်းနှင့်နော်တင်ဟမ်အသင်းတို့ကို ရမှတ်လျှော့ပြစ်ဒဏ်များချမှတ်ခဲ့ဖူးပြီး ယခုအခါချဲလ်ဆီးအသင်းကို ရမှတ်လျှော့ပြစ်ဒဏ်အစားဒဏ်ကြေးငွေပေးဆောင်ရန် သတ်မှတ်မည်ဆိုပါက အခြားအသင်းများကလည်း ကန့်ကွက်မှုများ လုပ်ဆောင်လာဖွယ်ရှိနေကြောင်း သိရသည်။

Ref : Football London

Trs : STA

# ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲတတိယအဆင့်သို့ အမ်မာရာဒူကာနူတက်ရောက်

**မဲလ်ဘုန်း ဇန်နဝါရီ ၁၆**

ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့တွင်ကျင်းပနေသည့် ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ဗြိတိန်တင်းနစ်မယ် အမ်မာရာဒူကာနူနှင့် အမေရိကန်တင်းနစ်မယ်အန်နီစီမိုဗာတို့ယှဉ်ပြိုင်ကစားခဲ့ရာ အမ်မာရာဒူကာနူက (၆-၃၊ ၇-၅) ရလဒ်ဖြင့် အနိုင်ရရှိကာ တတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အမ်မာရာဒူကာနူသည် ပထမအဆင့်တွင်လည်း အကောင်းဆုံးလက်စွမ်းပြနိုင်ခဲ့သလို ဒုတိယအဆင့်တွင်လည်း အကောင်းဆုံးလက်စွမ်းပြနိုင်ခဲ့သည်။

အန်နီစီမိုဗာအား ပထမပွဲငယ်တွင် ပြတ်သားသည့် ရလဒ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သလို ဒုတိယပွဲငယ်တွင် tie-break အဆင့်ထိ ကစားခဲ့ရပြီးမှ အနိုင်ရခဲ့ခြင်း ဖြစ်သည်။

အမ်မာရာဒူကာနူသည် US Open တင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆုအားဆွတ်ခူးနိုင်ခဲ့ပြီးနောက်ပိုင်း မကြာခဏဒဏ်ရာရနေသည့်ကစားသမားဖြစ်ပြီး အန်နီစီမိုဗာအား အနိုင်ရခဲ့သည့် ပွဲစဉ်တွင်လည်း ဒုတိယပွဲငယ်၌နောက်ကျောဒဏ်ရာပြဿနာဖြင့် ရင်ဆိုင်ခဲ့ရကြောင်း သိရသည်။



အမ်မာရာဒူကာနူက "ဂရန်းစလန်းတင်းနစ်ပြိုင်ပွဲမှာ ကစားခွင့်ရတာကို ဝမ်းသာဂုဏ်ယူမိပါတယ်။ ဒုတိယအဆင့် ပွဲစဉ်ဟာ ကျွန်မအတွက် အဓိပ္ပာယ်ရှိတဲ့ပွဲစဉ်ဖြစ်ပါတယ်။ ဒဏ်ရာပြဿနာနဲ့ ရင်ဆိုင်ခဲ့ရပေမယ့်လဲ အနိုင်ရလဒ်တစ်ခုကိုရယူနိုင်ခဲ့တယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်မအနေနဲ့အကောင်းဆုံးလုပ်နိုင်ခဲ့တယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : AZL

# LIV Golf အဖွဲ့ချုပ်၏ အမှုဆောင်ချုပ်အဖြစ် စကော့အိုနေးလ်ကို ခန့်အပ်

**ရီယာ့ဒ် ဇန်နဝါရီ ၁၆**

ဆော်ဒီအာရေဗျနိုင်ငံက ကျောထောက်နောက်ခံပြုထားသည့် LIV Golf အဖွဲ့ချုပ်သည် အမှုဆောင်ချုပ်နေရာအတွက် အမေရိကန်နိုင်ငံသား စကော့အိုနေးလ်ကို ခန့်အပ်လိုက်ကြောင်း ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

LIV Golf အဖွဲ့ချုပ်ကို စတင်တည်ထောင်စဉ် CEO အဖြစ် ဩစတြေးလျနိုင်ငံသားနော်မန်ဂရေ့ဂ်က တာဝန်ယူခဲ့ပြီးLIV Golfအဖွဲ့ချုပ်ကို PGA Tour အဖွဲ့ချုပ်နှင့်အပြိုင်တိုးတက်မှုရှိအောင်ဆောင်ရွက်နိုင်ခဲ့သလို PGA Tour အဖွဲ့ချုပ်မှ ကမ္ဘာ့အဆင့် ကစားသမားများကို ခေါ်ယူပေးနိုင်ခဲ့သည်။

နော်မန်ဂရေ့ဂ်၏ စွမ်းဆောင်ရည်ကြောင့် အချိန်တိုအတွင်းLIV Golf အဖွဲ့ချုပ် အင်အားကြီးလာပြီး အခြားသော ကမ္ဘာ့အဆင့်ကစားသမားများကိုခေါ်ယူရန် ဆက်လက်ကြိုးပမ်းခဲ့သည်။

ယင်းနောက် ဂေါက်သီးရိုက်လောက၏ အရှိန်အဝါရှိသည့် တိုက်ဂါးဝုဒ်၊ မက်အီလ်ရွိုင်းတို့နှင့် ကာလရှည်မီဒီယာမှ အပြန်အလှန်ဝေဖန်မှုများ ပြုလုပ်ခဲ့ပြီးနောက် LIV Golf အဖွဲ့ချုပ်က နော်မန်ဂရေ့ဂ်အား စကော့အိုနေးလ်နှင့် အစားထိုးရန် ဆုံးဖြတ်ခဲ့ခြင်းလည်းဖြစ်သည်။

LIV Golf အဖွဲ့ချုပ်ဥက္ကဋ္ဌဖြစ်သူ ယာဆာလ်အယ်ရူမေယန်က "LIV Golf အဖွဲ့ချုပ်ရဲ့ CEO အဖြစ် စကော့အိုနေးလ်ကို ခန့်အပ်လိုက်ပါတယ်။ စကော့အိုနေးလ်ကိုLIV Golf အဖွဲ့ချုပ်က ကြိုဆိုကြောင်း ဘုတ်အဖွဲ့ဒါရိုက်တာကိုယ်စားပြောကြားလိုပါတယ်။ LIV Golf အဖွဲ့ချုပ် တည်ထောင်လာတာသုံးနှစ်တာကာလ ရှိနေပါပြီ။ ဒီသုံးနှစ်အတွင်း အများကြီးတိုးတက်မှုရှိခဲ့သလို အရှိန်အဝါရှိလာပြီလဲဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL

# ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၂၂) ပွဲကြိုသုံးသပ်ချက်များ

STA

## ဘရန့်ဖို့ဒ် Vs လီဗာပူး

ကစားမည့်ရက်/အချိန် ၁၈-၁-၂၀၂၅ (ည ၀၉:၃၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

လီဗာပူး ၂ - ၀ ဘရန့်ဖို့ဒ်

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| ဘရန့်ဖို့ဒ် | - | ဝေး(နိုင်) | အိမ်(ရှုံး) | အိမ်(သရေ) |
| လီဗာပူး | - | ဝေး(ရှုံး) | အိမ်(နိုင်) | ဝေး(သရေ) |

ဘရန့်ဖို့ဒ်အသင်းအတွက် ပြီးခဲ့တဲ့ပွဲစဉ်မှာ မန်စီးတီးအသင်းကို သရေရလဒ်ရရှိအောင် ကစားနိုင်ခဲ့တယ်ဆိုပေမယ့် လီဗာပူးအသင်းကိုတော့ပွဲချိန်ပြည့်ထိန်းချုပ်ရခက်ခဲမှာပါ။ လီဗာပူးအသင်းကလဲ ပြီးခဲ့တဲ့ပွဲစဉ်က ရမှတ်ဆုံးရှုံးထားလို့ အခုပွဲစဉ်မှာတော့အမှားခံမှာမဟုတ်ပါဘူး။ ဒါကြောင့် ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ လီဗာပူးအသင်းပဲ အနိုင်ရယူသွားမှာပါ။

ခန့်မှန်းရလဒ် - ဘရန့်ဖို့ဒ် ၁ - ၂ လီဗာပူး

## ဝက်စ်ဟမ်း Vs ပဲလေ့စ်

ကစားမည့်ရက်/အချိန် ၁၈-၁-၂၀၂၅ (ည ၀၉:၃၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

ပဲလေ့စ် ၀ - ၂ ဝက်စ်ဟမ်း

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| ဝက်စ်ဟမ်း | - | ဝေး(ရှုံး) | ဝေး(ရှုံး) | အိမ်(နိုင်) |
| ပဲလေ့စ် | - | အိမ်(သရေ) | အိမ်(နိုင်) | ဝေး(နိုင်) |

ပြီးခဲ့တဲ့ပွဲစဉ်မှာ ပုံစံကောင်းပြသနိုင်ခဲ့ပြီး နိုင်ပွဲရှာဖွေနိုင်ခဲ့တဲ့ ဝက်စ်ဟမ်းအသင်းဟာ အခုအိမ်ကွင်းပွဲစဉ်မှာလဲ ပဲလေ့စ်အသင်းကို ဖိအားပေးကစားနိုင်မှာပါ။ ပဲလေ့စ်အသင်းကလဲ ရလဒ်တွေဆက်တိုက်ကောင်းမွန်နေတယ်ဆိုပေမယ့် အဝေးကွင်းခြေစွမ်းပိုင်းက စိတ်ချလို့မရပါဘူး။ ဒါကြောင့် အိမ်ရှင်အားသာချက်နဲ့ ဖိအားပေးလာမယ့် ဝက်စ်ဟမ်းအသင်းကိုပဲ အားပေးရမှာပါ။

ခန့်မှန်းရလဒ် - ဝက်စ်ဟမ်း ၁ - ၀ ပဲလေ့စ်

# စပိန်လာလီဂါပြိုင်ပွဲ ပွဲစဉ်(၂၀) ပွဲကြိုသုံးသပ်ချက်များ

STA

## ဂျီရိုနာ Vs ဆီဗီလာ

ကစားမည့်ရက်/အချိန် ၁၈-၁-၂၀၂၅ (ည ၀၇:၃၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

ဆီဗီလာ ၀ - ၂ ဂျီရိုနာ

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| ဂျီရိုနာ | - | ဝေး(ရှုံး) | အိမ်(နိုင်) | ဝေး(နိုင်) |
| ဆီဗီလာ | - | ဝေး(ရှုံး) | ဝေး(ရှုံး) | အိမ်(သရေ) |

အိမ်ကွင်းဆိုရင်အသင်းလိုက်ကစားပုံကောင်းမွန်ပြီး တိုက်စစ်ပိုင်းထက်မြက်တဲ့ဂျီရိုနာအသင်း ဆီဗီလာအသင်းကိုအကောင်းဆုံးဖိအားပေးကစားနိုင်မှာပါ။ ဆီဗီလာအသင်းကတော့ သုံးပွဲဆက်နိုင်ပွဲပျောက်ဆုံးနေသလို အဝေးကွင်းနှစ်ပွဲဆက်ရှုံးနိမ့်ပြီး ရုန်းကန်နေရပါတယ်။ ဒါကြောင့် အခုပွဲစဉ်မှာ အိမ်ကွင်းဆိုရင် အသင်းလိုက်ကစားပုံကောင်းမွန်မှုရှိတဲ့ ဂျီရိုနာအသင်းပဲရလဒ်ကောင်းသွားမှာပါ၊

ခန့်မှန်းရလဒ် - ဂျီရိုနာ ၂ - ၁ ဆီဗီလာ

## လီဂါနက် Vs အေတီကို

ကစားမည့်ရက်/အချိန် ၁၈-၁-၂၀၂၅ (ည ၀၉:၄၅ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

အေတီကို ၃ - ၁ လီဂါနက်

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| လီဂါနက် | - | ဝေး(နိုင်) | ဝေး(သရေ) | ဝေး(နိုင်) |
| အေတီကို | - | ဝေး(နိုင်) | အိမ်(နိုင်) | ဝေး(နိုင်) |

လီဂါနက်အသင်းဟာ နောက်ပိုင်းပွဲစဉ်တွေမှာ ရလဒ်ပိုင်းပြန်လည်ကောင်းမွန်နေတယ်ဆိုပေမယ့် အေတီကိုအသင်းကို ပွဲချိန်ပြည့်တုံ့ပြန်ကစားနိုင်ဖို့အတွက်တော့ ခက်ခဲမှာပါ။ အေတီကိုအသင်းကတော့ ၁၅ပွဲဆက်အနိုင်ရရှိထားတဲ့ထိကို တည်ငြိမ်မှုရှိနေပါတယ်။ ဒါကြောင့် အေတီကိုအသင်းပဲ အနိုင်ရယူသွားမှာပါ။

ခန့်မှန်းရလဒ် - လီဂါနက် ၀ - ၂ အေတီကို

# စိတ်ကောင်းမွေးမှ စာကောင်းရမယ်

မောင်ငြိမ်းသူ(ကြို့ပင်ကောက်)

**❖မည်သည့်စာပေကို ရေးရေး "စိတ်ကောင်းမွေးမှ စာကောင်းရေးနိုင်မည်" ဟု အမျိုးသားစာဆိုကြီး ဆရာဇော်ဂျီက ရေးသားမှာကြားခဲ့သည်။ ထို့ပြင် ဆရာဇော်ဂျီက လောက၏ အဖြစ်အပျက်ကို လည်းကောင်း၊ လူတို့၏အမူအရာတို့ကို လည်းကောင်း၊ စာဖတ်သူတို့၏ စိတ်၌ မြင်ယောင်ယောင်၊ ကြားယောင်ယောင်ဖြစ်စေရန်ပြု၍ ရသနှစ်သက်ခြင်းအမျိုးမျိုးကိုပေးပြီး ဘဝအသိအမြင်ကို ထိုစာမျိုးဖတ်သူ၏ စိတ်၌ သူ့အလိုအလျောက်ပေါ်လာစေရန်၊ ထင်လာစေရန် ပြုတတ်သည်။ ❖**

စာပေလောကတွင် စာပေမျိုးဆက်သစ်များသည် စဉ်ဆက်မပြတ် ပေါ်ထွက်ထွန်းပေါက်လာကြစမြဲဖြစ်သည်။ ထို့ကြောင့် စာပေသမိုင်းသည် ခေတ်အဆက်ဆက်တွင် ဂုဏ်မြင့်ဂုဏ်တင့်လျက် မော်ကွန်းဝင်မှတ်တမ်းတင်နေခြင်းဖြစ်သည်။

စာပေမျိုးဆက်သစ်တိုင်းသည် အပျံသင်စ ငှက်ငယ်ကလေးများပမာ တက်ကြွစွာ လေ့လာရေးသားနေကြလေ့ရှိသည်။ အချို့က သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာမျိုးစုံ၏ လမ်းညွှန်မှုကို ခံယူကြကာ ကြိုးစားလေ့ကျင့်ခဲ့ကြသည်။ အချို့ကတော့ နီးစပ်ရာ စာပေဆိုင်ရာသင်တန်းမျိုးစုံတွင် တက်ရောက်ဆည်းပူးပညာယူခဲ့ကြသည်။

**"ဆရာကောင်းတပည့် ပန်းကောင်းပန်"** ဆိုသကဲ့သို့ ပင် ရိုးသားစွာ ကြိုးစားကြသူအချို့သည် စာရေးဆရာ၊ ဆရာမပီသစွာ စာပေဂုဏ်ရောင်ကို ထွန်းပြောင်စေခဲ့ကြသည်။ စာပေအပွင့်အသီးများကိုလည်း ခံစားခွင့်ရခဲ့ကြပြီး **"စာရေးဆရာ၊ စာရေးဆရာမ"** ဟူ၍ စာချစ်သူများ၏ အသိအမှတ်ပြုခြင်းခံခဲ့ကြရသည်။

**စာရေးဆရာဆိုသည်မှာ**

**"မြန်မာအဘိဓာန်"** တွင် **"သီချင်း၊ ဇာတ်စကားစသည်တို့ကို ရေးသားသောသူ၊ စာပေရေးသားပြုစုသူကို စာရေးဆရာဟု ခေါ်သည်"** ဟု ဖွင့်ဆိုထားသည်။ မိမိပြောလို သည့် အကြောင်းခြင်းရာ၊ ဖြစ်ပျက်မှုအဖြာဖြာကို စာဖတ်သူ၊ စာရှုသူ၊ စာချစ်သူများလည်း မိမိခံစားနားလည်ထားသလို နားလည်ခံစားနိုင်အောင် စွမ်းဆောင်ရေးသားဖော်ပြ ခြယ်မှုန်းတတ်သူကို **"စာရေးဆရာ"** ဟု အသိအမှတ်ပြုကြသည်။ **"စာဆိုပညာရှင်ကဝိ"** ဆိုသည်မှာ စာပေကျမ်းဂန်ပြုစုသူ၊ စာပေသုတေသနလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်သူ၊ စာပေပညာရှင်ဟု အများစုက အသိအမှတ်ပြုခြင်းခံရသူကို ရည်ညွှန်းခေါ်ဆိုခြင်းဖြစ်သည်။

စာမတတ်သူပပျောက်ရေးလုပ်ငန်းဖြင့် လူတိုင်းကို စာတတ်မြောက်စေရန် စွမ်းဆောင်နိုင်ကြသော်လည်း မိမိတတ်သိခံစားမိသမျှကို တစ်ပါးသူ သိတတ်၊ မြင်တတ်၊ ခံစားတတ်လာအောင် စာရေးခြင်းအတတ်ပညာဖြင့် ဖန်တီးနိုင်စွမ်းရှိသော **"စာရေးဆရာတစ်ဦး"** ဖြစ်လာရေးမှာ အလွန်ပင် ခက်ခဲလှသည်။

ထို့ကြောင့် **"နိုင်ငံရေးသုခမိန်သည် နိုင်ငံတစ်နိုင်ငံကိုသာ တည်ထောင်ဖန်တီးနိုင်စွမ်းရှိသော်လည်း စာပေသုခမိန်သည်ကား နိုင်ငံပေါင်းများစွာကို တည်ထောင်ဖန်တီးနိုင်စွမ်းရှိသည်"** ဟု **"စာပေပညာရှင်များ"** က ကြွေးကြော်ခဲ့ကြသည်။

၁၉၇၁ ခုနှစ် ယခင်အနောက်ဂျာမနီနိုင်ငံ စတုဂတ်မြို့၌ ကျင်းပခဲ့သော ဂျာမန်စာရေးဆရာများညီလာခံတွင် ထိုအချိန်က အနောက်ဂျာမနီနိုင်ငံ ဝန်ကြီးချုပ် ဝီလီဘရန့်က **"နိုင်ငံရေးသည် စာပေ၏ စွမ်းအင်များမှ အမြတ်များစွာ ထုတ်ယူနိုင်သည်။ စာပေလေးနက် ထက်မြက်လေလေ နိုင်ငံအတွက် အကျိုးရှိလေလေဖြစ်၍ စာရေးဆရာများ၏ ကျေးဇူးကြီးမားလှပါသည်"** ဟု ညွှန်းဆိုပြောကြားခဲ့သည်။

မြန်မာသာမက ကမ္ဘာကပါ စာပေကျေးဇူးအထူးထူးကို ညွှန်းဆိုထားရာ စာပေရေးသားပြုစုသူတို့၏ တာဝန်များကား ကြီးမားကျယ်ပြန့်လွန်းလှသည်။ စာပေတာဝန်ဟူသည်မှာ လောကအကျိုးပြုသော စာကောင်းပေမွန်များကို ရေးသားပြုစုကြရန်ပင်ဖြစ်သည်။

လောကကိုအကျိုးပြုသော စာကောင်းပေမွန်များဆိုသည်မှာ သုတစာပေဖြစ်စေ၊ ရသစာပေဖြစ်စေ၊ နိုင်ငံနှင့် လူမျိုးအကျိုးပြု လောကကောင်းကျိုးအတွက် သိဖွယ်မှတ်ဖွယ်၊ အားကျအတုယူဖွယ် စာပေများကို ဆိုလိုခြင်းဖြစ်သည်။

**ရသစာပေ**

**"ရသစာပေ"** ဟူသည်မှာ စိတ်ကူးဖြင့် ဖန်တီးဖွဲ့ဆိုထားသော ဝတ္ထုများ၊ ကဗျာများ၊ လင်္ကာများဖြစ်ကြသည်။ ဖန်တီးဖွဲ့ဆိုထားသော ထိုစာတို့ကို ဖတ်ရှုကြခြင်းအားဖြင့် စာဖတ်သူတစ်ဦးအတွက် တစ်စုံတစ်ခုသော အရသာကို ခံစားစေပြီး တစ်ရပ်ရပ်သော စေတနာကို ပေါ်စေသည်။ ပမာတင်ပြရလျှင် နယ်ချဲ့လက်အောက် ကျွန်သပေါက်ဘဝကျရောက်ခဲ့စဉ်က မျိုးချစ်စာပေပညာရှင်များ၏ ဇာတိသွေး၊ ဇာတိမာန်ထက်သန်စေခဲ့သော စာပေများ၊ လူသားချင်းစာနာထောက်ထား ငဲ့ညှာသနားမှု၊ မေတ္တာထားမှု၊ ဘဝသရုပ်မှန်ကန်မှု၊ စာချစ်သူအများစု၏ ရင်တွင်းခံစားချက်ထပ်တူကျမှု စသည့် စာပေမျိုးစုံသည် ရသစာပေများ ဖြစ်ကြသည်။

**သုတစာပေ**

**"သုတစာပေ"** ဟူသည်မှာ အဖြစ်မှန်အကြောင်းတစ်ရပ်ရပ်၊ အကြောင်းအရာတစ်ခုခု၏ အကြောင်း၊ အတ္ထုပ္ပတ္တိဖြစ်စဉ်၊ သမိုင်း၊ တက်ကျမ်းများ၊ လုပ်ငန်းဆိုင်ရာနည်းလမ်းများ စသည်ဖြင့် တင်ပြအသိပေးထားသော စာပေများသည် သုတစာပေများဖြစ်ကြသည်။

အချို့ကလည်း သုတစာပေနှင့် ရသစာပေတို့ကို ရောသမမွှေကာ ရေးသားနေကြသည်။ သုတစာပေကိုပင် စာဖတ်သူကို တစ်စုံတစ်ခုသော စေတနာကို ဖြစ်ပေါ်လာစေရန် အလင်္ကာနည်းဖြင့် တန်ဆာဆင်ကာ ဆွဲဆောင်မှုရှိအောင် ရေးသားပါက ရသကို ရရှိစေပြီး စေတနာကိုဖြစ်ပေါ်စေသောကြောင့် သုတရသစာပေဟု ခေါ်ဆိုအသိအမှတ်ပြုကြသည်။

**အသီးနှင့် အပွင့်**

စာပေဟူသော အပင်ကြီးတွင် အသီးနှင့် အပွင့်များ ဝေဝေဆာဆာရှိနေကြသည်။ အသီးက **"သုတစာပေ"** ဖြစ်ပြီး အပွင့်က **"ရသစာပေ"** ဖြစ်သည်။ အချို့သောအသီးနှင့် အပွင့်တွေမှာ ပိုးလောက်လမ်းတွေရှိနေကြသည်။ အဆိပ်ပွင့်၊ အဆိပ်သီးများဖြစ်နေကြသည်။ အချို့အသီးနှင့် အပွင့်တွေကတော့ ဆေးဖက်လည်းဝင်၊ အာဟာရလည်းဖြစ်၍ အကျိုးသက်ရောက်မှုရှိသည်။

မည်သည့်စာပေကို ရေးရေး **"စိတ်ကောင်းမွေးမှ စာကောင်းရေးနိုင်မည်"** ဟု **"အမျိုးသားစာဆိုကြီး ဆရာဇော်ဂျီ"** က ရေးသားမှာကြားခဲ့သည်။ ထို့ပြင် ဆရာဇော်ဂျီက လောက၏ အဖြစ်အပျက်ကို လည်းကောင်း၊ လူတို့၏အမူအရာတို့ကို လည်းကောင်း၊ စာဖတ်သူတို့၏ စိတ်၌ မြင်ယောင်ယောင်၊ ကြားယောင်ယောင်ဖြစ်အောင်ပြုပြီး ရသနှစ်သက်ခြင်း အမျိုးမျိုးကိုပေးပြီး ဘဝအသိအမြင်ကို ထိုစာမျိုးဖတ်သူ၏ စိတ်၌ သူ့အလိုအလျောက် ပေါ်လာစေရန်၊ ထင်လာစေရန် ပြုတတ်သည်။ တစ်နည်းဆိုရသော် ရသနှစ်သက်ခြင်းအမျိုးမျိုးကိုပေးရင်း လူ့လောကနှင့်စပ်၍ ဝမ်းမြောက်ထိုက်သည်ကို ဝမ်းမြောက်တတ်စေရန်၊ ဝမ်းနည်းထိုက်သည်ကို ဝမ်းနည်းတတ်စေရန်၊ ချီးကျူးထိုက်သည်ကို ချီးကျူးတတ်စေရန်၊ ရှုတ်ချထိုက်သည်ကို ရှုတ်ချတတ်စေရန်ပြု၍ ကိုယ်ပိုင်ဘဝအတွေးအခေါ်နှင့် ကိုယ်ပိုင်ဘဝအသိဉာဏ်တို့ကို အားပေးရန် စာရေးဆရာ၏ ဉာဏ်စွမ်းဖြင့် ဖန်တီးသော စာမျိုးဖြစ်သည်။ ထိုစာမျိုးကို ရသစာပေဟု သတ်မှတ်သည်" ဟု ရသစာပေသဘောကို ညွှန်းဆိုခဲ့သည်။

စာပေခေတ်တစ်ခေတ်ကို အောင်မြင်ဖြစ်ထွန်းစေခဲ့သော **"စာရေးဆရာကြီး တက္ကသိုလ်ဘုန်းနိုင်"** ၏ စံနမူနာပြခံယူချက်ကို မျှဝေပေးလိုသည်။

ဆရာကြီးတက္ကသိုလ်ဘုန်းနိုင်က" ကျွန်တော်တို့ စာရေးဆရာများသည် ကျော်စောခြင်းကို လိုလားသူမဟုတ်ပါ။ ကျော်စောခြင်းအစား အသိအမှတ်ပြုခြင်းကိုသာ အထူးလေးစားရယူလိုပါသည်။ သုခုမအနုပညာရှင်များကဲ့သို့ လူအများ အနှံ့အပြားသိရှိသော ကျော်စောခြင်းထက်၊ အနည်းစုဖြစ်သော စာဖတ်သူ၊ မြတ်နိုးသူတို့က **"စာရေးဆရာ"** ဟု အမည်ခံယူ ထိုက်သူဟူသော **"အသိအမှတ်ပြုခြင်း"** ကိုသာ လိုလားကြပါသည်"ဟု ဖွင့်ဆိုထားရာ အားကျအတုယူသင့်ကြသည်။ သံဝေဂရသင့်ကြသည်။

ဆရာကြီးတက္ကသိုလ်ဘုန်းနိုင်က ထိုမျှသာမကသေးပါ စာပေသစ္စာပင် ဆိုခဲ့ပါသည်။

**သစ္စာ**

ငါ့စာဖတ်၍ ၊ မမြတ်တိုင်စေ

မရှုံးစေသား ၊ ပျင်းပြေနှစ်ခြိုက်

တွေးဖွယ်ထိုက်ရာ ၊ တစ်ပိုဒ်တစ်လေ

တွေ့ငြားပေမူ ၊ စာပေကျေးကျွန်

ငါ့ဝတ်ပွန်ပြီ ၊ ငါမွန်အမြတ်

ငါအတတ်ဟု ၊ စာဖတ်သူပေါ်

ခေါင်းကိုကျော်၍၊ ငါသော်ဆရာ မလုပ်ပါတည်း”

ဆရာကြီးတက္ကသိုလ်ဘုန်းနိုင်၏ ခံယူချက်နှင့် သစ္စာကို လိုက်၍ မမီကြသော်လည်း **"စာအုပ်စာပေ လူ့မိတ်ဆွေ"**၊ **"အလိမ္မာ စာမှာရှိ"** ဟူသော စာပေစံများနှင့်အညီ စာကောင်းပေမွန်များကို ရေးသားကြစေချင်သည်။

အကျိုးမဲ့ အဆိပ်အတောက်စာပေများကို လုံးဝ မရေးသားကြဘဲ ရှောင်ရှားနေကြရမည်။ အဆိပ်အတောက်စာပေငါးမျိုးရှိပေသည်။

**၁။ အနီရောင်စာပေ**

လူမျိုးရေး၊ ဘာသာရေး၊ အဓိကရုဏ်းဖြစ်အောင် လှုံ့ဆော်ပေးသောစာပေ။ မျက်ကန်းတစ္ဆေ မကြောက် မှိုင်းတိုက်ပေးသော စာပေ။ ရန်တိုက်ပေးသောစာပေ၊ အမုန်းပွား ရန်များစေသော စာပေ။

**၂။ အပြာရောင်စာပေ**

တဏှာရာဂကို နှိုးဆွပေးသော စာပေ၊ ညစ်ညမ်းစာပေ၊ ဆင်ခြင်တုံတရားကင်းမဲ့စေသော စာပေ။ မိုက်ကမ်းရမ်းကားစေသောစာပေ၊ အမှောင်ဖုံးလွှမ်း အသိကန်းစေသော စာပေ။

**၃။ အဝါရောင်စာပေ**

အနှစ်သာရမရှိသော စာပေ။ (အနီရောင်စာပေ၊ အပြာရောင်စာပေထက် ကြောက်စရာပိုကောင်းသော စာပေ)

**၄။ အနက်ရောင်စာပေ**

နတ်၊ ဓာတ်၊ ဘိုးတော်၊ မှော်၊ သိုက်၊ သရဲ၊ တစ္ဆေ၊ သဘာဝလွန်ဖြစ်ရပ်များ၊ အသိဉာဏ်မှိုင်းတိုက်သော စာပေ၊ ယုံကြည်မှုလွန်ကဲစေသော စာပေ။

**၅။ ပန်းရောင်စာပေ**

အချစ်၊ အပျင်းပြေ၊ အပျော်ဖတ်စာပေ။ နိုင်ငံနှင့် ယဉ်ကျေးမှုကို ဝါးမျိုးစေသော စာပေ။

အလွန်ပင် စက်ဆုပ်ရွံရှာဖွယ်ကောင်းလွန်းလှသော ဖော်ပြပါ အဆိပ်အတောက်စာပေငါးမျိုးနှင့် မြန်မာစာရေးထုံးနှင့်လည်း မညီ၊ ဝေါဟာရအသုံးအနှုန်းများကလည်း လွဲမှားနေသော စာပေမျိုးကိုကား စာရေးဆရာစစ်စစ်တိုင်းက တားဆီးကာကွယ်ဝိုင်းပယ်ရှုတ်ချနေကြသင့်သည်။

နိုင်ငံတော်အဆင့် တာဝန်ရှိသူများကလည်း စာနာမှုကင်းမဲ့ပြီး အရှက်အကြောက်မရှိ၊ ဘယ်သူသေသေ ငတေမာပြီးရောသဘောနှင့် စာရေးစားနေကြသော စာရေးဆရာအမည်ခံ အကြံအဖန်အတုအယောင်များနှင့် အချို့ကုပ်သွေးစုပ်ထုတ်ဝေသူများစာရင်းကို နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် အများသိအောင် ကြေညာပေးနေပြီး၊ တရားဥပဒေအရ အရေးယူနေသည်။ စာရေးဆရာစစ်စစ်များနှင့် စာချစ်သူတိုင်းက စာပေလောကအကျိုးကို ရှေးရှုပြီး မသမာသော ယုတ်မာမှုများကိုဖော်ထုတ်သတင်းပေးသင့်ကြသည်။ သို့မှသာလျှင် စာပေလောကသန့်စင်ပြီး စာအုပ်စာပေ လူ့မိတ်ဆွေအဖြစ် စာပေမော်ကွန်းတင်နေပေလိမ့်မည်။

စာချစ်သူ၊ စာဖတ်သူ၊ စာမြတ်နိုးသူတို့၏ အသိအမှတ်ပြုခံရသည့် စာရေးဆရာစစ်စစ်ဖြစ်လိုကြပါက **"တတ်ချင်ရင်သင်၊ မြင်ချင်ရင်ကြည့်၊ သိချင်ရင်မေး၊ ရေးချင်ရင်ဖတ်၊ ပြတ်လေ့လာဆည်းပူးပါ"** ဟူသည့် စာပေပညာရှင်ကြီးများ၏ ဩဝါဒအတိုင်း ဖွဲ့၊ လှံ့လ၊ ဝီရိယရှိရှိနှင့် ကြိုးစားကြသင့်သည်။ နာမည်ကြီးချင်သောဆန္ဒဖြင့် ကောက်ရိုးမီးလို ဟုန်းခနဲထတောက်တာမျိုး မရိုးမသားလုပ်စားနေကြပါက အရှက်တကွဲ ကိုယ်ကျိုးနည်းကြမှာ သေချာသည်။ ဆရာကြီးဇေယျက **"နာနာရေး၊ နာနာတွေး၊ နာနာဖတ်ပါ၊ စာဖတ်နာဖို့လိုတယ်"** ဟု လမ်းညွှန်ခဲ့သည့်နှယ် ဆရာကြီးဟံသာဝတီဦးဘရင်ကလည်း **"အခံရှိမှ အမှန်သိမည်"** ဟု လမ်းညွှန်ခဲ့ခြင်းမှာ ကိုယ်ခံအားကောင်းအောင်၊ ဝမ်းစာပြည့်အောင် မပြတ်ဖတ်ရှုလေ့လာရန် လှုံ့ဆော်ခဲ့ခြင်းဖြစ်သည်။ စာရေးမည်ကြံရွယ်တိုင်း ဆရာဇော်ဂျီ၏ ဩဝါဒနှင့်အညီ စိတ်ကောင်းမွေးပြီးမှ စာရေးသားကြစေချင်သည်။ စိတ်ကောင်းမွေးမှ စာကောင်းရကြပါက စာပေဩဇာရှိပြီး **"စေတနာမှန်လျှင် အကျိုးပေးသန်သည်"** ဟူသော စကားနှင့်အညီ စာချစ်သူ၊ စာဖတ်သူများ၏ လေးစားအားထားအသိအမှတ်ပြုခြင်းခံကြရမည်မှာ သေချာလှသည်။

အချုပ်ဆိုရလျှင် **"လောကကောင်းဆိုး၊ ကံသုံးမျိုး၏၊ ကျိုးဖြစ်ချိန်လျှာ၊ အမြင်ပါ၍၊ မေတ္တာဓမ္မ၊ အမြင်ပြု၍၊ ဘဝအခြေခံ၊ စိတ်ကူးဉာဏ်ဖြင့်၊ ဖန်တီးပါမှ၊ စာအလှ"** ဟု အမျိုးသားစာဆိုကြီးဆရာဇော်ဂျီ (၁၉၀၇-၁၉၉၀)၏ **"စိတ်ကောင်းမွေးမှ စာကောင်းရ"** ဟူသော ညွှန်းဆိုမှုကို စံပြုအတုယူကြပြီး စာကောင်းပေမွန်များကို ရေးသားနိုင်ကြသော **"စာရေးဆရာအစစ်အမှန်များ"** ဖြစ်ထွန်းပွားများနိုင်ကြပါစေဟု ဆန္ဒပြုရေးသားလိုက်ရပါသည်။

# မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်၏ ၇၃ ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို ဖေဖော်ဝါရီလတွင် ကျင်းပမည်



**ရန်ကုန် ဇန်နဝါရီ ၁၆**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေရှိ သီရိမင်္ဂလာကမ္ဘာအေးစေတီတော်၏ ၇၃ ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို ဖေဖော်ဝါရီလတွင် ကျင်းပသွားမည် ဖြစ်ကြောင်း သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့မှ သိရသည်။

သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်၏ ဗုဒ္ဓပူဇနိယပွဲတော်ကို နှစ်စဉ်ကျင်းပလျက်ရှိရာ ယခုနှစ်တွင် ကျင်းပမည့် ၇၃ ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို လာမည့် ဖေဖော်ဝါရီ ၄ ရက်မှစတင်ကာ ဖေဖော်ဝါရီ ၉ ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"၇၃ ကြိမ်မြောက်ကျင်းပမဲ့ သီရိမင်္ဂလာကမ္ဘာအေးစေတီတော်ကြီးရဲ့ ဗုဒ္ဓပူဇနိယပွဲတော်မှာ အစဉ်အလာအတိုင်း ဖေဖော်ဝါရီ ၄ ရက်ကနေ ဖေဖော်ဝါရီ ၉ ရက်ထိ အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်သွားမှာ ဖြစ်ပါတယ်။ ဖေဖော်ဝါရီ ၅ ရက်နဲ့ ဖေဖော်ဝါရီ ၆ ရက်မနက် ၇ နာရီမှာ ထမနဲထိုးပွဲတွေကိုလဲ ထည့်သွင်းကျင်းပမှာဖြစ်သလို ဖေဖော်ဝါရီ ၉ ရက်မှာ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကိုလဲ ကျင်းပမှာဖြစ်ပါတယ်"ဟု ဂေါပကအဖွဲ့ဝင် ဦးအောင်ကိုက ပြောပြသည်။

သီရိမင်္ဂလာကမ္ဘာအေးစေတီတော်၏ ၇၃ ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်တွင် ဖေဖော်ဝါရီ ၉ ရက် နံနက်ပိုင်း၌ ဆွမ်းတော်ကြီးကပ်လှူပူဇော်ခြင်း၊ စေတီတော်အတွင်းတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်ကြီး ဦးဆောင်သော စေတီတော် ဩဝါဒါစရိယဆရာတော်ကြီးများအပါအဝင် ပင့်သံဃာတော် ၄၅ ပါးတို့ဖြင့် ဗုဒ္ဓါဘိသေကအနေကဇာတင် လှူပူဇော်ခြင်းများ ကျင်းပမည်ဖြစ်ကြောင်း၊ ထို့ပြင် နိုင်ငံတော်သံဃနာယကအဖွဲ့ ဆရာတော်ကြီးများဦးဆောင်သော ပင့်သံဃာတော် ၄၈ ပါးတို့ကိုလည်း ဆွမ်းဆန်စိမ်းလောင်းလှူသွားမည် ဖြစ်ကြောင်း သိရသည်။

ASH

# The Avalanche ဇာတ်ကားသစ်တွင် မင်းသမီး အဲလက်အက်ဆိုး ပါဝင်သရုပ်ဆောင်မည်

**နယူးယောက် ဇန်နဝါရီ ၁၆**

The Avalanche အမည်ရှိ ထိတ်လန့်သည်းဖို ဇာတ်ကားသစ်တွင် မင်းသမီး အဲလက်အက်ဆိုး ပါဝင် သရုပ်ဆောင်မည်ဖြစ်ကြောင်း ဇန်နဝါရီ ၁၅ ရက် သတင်းများအရ သိရသည်။

The Avalanche ဇာတ်ကားတွင် မင်းသမီး အဲလက်အက်ဆိုးသည် မင်းသား လိုတေလာပက်ဆီနှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားသည် ဆီးနှင်းပြိုကျမှုတစ်ခုကြောင့် ပြင်ပကမ္ဘာနှင့် အဆက်ပြတ်ခဲ့ရသည့် အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့၏အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

The Avalanche ဇာတ်ကားကို ဒါရိုက်တာ ဂျွန်နီကော့ဖင်းက တာဝန်ယူ ရိုက်ကူးမည်ဖြစ်ပြီး ဇာတ်ကား ရိုက်ကူးရေးလုပ်ငန်းကို ယခုလအတွင်း စတင်ရန် ထုတ်လုပ်သူများက စီစဉ်ထားကြောင်း သိရသည်။

မင်းသမီး အဲလက်အက်ဆိုးသည် The Pope's Exorcist၊ Doctor Sleep ဇာတ်ကားများဖြင့် ထင်ရှားခဲ့သော မင်းသမီးဖြစ်ပြီး လက်ရှိအချိန်တွင် The Avalanche ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို ထုတ်လုပ်သူများက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**



# ချိုချဉ်သူငယ်ချင်း ရုပ်ရှင်ဇာတ်ကား ဇန်နဝါရီလ တတိယပတ်အတွင်း ရုံတင်ပြသမည်

**ရန်ကုန် ဇန်နဝါရီ ၁၆**

မုတ်သုံ ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် ချိုချဉ်သူငယ်ချင်း ရုပ်ရှင်ဇာတ်ကားကို ဇန်နဝါရီလ တတိယပတ်အတွင်း နိုင်ငံတစ်ဝန်း ရုပ်ရှင်ရုံများတွင် ရုံတင်ပြသမည်ဖြစ်ကြောင်း အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် အဓိကသရုပ်ဆောင်အဖြစ်ပါဝင်သူ ရဲရင့်အောင်က ပြောပြ၍ သိရသည်။

အဆိုပါ ချိုချဉ်သူငယ်ချင်း ရုပ်ရှင်ဇာတ်ကား၏ ဇာတ်လမ်းကို ဒါရိုက်တာ ပြည့်ဖြိုးနိုင်က ရေးသားထားပြီး အမ်အက်စ်ဝိုင်က ဇာတ်ညွှန်းရေးထားကာ ဒါရိုက်တာ ပြည့်ဖြိုးနိုင်ကပင် မုတ်သုံရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူရိုက်ကူးထားသည့် လူငယ်အချစ်ဒရာမာဇာတ်ကား ဖြစ်ကြောင်း သိရသည်။




"လူငယ်တွေကြားမှာ မြင်နေကျ ဇာတ်လမ်းလေးဖြစ်ပေမဲ့ မတူတဲ့ရှုထောင့်ကနေ တည်ထားတဲ့ ဇာတ်အိမ်မို့ စိတ်ဝင်စားစရာကောင်းပါတယ်။ ယောကျ်ားလေးသုံးယောက်နဲ့ မိန်းကလေးနှစ်ယောက်တို့ သူငယ်ချင်းတစ်သိုက်ကြားက စနိုက်ကြော်အဖြစ်အပျက်လား။ သူငယ်ချင်းတွေကြားမှာထားရမဲ့ စည်းတွေကို ဘယ်သူတွေက ဖြတ်ကျော်ကြသလဲ။ သူတို့တစ်သိုက်က ဘယ်လိုသူငယ်ချင်းတွေလဲဆိုတာ ဒီဇာတ်ကားမှာ မြင်ရမှာပါ" ဟု ရဲရင့်အောင်က ပြောပြသည်။

အဆိုပါ ဇာတ်ကားတွင် သရုပ်ဆောင် ရဲရင့်အောင်၊ တိုင်ရွှန်၊ ရှင်မွေလ၊ ခေးဆက်သွင်၊ သံသာမိုးသိမ့်နှင့် အခြားသရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

# Captain America: Brave New World ဇာတ်ကားပြသချိန် တစ်နာရီ ၅၈ မိနစ်ထိသာရှိ

**နယူးယောက် ဇန်နဝါရီ ၁၆**

မာဗယ်စတူဒီယို၏ Captain America: Brave New World ဇာတ်ကားပြသချိန် စုစုပေါင်းမှာ တစ်နာရီ ၅၈ မိနစ် ထိသာရှိကြောင်း ဇန်နဝါရီ ၁၅ ရက် သတင်းများအရ သိရသည်။

Captain America: Brave New World ဇာတ်ကား၏ ပြသချိန်မှာ Captain America ဇာတ်ကားများအနက် ပြသချိန်အတိုဆုံး ဇာတ်ကားဖြစ်သည်။

Captain America ဇာတ်ကားများအနက် ပြသချိန်အရှည်ဆုံး ဇာတ်ကားမှာ Captain America: Civil War (2016) ဖြစ်ပြီး ပြသချိန် စုစုပေါင်း ၁၄၇ မိနစ်ရှိကြောင်း သိရသည်။

မာဗယ်စတူဒီယိုသည် Captain America: Brave New World ဇာတ်ကားကို လာမည့်ဖေဖော်ဝါရီ ၁၄ ရက်တွင် ရုံတင်ပြသရန်စီစဉ်ထားကြောင်း သိရသည်။

Captain America: Brave New World ဇာတ်ကားကို ဒါရိုက်တာ ဂျူးလီးယပ်အိုနေးက ရိုက်ကူးပေးထားပြီး အဆိုပါဇာတ်ကားတွင် မင်းသား ဟယ်ရီဆင်ဖို့၊ ဆက်ရိုလင်း၊ အန်တိုနီမက်ကီးနှင့် မင်းသမီး ရှိဆာဆာလာဇာတို့ ပါဝင် သရုပ်ဆောင်ထားကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**




# ဒဂုံမြို့နယ်ရှိ သမ္မတအဆင့်မြင့်ရုပ်ရှင်ရုံ၌ ပြုစား ရုပ်ရှင်ဇာတ်ကား Red Crapet Show ပြုလုပ်

**ရန်ကုန် ဇန်နဝါရီ ၁၆**

ဇန်နဝါရီ ၁၇ ရက်တွင် နိုင်ငံတစ်ဝန်း အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ရုံတင်ပြသမည့် ပြုစား ရုပ်ရှင်ဇာတ်ကား Red Carpet Show ကို ဇန်နဝါရီ ၁၅ ရက်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ရှိ သမ္မတအဆင့်မြင့် ရုပ်ရှင်ရုံ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို လူညိုချောနှင့် မယ်မင်းဘုံတို့က ရေးဖွဲ့ထားပြီး မယ်မင်းဘုံက ဇာတ်ညွှန်းရေးသားထားကာ မယ်မင်းဘုံကပင် ဒါရိုက်တာအဖြစ် ရွှေမြန်မာရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူရိုက်ကူးထားခြင်း ဖြစ်ကြောင်း သိရသည်။

"ဗိုက ဒီဇာတ်ကားမှာ မိုးခေတ်ဆိုတဲ့ကာရိုက်တာနဲ့ သရုပ်ဆောင်ထားပါတယ်။ သိပ်ကိုကျေနပ်အားရခဲ့တဲ့ ကာရိုက်တာလေးတစ်ခုပါ။ ပြုစားက ရှေ့မှာရိုက်ခဲ့တဲ့ ကားတွေနဲ့မတူဘူး။ ပြုစားတတ်တဲ့မိန်းမလို့ အထင်ခံရတာပါ။ တော်တော် စိတ်လှုပ်ရှားစရာကောင်းပါတယ်။ ပြုစားဇာတ်ကားက ချစ်ခြင်းတရားတွေ၊ ရိုမန့်လေးတွေပါသလို နာကြင်ခြင်းတွေ၊ မုန်းတီးခြင်းတွေလဲ ပါပါတယ်"ဟု အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် အဓိက သရုပ်ဆောင်အဖြစ်ပါဝင်သူ ရတနာဗိုက ပြောပြသည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် နေဝင်း၊ ရှိန်းတင်ထူး၊ စိုးမြတ်သူဇာ၊ ခိုင်နှင်းဝေ၊ ရတနာဗို၊ ခြူးလေးနှင့် အခြားသရုပ်ဆောင်များ ပါဝင်ထားကြောင်း သိရသည်။

ASH

# Cultivation of paddy completes in Maubin Township


Farmers cultivating paddy in a field.

**Maubin January 16**

A total of 56,845 acres of paddy has been planted in Maubin Township of Ayeyawady Region, said U Zaw Min Tun, the head of Maubin Township Agriculture Department.

Local authorities earmarked cultivation of 82,751 acres of paddy as cold season crops in Maubin Township but farmers have so far planted 56,845 acres of paddy against the target cultivation. They are trying hard to meet the target cultivation with the assistance of the Township Agriculture Depártmnent.

U Zaw Min Tun clarified: "Local farmers choose paddy strains suitable for the region and these must be high yield. Our department helps local farmers grow paddy without any difficulties. Moreover, we share agricultural techniques and prevention of pests with local farmers."

Officials of the Township Agriculture Department provide local farmers with agricultural techniques, postharvest technology, agricultural inputs and fertilizers.

Kyaw Kyaw Lin

# Farmers harvest more than 60,000 acres of monsoon paddy in Homalin Township

**Homalin January 16**

The statistics of Homalin Township Agriculture Department mentioned that a total of 61,271 acres of monsoon paddy has been harvested in Homalin Township of Sagaing Region.

Farmers started harvesting of paddy in October 2024, and they have so far harvested 61,271 acres out of 63,263 acres of monsoon paddy in the township, yielding 79.14 baskets of paddy per acre.

Daw Su Su Htwe, Head of Homalin Township Agriculture Department said: "Local farmers grew more than 63,000 acres of monsoon paddy in Homalin Township. So far, they have reaped over 61,000 acres of paddy. Our department helped local farmers with necessary technology and quality strains of crops. Moreover, we made field trips to inspect timely cultivation of monsoon paddy."

Officials of the township Agriculture Department cooperated with local farmers in successful cultivation of monsoon paddy without any difficulties.

Moreover, officials of the department share agricultural techniques with local farmers in addition to prevention of pests, minimizing loss and waste of crops and keeping crops under shelter in time.

Agricultural staff joined hands with local farmers in selecting quality seeds, preventing pests, weeding paddy plantations, removing different strains of crops and systematically using fertilizers. 206


Monsoon paddy being harvested with the aid of machinery.

# Shwebo Township finishes cultivation of more than 4,000 acres of vegetables this cold season

**Shwebo January 16**

A total of 4,535 acres of vegetables have been planted in Shwebo Township of Sagaing Region this cold season, according to the Shwebo Township Agriculture Department.

Local authorities plan to grow 4,586 acres of vegetables in the township as cold season crops in 2024-25 winter but farmers planted 4,535 acres of crops against the target cultivation.

U Hsan Oo, Head of Shwebo Township Agriculture Department, disclosed: "Farmers finished cultivation of 4,535 acres of vegetables. They grow chilli, cabbage, mustard, potato, spicy, eggplant, cauliflower, cucumber, tomato, coriander and other crops. Our department helped local farmers grow the crops in GAP system, urging them to produce healthy crops with least chemical residue with technical assistance."

Officials of the Shwebo Township Agriculture Department conducted training courses for enhancement of capacity of farmers to successfully grow vegetables and produce healthy crops with more plans to expand sown acreage of crops.

Currently, vegetable plantations are thriving in Shwebo Township. Farmers cultivate seasonal vegetables yearly. Hence, they can earn increased incomes for their families. Meanwhile, officials of the Township Agriculture Department urged local farmers to apply correct agricultural techniques, prevent pests and make natural fertilizers and pesticides with the use of domestic raw materials so as to cut agricultural cost. 206

# Canada's PM, premiers issue joint statement in response to potential U.S. tariffs

**Ottawa January 16**

Canadian Prime Minister Justin Trudeau said Wednesday that "nothing is off the table" in response to possible U.S. tariffs after meeting with the provincial and territorial premiers.

Trudeau met with the premiers in Ottawa to discuss the threat of tariffs from U.S. President-elect Donald Trump.

Trump has threatened to impose a 25 percent tariff on all Canadian goods into the United States unless Canada tightens border security.

A joint statement between Ottawa and the premiers was issued on Wednesday to demonstrate the collaborative efforts to prevent U.S. tariffs.

Trudeau said the excellent conversation saw the agreement that no one region of Canada should "disproportionately bear the burden" in response to the tariffs.

However, oil-producing province Alberta didn't sign the joint statement.

Alberta Premier Danielle Smith said that if the federal government imposed an export ban on Alberta oil going to the United States as a retaliatory measure, it would prompt a "national unity crisis."

The premiers are committed to continuing to work together on a full range of measures to ensure a robust response to possible U.S. tariffs, including supports for sectors, businesses, and individuals, the statement said.

Xinhua

# World Bank approves 257.8-mln-USD financing to improve water supply services in Lebanon

**Beirut January 16**

The World Bank approved on Wednesday a 257.8-million-U.S. dollar financing to improve water supply services in Greater Beirut and Mount Lebanon.

A statement released by the World Bank noted that the Second Greater Beirut Water Supply Project will finance the completion of bulk water infrastructure initiated and advanced under a previous project, and repair water infrastructure that may have been damaged by the conflict.

The project aims to increase water supply coverage for the 1.8 million people residing in the Greater Beirut and Mount Lebanon area, significantly reducing reliance on private water tankers, which are up to 10 times more expensive, it said, adding that this infrastructure investment will boost surface water supply to meet on average 70 percent of the demand during the dry season, up from 24 percent.

"The Second Greater Beirut Water Supply Project reflects the World Bank's continued commitment to support Lebanon's long-term development needs, despite the recent conflict and recurrent crises," said Jean-Christophe Carret, World Bank country director for the Middle East department.

Despite having one of the highest precipitation levels in the region, Lebanon faces shortages in water availability, due largely to the seasonal concentration of rainfall and insufficient surface water storage.

Climate change may halve dry-season water by 2040 and intensify floods and droughts, the statement said.

Xinhua

# Merchants sell 75,000 baskets of Ziya rice to Yangon market in December



Workers stockpiling bags of rice in a warehouse.

**Mawlamyinegyun January 16**

Merchants from Mawlamyinegyun Township of Ayeyawady Region sold 75,000 bags of rice to Yangon market in December, said Daw Thin Thin Aye, the owner of rice and paddy commodity wholesale centre in Mawlamyinegyun Township.

They supplied 55,000 bags of Ziya rice to Yangon market in November but 75,000 bags in December.

Daw Thin Thin Aye explained: "Many bags of Ziya rice was sent to Yangon market last month. Merchants sell agricultural products to Yangon market only. Ziya is good in consumption. High demand from Yangon market creates a large purchase for Ziya rice from Mawlamyinegyun Township in January 2025. In fact, sale of Ziya rice is larger than other types of rice in domestic market."

Ziya rice fetches K105,000 per bag in Yangon market. Thanks to high demand for Ziya rice, local businesspersons and those in production chains are convenient in managing their livelihoods.

Kyaw Kyaw Lin

# Pyapon Township sees surge in soft-shell crab shipments to Yangon, reaching 76,000 viss in December

**Pyapon January 16**

In Ayeyawady Region, Pyapon Township, Pyapon District, soft-shell crabs weighing up to 76,000 viss were transported and sold to the Yangon market during the past December, according to Daw Ei Ei Htay, a seafood trading business owner in Pyapon Township.

In November 2023, Pyapon Township shipped only 53,000 viss of soft-shell crabs to the Yangon market. However, from December 1 to 31, 2024, the volume increased to 76,000 viss. It is reported that the Yangon market has been actively purchasing these soft-shell crabs.

"From Pyapon Township, we transported seafood products, including soft-shell crabs, to the Yangon market. Last month, we shipped up to 76,000 viss of soft-shell crabs. Currently, in January, the Yangon market continues to purchase seafood products from our region. The increased demand for crabs is due to both domestic needs and emerging export markets. As crab sales have improved, fishery business owners have been able to expand their trading operations," said Daw Ei Ei Htay.

Pyapon Township ships various seafood products, including flower crabs, to the Yangon market. The price of soft-shell crabs has reached up to 275,000 kyats per 10 viss. The increased demand for these crabs has benefited fishermen, traders, and truck rental business owners, improving their livelihoods.

Kyaw Kyaw Lin



Soft-shell crabs seen at a market.

# Cultivation of more than 2,000 acres of kenaf finishes in Wakema Township

**Wakema January 16**

A total of 2,500 acres of kenaf plants have been grown in Wakema Township of Ayeyawady Region this cold season of 2025, said Daw Khin Htay Myint, Head of Myaungmya District Department of Agriculture.

Local authorities earmarked cultivation of 2,500 acres of kenaf as cold season crops this year. So, local farmers placed all 2,500 acres of land under kenaf at 100 per cent starting from November 2024.

Daw Khin Htay Myint explained: "Now, local farmers have met a target cultivation of kenaf on 2,500 acres of land. They used seeds of kenaf in the plantations. Parts of these plants will be used as natural fertilizers at the monsoon crop plantations. Thanks to natural fertilizers of kenaf, paddy plants have higher effects of fertile soil and lesser unacceptable soil bacteria. Moreover, it contributes to lesser environmental impacts."

Officials from Department of Agriculture, Administration Body, Department of Agricultural Mechanization, agricultural companies and organizations as well as Department of Irrigation and Water Utilization Management join hands with local farmers in growing kenaf which can produce one to three baskets of chemical fertilizers with content of nitrogen.

Kyaw Kyaw Lin

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ ammunition is tantamount to protecting the lives and property of innocent people.

# Labutta Township ships 76,000 viss clams to Yangon market in December

**Labutta January 16**

Local merchants and fishermen from Labutta Township of Ayeyawady Region sent 76,000 viss of clam to Yangon market in December 2024, said Daw Thin Hlaing, the owner of fishery product commodity centre in Labutta Township.

They send sea clams captured naturally to Yangon market. In November 2024, they sold 49,000 viss of clam to Yangon, compared to 76,000 viss in December.

Daw Thin Hlaing remarked: "As sea food, clams are in high demand at domestic markets. Merchants sent larger volume of clams in December than November 2024. They emphasize sale of sea clams to Yangon market. Now, high trading of clams contribute to creation of job opportunities for local fishermen and to earn increased incomes."

Fishery entrepreneurs in Labutta Township process sea food such as fish, shrimps and clams in systematic packaging to be sent to Yangon market which is a focal point to distribute fishery products to other regions and states.

Kyaw Kyaw Lin



Clams seen at a market.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အီရန်က အကွာအဝေးကီလိုမီတာ ၂၀ ထိ တိုက်ပွဲဝင်နိုင်သည့် ကာမီကာဇီဒရုန်းကို ထုတ်ဖော်ပြသ



အီရန်နိုင်ငံ အစ္စလာမ့်စ်တော်လှန်ရေး အစောင့်တပ်ဖွဲ့ (IRGC) သည် အကွာအဝေး ကီလိုမီတာ ၂၀ ထိ တိုက်ပွဲဝင်နိုင်သည့် ကာမီကာဇီဒရုန်း သို့မဟုတ် Loi-tering Muntion အသေခံတိုက်ခိုက်ရေး ဒရုန်းတစ်မျိုးကို မိတ်ဆက်ပြသခဲ့ကြောင်း The Defense Post သတင်းဌာနက ဇန်နဝါရီ ၁၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Razvan ဟု အမည်ပေးထားသော အဆိုပါကာမီကာဇီဒရုန်းကို မကြာသေးမီက Payambar-e Azam (The Great Prophet) 19 စစ်ရေးလေ့ကျင့်မှုအတွင်း ထုတ်ဖော်ပြသခဲ့ခြင်းဖြစ်သည်။ အီရန်နိုင်ငံပိုင် မီဒီယာများ၏အဆိုအရ ကာမီကာဇီဒရုန်းသည် မြင်ကွင်းမှတိုက်ရိုက်ထိန်းချုပ်နိုင်စေရန် ဒရုန်းရှေ့ဘက်တွင် ကင်မရာတပ်ဆင်ထားကြောင်း သိရသည်။ ဒရုန်းကို ဆလင်ဒါပုံစံဒုံးပစ်လောင်ချာမှ လွှတ်တင်နိုင်ပြီး ပစ်မှတ်ကို ရွေးချယ်ရန်၊ လော့ခ်ချရန်နှင့် တိုက်ခိုက်ချေမှုန်းရန် လေထဲတွင် မိနစ် ၂၀ ကြာ ပျံဝဲနေနိုင်စွမ်းရှိသည်။

ကျွန်ုပ်တို့၏ဒရုန်းများသည် စစ်ဆင်ရေးများကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပြီး သရုပ်ဖော်ပြသ၊ စမ်းသပ်မှုများအတွင်း ကျွန်ုပ်တို့၏အခြေစိုက်စခန်းများအတွက် ခြိမ်းခြောက်မှုအမျိုးမျိုးချေမှုန်းပစ်နိုင်ခဲ့သည်ဟု IRGC ကြည်းတပ်မှ မြေပြင်တပ်မှူးဗိုလ်မှူးချုပ် Mohammad Pakpour က ပြောကြားခဲ့သည်။ စတင်တိုက်ပွဲဝင်ဖြန့်ကြက်လာနိုင်ပါက Razvan တိုက်ခိုက်ရေးဒရုန်းများကို IRGC တပ်ဖွဲ့၏ ကာကွယ်ရေးစွမ်းရည် အဆင့်မြှင့်တင်ရန် အထူးသဖြင့် စိန်ခေါ်မှုများသောတောင်ထူထပ်သည့် မြေမျက်နှာသွင်ပြင်များ၌တပ်စွဲသွားလိမ့်မည်ဟု မျှော်မှန်းထားကြောင်း သိရသည်။

Razvan တိုက်ခိုက်ရေးဒရုန်းကို ထုတ်ဖော်ပြသနိုင်ခဲ့မှုတွင် အီရန်သည် အစ္စရေးထုတ်ဒရုန်းဒီဇိုင်းများကို ကူးယူနေသည်ဟု နိုင်ငံတကာ သတင်းမီဒီယာတချို့က စွပ်စွဲမှုများနှင့် အငြင်းပွားမှုများ ပေါ်ပေါက်စေခဲ့သည်။ Razvan ဒရုန်းသည် အကွာအဝေး ကီလိုမီတာ ၂၀၀ ထိ ရောက်ရှိစစ်ဆင်နိုင်သည့် UVision ထုတ် Hero ဒရုန်းအုပ်စုဝင် အမျိုးအစားဟု ထင်မှတ်မှားရလောက်အောင် ဆင်တူလှသည်။ အစ္စရေးထုတ် Hero တိုက်ခိုက်ရေးဒရုန်းများကဲ့သို့ Razvan ဒရုန်းတွင် ပျံသန်းမှုအလယ်လောက်၌ ဖြန့်ကြက်၊ ခေါက်သိမ်းထားနိုင်သည့် တောင်ပံလေးခုပါရှိပြီး အချိန်နှင့်တစ်ပြေးညီ အာရုံခံသိရှိနိုင်ရန်အတွက် Electro-Optical နှင့် Infrared ကင်မရာများ တပ်ဆင်ထားသည်။ ၎င်းဒရုန်းများသည် အရွယ်အစားအားဖြင့် တူညီကြပြီး လှုပ်ရှားစစ်ကစားပျံသန်းနိုင်မှုနှင့် ကိုယ်ပျောက်စွမ်းရည်များပါ တိုက်ဆိုင်နေလျက်ရှိကြောင်း သိရသည်။

အီရန်နိုင်ငံက Razvan တိုက်ခိုက်ရေးဒရုန်းကို မိတ်ဆက်လိုက်ခြင်းသည် ၎င်း၏ ကာကွယ်ရေးစွမ်းရည်ကို အားကောင်းစေရန်အတွက် မဟာဗျူဟာမြောက် ဒရုန်းသစ်အစင်းရေ ၁၀၀၀ ကို စစ်ဘက်တွင် တပ်ဆင်ပေးနိုင်ရန် နိုင်ငံ၏ပိုမိုကျယ်ပြန့်သော ရည်မှန်းချက် တစ်စိတ်တစ်ပိုင်းဖြစ်သည်။ အီရန်နိုင်ငံ ဒေသတွင်း တင်းမာမှုများ မြင့်တက်နေချိန်တွင် ဤလှုပ်ရှားမှုသည် IRGC အစောင့်တပ်ဖွဲ့၏ တိုက်ပွဲဝင်တိကျမှု၊ ရွေ့လျားစစ်ကစားနိုင်မှုနှင့် ထောက်လှမ်းရေးစွမ်းရည်များကို မြှင့်တင်ရန် ရည်ရွယ်ထားကြောင်း ကြည်းတပ်ဦးစီးချုပ် Kiomars Heidari က ထုတ်ဖော်ပြောကြားခဲ့သည်။

**Iran Unveils 'Razvan' Kamikaze Drone With 20-Kilometer Range ကို ဘာသာပြန်ဆိုထားပါသည်။**

## တရုတ်တပ်မတော်က တိုက်ခိုက်ရေးမဟာဗျူဟာများ တိုးတက်ပြောင်းလဲကျင့်သုံးလာ

တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော် ကြည်းတပ်(PLAGF)၏ ပေါင်းစည်းလက်ရုံး တပ်မဟာတစ်ခုက နိုင်ငံပိုင်ရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသခဲ့သည့် စစ်ရေးလေ့ကျင့်မှုသည် တရုတ်တပ်မတော်၏တိုက်ခိုက်ရေးမဟာဗျူဟာများ တိုးတက်ပြောင်းလဲကျင့်သုံးလာမှုကိုမီးမောင်းထိုးပြခဲ့သည်ဟု Army Recognition သတင်းဌာနက ဇန်နဝါရီ ၁၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဗဟိုစစ်နယ်ဝန်း ကွပ်ကဲမှုဌာနချုပ် အမှတ်(၈၁)တပ်တော်က ဦးဆောင်ပြုလုပ်ခဲ့သော အဆိုပါစစ်ရေးလေ့ကျင့်မှုသည် တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်များနှင့် ခံစစ်ဇုန်အတွင်း ချေမှုန်းရေးနည်းစနစ်များကိုပြောင်းလဲလာသော ခေတ်သစ်စစ်ပွဲသဘောသဘာဝများနှင့်အညီ မည်သို့ပေါင်းစည်းလုပ်ဆောင်နိုင်သည်ကို သရုပ်ပြသခဲ့ခြင်းလည်းဖြစ်သည်။

ဤစစ်ရေးလေ့ကျင့်မှုများ၏ထူးခြားချက်တစ်ခုမှာ ဒရုန်းခြိမ်းခြောက်မှုများကို တန်ပြန်ရန်အတွက် Type 99A နှင့် Type 15 တင့်ကားများတွင် အထူးပြုလုပ်ထားသည့် သံမဏိလှောင်အိမ်များ တပ်ဆင်အသုံးပြုထားခြင်းဖြစ်သည်။

ထိုအချက်သည် မကြာသေးမီက ကမ္ဘာလုံးဆိုင်ရာပဋိပက္ခများမှ သင်ခန်းစာများကို ရှင်းလင်းစွာနားလည်သဘောပေါက်ထားကာ အထူးသဖြင့် ရုရှား၏ယူကရိန်းအထူးစစ်ဆင်ရေးတွင် ထောက်လှမ်းခြင်းနှင့် ထိုးစစ်ဆင်တိုက်ခိုက်ခြင်းများ၌ မောင်းသူမဲ့လေယာဉ်များ၊ ဒရုန်းများ၏ အရေးပါသောအခန်းကဏ္ဍကို မီးမောင်းထိုးပြထားသည်။ အမေရိကန်နှင့်ရုရှားအပါအဝင် အခြားစစ်ဘက်ထိပ်တန်းနိုင်ငံများတွင် အလားတူလုပ်ဆောင်မှုများကို သတိပြု လိုက်ပါလုပ်ဆောင်လာသည့်အတွက် တရုတ်နိုင်ငံ၏ စစ်ရေးလေ့ကျင့်မှုများသည် အထူးအဆန်းမဟုတ်ကြောင်း သိရသည်။

စစ်ရေးလေ့ကျင့်မှုများတွင် စစ်လက်ရုံးကဏ္ဍအသီးသီးကြား ထိရောက်သော ပူးပေါင်းဆောင်ရွက်မှုကို ပြသခဲ့ပြီး Type 99A တင့်ကားများ၊ Type 04A ခြေလျင်တိုက်ခိုက်ရေးယာဉ်များ၊ ယန္တရားတင် ခြေလျင်တပ်ရင်းများနှင့် အင်ဂျင်နီယာလုပ်ငန်းသုံး အထူးပြုယာဉ်များကို ခံစစ်နယ်မြေတစ်ခုတွင် သဏ္ဍာန်တူလေ့ကျင့်မှုအသွင်ဖြင့် ပြုလုပ်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။ အင်ဂျင်နီယာလုပ်ငန်းသုံးယာဉ်များကို မိုင်းရှင်းလင်းခြင်းနှင့် အတားအဆီးများဖယ်ရှားရန် တာဝန်ပေးထားပြီး မောင်းသူမဲ့လေယာဉ်များသည် ခံစစ်နယ်ပယ်အတွင်းရန်သူ့မြင်နိုင်စွမ်းအား လျော့ကျစေရန် မီးခိုးမှိုင်းကာချခြင်းကို ဆောင်ရွက်ခဲ့ကြသည်။ မောင်းသူမဲ့စနစ်များကို သမားရိုးကျစစ်နည်းဗျူဟာများအဖြစ် ပေါင်းစည်းလုပ်ဆောင်နိုင်ခြင်းသည် ကမ္ဘာတစ်ဝန်းရှိ စစ်ဆင်ရေးများကို ပြောင်းလဲပစ်နိုင်သည့် ပိုမိုကျယ်ပြန့်သော အခင်းအကျင်းကို ထင်ဟပ်စေလျက်ရှိကြောင်း သိရသည်။



မည်သို့ပင်ဖြစ်စေကာမူ ဤနည်းဗျူဟာမြောက် စစ်ရေးလေ့ကျင့်မှုများသည် တရုတ်(တိုင်ပေ)နှင့် ထိပ်တိုက်တွေ့မည့် အလားအလာအပေါ် ကြိုတင်ပြင်ဆင်ခြင်းဟုလည်း ဆိုနိုင်သည်။ တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်(PLA)၏ နည်းပညာနှင့် နည်းဗျူဟာဆိုင်ရာ တိုးတက်ဖွံ့ဖြိုးမှုများသည် ရှုပ်ထွေးသော ကုန်းရေနှစ်သွယ် စစ်ဆင်ရေးများ အောင်မြင်စွာလုပ်ဆောင်ရန်နှင့် အဆင့်မြင့်ကာကွယ်ရေးစနစ်များကို ဖယ်ရှားရှင်းလင်း၍ လွတ်လပ်စွာထိုးစစ်ဆင်နိုင်ရန် လုပ်ဆောင်လာခြင်းမျိုးဖြစ်ကြောင်း သိရသည်။ ခိုင်မာအားကောင်းသည့် စစ်ရေးစွမ်းအားရှင် တရုတ်နိုင်ငံအနေဖြင့် ခေတ်နှင့်အညီနည်းဗျူဟာမြောက် ပြင်ဆင်လေ့ကျင့်မှုများနှင့်အတူ ထိုင်ဝမ်ရေလက်ကြားဒေသရှိနိုင်ငံ၏ မဟာဗျူဟာရည်မှန်းချက်များကိုထုတ်ဖော်ပြသခဲ့ပြီး မကြာမီကာလအတွင်း တင်းမာမှုများတိုးမြင့်လာနိုင်ခြေအပေါ် နိုင်ငံတကာစစ်ရေးလေ့လာအကဲခတ်သူများက စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

**China Adapts Modern Conflict Lessons to Strengthen Anti-Drone and Fortified Zone Tactics ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# မုံရွာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာသီးနှံ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**မုံရွာ ဇန်နဝါရီ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာသီးနှံကို လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မုံရွာမြို့နယ်တွင် နေကြာ ၇၇၅၅ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၄ခုနှစ် အောက်တိုဘာလ မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၇၈၄၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သဖြင့်လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မုံရွာမြို့နယ်မှာ နေကြာ ၇၇၅၅ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၇၈၄၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်လို့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်စေဖို့ ဆောင်ရွက်ပေးပါတယ်။ နေကြာတစ်ဧက ဆီထွက်ရှိမှုက မြေပဲ၊ နှမ်းတွေထက်ပိုများတယ်" ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

ယခုနှစ် မုံရွာမြို့နယ်တွင် နေကြာ စိုက်တောင်သူများကို မျိုးစေ့များပံ့ပိုးပေးနိုင်ရေး၊ ယူရီးယားဓာတ်မြေဩဇာများ ချိုသာသောဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ရေးစီမံထားခြင်း၊ ထွက်ရှိသော နေကြာမျိုးများကို တောင်သူမှ တောင်သူသို့ ဖလှယ်သည့်နည်းစနစ်များဖြင့် ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မုံရွာမြို့နယ်တွင် ဆီထွက်သီးနှံ နေကြာကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက နိုင်ငံတွင်း ဆီစားသုံးမှုဖူလုံစေပြီး ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်သောကြောင့် နေကြာကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ (၂၀၆)

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ပန်းကဏန်းပိသာချိန် ယခင်လကထက် ပိုမိုတင်ပို့ရောင်းချနိုင်ခဲ့

**လပွတ္တာ ဇန်နဝါရီ ၁၆**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်ဒီဇင်ဘာလအတွင်း ပန်းကဏန်းပိသာချိန် ယခင်လကထက် ပိုမိုတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြငွေးက ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်နိုဝင်ဘာလအတွင်း ပန်းကဏန်းပိသာချိန် ၅၀၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ပြီး ဒီဇင်ဘာ ၁ ရက်မှ ၃၁ ရက်ထိ ပန်းကဏန်းပိသာချိန် ၇၄၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါပန်းကဏန်းများကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများနေကြောင်း သိရသည်။

"လပွတ္တာမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ပန်းကဏန်းတွေအပါအဝင် ရေထွက်ကုန်တွေကိုတင်ပို့ရောင်းချနေပါတယ်။ ဒီဇင်ဘာလအတွင်း ပန်းကဏန်းပိသာချိန် ၇၄၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ လက်ရှိမှာလဲ ဒီဘက်ကနေ တင်ပို့ရောင်းချတဲ့ ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများနေပါတယ်။ ပန်းကဏန်းတွေ ဝယ်ယူမှုများနေတာက ပြည်တွင်းလိုအပ်ချက်နဲ့ ပြည်ပဈေးကွက်ရှိလာတာကြောင့် ဖြစ်ပါတယ်။ ပန်းကဏန်းတွေ ဝယ်ယူအားကောင်းလာတော့ ရေလုပ်ငန်းလုပ်ကိုင်သူတွေ အဆင်ပြေလာတာတွေ့ရပါတယ်" ဟု လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြငွေးက ပြောပြသည်။



လပွတ္တာမြို့နယ်မှ ပန်းကဏန်းများအပါအဝင် ရေထွက်ကုန်များကိုရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး တင်ပို့ရောင်းချနေသည့် ပန်းကဏန်းပိသာချိန် ၁၀ လျှင် ငွေကျပ် ၂၈၅၀၀၀ ထိပေါက်ဈေးရှိကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြငွေးထံမှ သိရသည်။

**ကျော်ကျော်လင်း**

# မှော်ဘီမြို့နယ် ရိုးကြီးကျေးရွာ၌ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများစစ်ဆေး

**မှော်ဘီ ဇန်နဝါရီ ၁၆**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီခရိုင် မှော်ဘီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများ၏ ထုတ်ကုန်၊ ထွက်ကုန်များ ကုန်ကျစရိတ် သက်သာစွာဖြင့် ဈေးကွက်အတွင်းသို့ လျင်မြန်စွာရောက်ရှိစေရန်ရည်ရွယ်၍ ရိုးကြီးကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း၊ တံတားများဖောက်လုပ်နေမှုအခြေအနေများကို ဇန်နဝါရီ ၁၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင်မှော်ဘီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးကျော်သူနှင့် ဝန်ထမ်းများက ရိုးကြီးကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းနှင့် ၎င်းလမ်းပေါ်ရှိ Slab Culvert တံတားတစ်စင်းတည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရပ်မိရပ်ဖများ၊ ကုမ္ပဏီမှတာဝန်ရှိသူများ၊ ကုန်ထုတ်လမ်းဖြစ်မြောက်ရေး လမ်းကော်မတီဝင်များနှင့်တွေ့ဆုံကာ လုပ်ငန်းများသတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ရိုးကြီးကျေးရွာရှိ လမ်းအရှည် ၁ ဒသမ ၄၅၆ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့်ကိုးလက်မရှိကျေးလက်ကုန်ထုတ်လမ်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရခွင့်ပြုရန်ပုံငွေကျပ် ၄၉ ဒသမ ၆၆ သန်းဖြင့် တင်ဒါအောင်မြင်သည့် လင်းသီဟကုမ္ပဏီမှ ၂၀၂၄ ခုနှစ် ဇွန်လတတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

**မောင်ခိုင်**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၁၆-၁-၂၀၂၅

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| ဧည့်ဗီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၃၅၀၀/၁၄၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၈၂၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၄၅၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၇၉၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၃၁၉၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၂၇၅ |

(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်)

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)



ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင် လေယာဉ်မောင်းသင်တန်း အမှတ်စဉ်(၈၆)မှ စံပြလေသူရဲဆုရ လေ ၄၅၄၄ ဗိုလ်ဆက်နိုင်လွင်အား ဆုပေးအပ်ချီးမြှင့်စဉ်။



ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင် လေယာဉ်မောင်းသင်တန်း အမှတ်စဉ်(၈၆)မှ လေယာဉ်မောင်းထူးချွန်ဆုရ လေ ၄၅၄၄ ဗိုလ်ဆက်နိုင်လွင်အား ဆုပေးအပ်ချီးမြှင့်စဉ်။



ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင် လေယာဉ်မောင်းသင်တန်း အမှတ်စဉ်(၈၆)မှ စာပေထူးချွန်ဆုရ လေ ၄၅၈၈ ဗိုလ်ဒေါ်ယုဇနထွန်းအား ဆုပေးအပ်ချီးမြှင့်စဉ်။

ရှေ့ဖုံးမှအဆက်

ထို့နောက် ကျောင်းဆင်းတပ်ခွဲနှင့် ဂုဏ်ပြုတပ်ခွဲများက ကာကွယ်ရေးဦးစီးချုပ်(လေ)အား အနေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုကြသည်။

ယင်းသို့ တပ်ခွဲများက အနေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြစဉ် နည်းပြလေသူရဲများက အမောင်းသင်လေယာဉ်များ၊ အမောင်းသင်ရဟတ်ယာဉ်များဖြင့် အုပ်ဖွဲ့ပျံသန်း၍ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်အား အလေးပြုကြသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်က ကျောင်းဆင်းအရာရှိများအား လေသူရဲတောင်ပံများကို တစ်ဦးချင်းအပ်နှင်းသည်။

ဆက်လက်၍ ကာကွယ်ရေးဦးစီးချုပ်(လေ)က လေယာဉ်မောင်းသင်တန်း အမှတ်စဉ်(၈၆)မှ စံပြလေသူရဲဆုနှင့် လေယာဉ်မောင်းထူးချွန်ဆုရ လေ ၄၅၄၄ ဗိုလ်ဆက်နိုင်လွင်အားလည်းကောင်း၊ စာပေထူးချွန်ဆုရ လေ ၄၅၈၈ ဗိုလ်ဒေါ်ယုဇနထွန်းအားလည်းကောင်း ထူးချွန်ဆုများအသီးသီး ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်က သင်တန်းဆင်းမိန့်ခွန်းပြောကြားရာတွင် တပ်မတော်(လေ)အတွက်သာမက နိုင်ငံတော်နှင့် တပ်မတော်အတွက်ပါ အားသစ်လောင်းမည့် မျိုးဆက်သစ်လေသူရဲများကို အောင်မြင်စွာလေ့ကျင့်မွေးထုတ် ပေးနိုင်ခဲ့သည့်အတွက် မင်္ဂလာအပေါင်းနှင့်ပြည့်စုံသည့်နေ့တစ်နေ့ဖြစ်ကြောင်း။ လေသူရဲများဖြစ်လာအောင် လေ့ကျင့်ပေးရာတွင် နိုင်ငံတော်အနေဖြင့် မျှော်မှန်းချက်ကြီးမားစွာထားရှိပြီး အချိန်ပေါင်းများစွာ၊အရင်းအမြစ်ပေါင်းများစွာ၊ငွေပေါင်းများစွာ အကုန်အကျခံဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်နှင့်တပ်မတော်၏မျှော်မှန်းချက်များ အကောင်အထည်ပေါ်လာရေးအတွက် မိမိကိုယ်မိမိတန်ဖိုးထားပြီး ကြိုးပမ်း တာဝန်ထမ်းဆောင်သွားကြရန် မှာကြားလိုကြောင်း။

သင်တန်းဆင်းပြီးနောက် သက်ဆိုင်ရာပျံသန်းရေးအုပ်များကို ရောက်ရှိသွားချိန်တွင် တစ်ဦးချင်းအနေဖြင့် ပျံသန်းရေးနှင့် စစ်ဆင်ရေးတာဝန်များ ထမ်းဆောင်ရမည်ဖြစ်ပြီး အရာရှိများဖြစ်သည့်အတွက် ခေါင်းဆောင်မှုတာဝန်များကိုပါ ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် လက်အောက်ငယ်သားများ၏ ရိုသေလေးစားမှု၊ ယုံကြည်ကိုးစားမှု၊ သစ္စာရှိစွာ လိုက်ပါလုပ်ဆောင်မှုတို့ရရှိလာအောင် ခေါင်းဆောင်မှုအင်္ဂါရပ် ၁၆ ရပ်နှင့်အညီ ကြိုးပမ်းတည်ဆောက်ကြရမည်ဖြစ်ပြီး ရည်မှန်းချက်တာဝန်များကိုပါ ပြီးမြောက်အောင်မြင်အောင် ထမ်းဆောင်နိုင်စွမ်းရှိသည့် ခေါင်းဆောင်ကောင်းများ ဖြစ်လာမည်ဖြစ်ကြောင်း၊စစ်ဆင်ရေးတာဝန်များ ထမ်းဆောင်တိုက်ပွဲဝင်ရာတွင်ဖြစ်စေ၊ လေ့ကျင့်ရေး၊ အုပ်ချုပ်ရေးနှင့်အခြားတာဝန်များကို ထမ်းဆောင်ရာတွင်ဖြစ်စေ၊ စိတ်ဓာတ်မြင့်မားခိုင်မာနေမှသာ ပေးအပ်သည့်လုပ်ငန်းတာဝန်များကို အောင်အောင်မြင်မြင် အကောင်အထည်ဖော် ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ လေယာဉ်၊ ရဟတ်ယာဉ်များကို မောင်းနှင်ပျံသန်းတိုက်ပွဲဝင်ကြရမည့်သူများအနေဖြင့် တိုက်ပွဲဝင်လိုစိတ်၊ စစ်အောင်လိုစိတ်အမြဲမြင့်မားနေရမည်ဖြစ်ပြီး စိတ်ဓာတ်ကြံ့ခိုင်ကောင်းမွန်အောင်၊ခံယူချက်ယုံကြည်ချက်မြင့်မားခိုင်မာနေအောင် ကြိုးစားလေ့ကျင့်တည်ဆောက်သွားကြရန်မှာကြားလိုကြောင်း။

မြန်မာနိုင်ငံသား တပ်မတော်သားလေသူရဲများဖြစ်သည့်အတွက် နိုင်ငံတော်က ထုတ်ပြန်ထားသော ဥပဒေစည်းမျဉ်းစည်းကမ်းများ၊တပ်မတော်ကထုတ်ပြန်ထားသည့်အမိန့်နှင့်ညွှန်ကြားချက်များ၊ဒေသန္တရအမိန့်များ၊လုပ်ထုံးလုပ်နည်းများကို အပြည့်အဝလိုက်နာစောင့်ထိန်းရမည်ဖြစ်ပြီး ပျံသန်းရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းနှင့် သတ်မှတ်ချက်များကိုလည်း အတိအကျလိုက်နာလုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ စွမ်းဆောင်ရည်မြင့်မားပြီး တိုက်စွမ်းရည်ပြည့်ဝသည့် လေသူရဲကောင်းများဖြစ်လာစေရန် ပျံသန်းရေးနှင့် လုပ်ငန်းခွင်ဆိုင်ရာစည်းမျဉ်းစည်းကမ်းများ၊လုပ်ထုံးလုပ်နည်းများ၊ကန့်သတ်ချက်၊ သတ်မှတ်ချက်များကို ခြွင်းချက်မရှိ အတိအကျလိုက်နာစောင့်ထိန်းကြရန်မှာကြားလိုကြောင်း၊ လေသူရဲတစ်ဦးအတွက် ကျန်းမာရေးကောင်းမွန်ရန်၊ ကိုယ်ခန္ဓာကြံ့ခိုင်မှုရှိရန် လွန်စွာအရေးကြီးကြောင်း၊ ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်နေမှသာ စိတ်ဓာတ်ခွန်အားကောင်းမွန်မြင့်မားပြီး မှန်ကန်မြန်ဆန်သည့်ဆုံးဖြတ်ချက်များ ချမှတ်နိုင်ကာ ပေးအပ်သည့်စစ်ဆင်ရေးနှင့်ပျံသန်းရေးတာဝန်များကို နေရာအချိန်အခါမရွေး အင်ပြည့်အားပြည့် ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း။

လေကြောင်း အာကာသနယ်ပယ်တွင်လည်း လေကြောင်းစွမ်းအားစုများသည် စစ်ပွဲအောင်နိုင်ရေးအတွက်သာမက နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထု၏ လူနေမှုဘဝအေးချမ်းတိုးတက်ပြည့်စုံရေးအတွက်ပါ ဘက်ပေါင်းစုံကအထောက်အကူများစွာပြုလျက်ရှိကြောင်း၊ လေကြောင်းစွမ်းအားစုများ၏ အခြေခံလိုအပ်ချက်ဖြစ်သည့် သိပ္ပံနည်းပညာရပ်များ၊ စစ်နည်းဗျူဟာများ၊စစ်ဆင်အသုံးချမှုနည်းလမ်းများလည်း အချိန်နှင့်အမျှ တိုးတက်ဖွံ့ဖြိုးပြောင်းလဲဖြစ်ပေါ်လျက်ရှိကြောင်း၊ ယခင်က Super-sonic နည်းပညာသည် ရှေ့တန်းကရှိခဲ့ရာမှ ယခုအခါ Hypersonic အဆင့်သို့တက်လှမ်းနေပြီဖြစ်ကြောင်း၊ ခေတ်မီအဆင့်မြင့်သိပ္ပံနှင့်နည်းပညာများ၊ စစ်နည်းဗျူဟာနှင့် စစ်ဆင်မှုနည်းလမ်းများကို စဉ်ဆက်မပြတ်လေ့လာဆည်းပူးနေကြရန်နှင့် လက်တွေ့အသုံးချနိုင်ရေး ကြိုးစားဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ယခုအခါ လေသူရဲတောင်ပံအပ်နှင်းခံရပြီး သက်ဆိုင်ရာပျံသန်းရေးအုပ်အသီးသီးတွင် စစ်ဆင်ရေးနှင့် လေ့ကျင့်ရေးအပါအဝင် ပျံသန်းရေးတာဝန်အမျိုးမျိုးကို နောင်တော်လေသူရဲများနှင့်လက်တွဲကာ စတင်ထမ်းဆောင်ကြရတော့မည် ဖြစ်သောကြောင့် ပျံသန်းရေးတာဝန်များသာမက ပေးအပ်လာမည့် အခြားသောလုပ်ငန်းတာဝန်များကိုလည်း ကျေပွန်အောင်ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း၊ တပ်မတော်(လေ)၏ကောင်းမွန်မြင့်မြတ်သည့် အစဉ်အလာများ၊ နောင်တော်လေသူရဲများ၏ စွန့်လွှတ်စွန့်စားမှုနှင့် ကျွမ်းကျင်ပိုင်နိုင်မှုများ၊ပျံသန်းရေး၊စက်မှုလက်မှုနှင့်အုပ်ချုပ်ရေးမဏ္ဍိုင်ကြီး သုံးရပ်က ဝိုင်းဝန်းပံ့ပိုး တာဝန်ထမ်းဆောင်နေကြသည့် တပ်မတော်(လေ)စစ်သည်တော်အပေါင်း၏ ကိုယ်ကျိုးစွန့်အနစ်နာခံမှုများကို စောင့်ထိန်းစံပြဥပမာယူပြီး ကိုယ်တိုင်လည်း နိုင်ငံတော်နှင့်တပ်မတော်က အားထားရမည့် လေသူရဲကောင်းများဖြစ်လာအောင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းဆောင်ရွက်သွားကြရန် အလေးအနက်ထားမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်သည် ဝေဟင်မှ အုပ်ဖွဲ့ပျံသန်းအလေးပြုခဲ့ကြသည့် နည်းပြလေသူရဲများအား ဂုဏ်ပြုနှုတ်ဆက်ကာ ကျောင်းဆင်းအရာရှိများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့သည်။ ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်သည် လေကြောင်းအတတ်သင်လေတပ်စခန်းဌာနချုပ် လေကြောင်းစစ်ဆင်ရေးသင်တန်းကျောင်းဧည့်ခန်းမ၌ ထူးချွန်ဆုရရှိသည့် ကျောင်းဆင်းအရာရှိများနှင့် မိဘများကိုတွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

ယနေ့ လေသူရဲတောင်ပံအပ်နှင်းခြင်းခံရသူ ကျောင်းဆင်းအရာရှိများအနေဖြင့် သက်ဆိုင်ရာလေယာဉ်၊ ရဟတ်ယာဉ်အလိုက် ပျံသန်းရေးအုပ်များတွင် ဆက်လက်တာဝန်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက်ညပိုင်းတွင် လေယာဉ်မောင်းသင်တန်းအမှတ်စဉ်(၈၆) ကျောင်းဆင်းတောင်ပံအပ်နှင်းပွဲ ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့်ဇနီး၊ စစ်ဦးစီးအရာရှိချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးဇော်ဝင်းမြင့်နှင့်ဇနီး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်နှင့်ဇနီး၊တပ်မတော်(လေ)မှအရာရှိကြီးများနှင့်ဇနီးများ၊ မိတ္ထီလာတပ်နယ်မှ အရာရှိကြီးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဂုဏ်ပြုညစာစားပွဲ ကျင်းပနေစဉ် ကျောင်းဆင်းအရာရှိများနှင့် တပ်မတော်(လေ) မိသားစုဝင်များက တပ်မတော်(လေ) တေးဂီတအဖွဲ့နှင့်တွဲဖက်၍ အဆို၊ အကများဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

ညစာစားပွဲ အခမ်းအနားအပြီးတွင် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်သည် ကျောင်းဆင်းအရာရှိများနှင့် ၎င်းတို့၏ မိဘဆွေမျိုးများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့် အညီ အရေးယူခံရနိုင်ပါသည်။**

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် မလိကျွန်းနှင့် အနီးဝန်းကျင်မှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ စတင်ဆောင်ရွက်





**နေပြည်တော် ဇန်နဝါရီ ၁၆**

တနင်္သာရီကမ်းရိုးတန်းဒေသတစ်လျှောက်မှဒေသခံပြည်သူများ၊ ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရန် ပါရဂူများ၊ ဆေးမှူးများ နှင့် သူနာပြုများပါဝင်သော နယ်လှည့် အထူးကုဆေးအဖွဲ့များ လိုက်ပါလာသည့် တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ် (သံလွင်)သည် ယနေ့နံနက်ပိုင်းမှစတင်ကာ မလိကျွန်း တိုက်နယ်ဆေးရုံတွင်အခြေပြု၍ မလိကျွန်းနှင့်အနီးဝန်းကျင်မှ ဒေသခံပြည်သူ ၃၉၂ ဦးကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ စတင်ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၇၁ ဦး၊ ခွဲစိတ်ရောဂါဦးရေ ၂၀၊ သားဖွားမီးယပ်ရောဂါဦးရေ ၃၀၊ ကလေးရောဂါ ၂၅ ဦး၊ အရိုးရောဂါ ၄၅ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ဦးရေ ၂၀၊ မျက်စိရောဂါ ၉၅ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၈၆ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် ဓာတ်မှန်ရိုက်လူနာ လေးဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေး လူနာ ၂၄ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ် လူနာ ၂၄ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၁၂ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။(၅၀၁)

တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော နယ်လှည့်အထူးကု ဆေးအဖွဲ့က တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် မလိကျွန်းနှင့် အနီးဝန်းကျင်မှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



# တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ မအူပင်ခရိုင် မအူပင်မြို့နယ် ထနီးကျေးရွာရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်







တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့က ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ထနီးကျေးရွာရှိဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၆**

ဧရာဝတီ မြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူလိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ဆေးမှူးများ၊သူနာပြုများ ပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ် ထနီးကျေးရွာ အောင်ကျိုက္ခမီဘုန်းကြီးကျောင်းရှိ ဓမ္မရတနာဗိမာန်တွင်အခြေပြု၍ အဆိုပါမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၅၈၃ ဦးကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် နယ်လှည့်အထူးကုဆေးအဖွဲ့က ဆေးကုသမှုဆိုင်ရာရောဂါ ၁၆၄ ဦး၊ခွဲစိတ်ရောဂါ ၂၃ ဦး၊သားဖွားမီးယပ်ရောဂါ ၁၄ ဦး၊ ကလေးရောဂါ ၁၉ ဦး၊ အရိုးရောဂါ ၁၄၁ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်း ရောဂါ ၅၃ ဦး၊ မျက်စိရောဂါ ၁၁၇ ဦး၊သွားရောဂါ၅၂ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။

ထို့ပြင် အထွေထွေခွဲစိတ်လူနာ ၁၅ ဦးတို့ကို ခွဲစိတ်ကုသပေးခြင်းများဆောင်ရွက်ပေးပြီး ဓာတ်မှန်ရိုက်လူနာ ရှစ်ဦး၊ တယ်လီဖေးရှင်းဓာတ်မှန်ရိုက်လူနာ၃၁ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ၃၂ ဦးနှင့် ဓာတ်ခွဲစမ်းသပ် လူနာ ၄၃ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာ ခုနစ်ဦးတို့ကို နီးစပ်ရာတပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထို့ပြင် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)ပေါ်၌ ဇန်နဝါရီ ၁၅ ရက် ည ၉ နာရီ ၂၉ မိနစ်ခန့်တွင် မအူပင်မြို့နယ် ကွန်ဒိုင်းကလေးကျေးရွာနေ မောင်အောင်အောင်ဦး၏ ဇနီးဖြစ်သူ မသန္တာငွေအား ၇ ပေါင် ၃ အောင်စရှိ သားဦးရတနာကို အောင်မြင်စွာခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ပြီး မိခင်နှင့်ကလေးမှာ ကျန်းမာရေးကောင်းမွန်လျက်ရှိသည်။ အဆိုပါ ကလေးငယ်အား ကာကွယ်ရေးဦးစီးချုပ်(ရေ)မှ ပေးအပ်သည့် ငွေသားနှင့်လက်ဆောင်ပစ္စည်းများကို တာဝန်ရှိသူတစ်ဦးက ကိုယ်စားပေးအပ်ခဲ့သည်။

အဆိုပါကလေးငယ်သည် ယခုခရီးစဉ်အတွင်း ပထမဆုံးမွေးဖွားပေးခဲ့သည့် ကလေးငယ်ဖြစ်ပြီး တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၏ သမိုင်းမှတ်တမ်းတွင်၂၉ ဦးမြောက်အဖြစ် အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး နာဂရိုးရာနှစ်သစ်ကူးပွဲတော်အခမ်းအနား တက်ရောက်လာကြသူများနှင့် အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

☆ **ကျောဖုံးမှအဆက်**

လှိုက်လှဲနွေးထွေးစွာ ခရီးဦးကြိုဆိုနှုတ်ဆက်ကြသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေးသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးမင်းသိန်းဇံ၊ Jeng Phang နော်တောင်၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တပ်မတော်အရာရှိကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီ ၁၅ ရက် နံနက်ပိုင်းတွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့၌ကျင်းပသော ၂၀၂၅ ခုနှစ် နာဂရိုးရာ နှစ်သစ်ကူးပွဲတော်အခမ်းအနားသို့ တက်ရောက်သည်။

နာဂရိုးရာ နှစ်သစ်ကူးပွဲတော်အခမ်းအနားကို စတင်ကျင်းပရာ အစီအစဉ်အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေးက နှစ်သစ်နှုတ်ခွန်းဆက်စကားပြောကြားရာတွင် မြန်မာနိုင်ငံအတွင်း နေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများသည် ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ မတူကွဲပြားကြသော်လည်း တိုင်းရင်းသားလူမျိုးများအားလုံး မိသားစုစိတ်ဓာတ်မွေးမြူပြီး တစ်ဦးပေါ်တစ်ဦးတန်ဖိုးထားကာ လေးစားမှုဖြင့် ရှေးပဝေသဏီကတည်းက အတူတကွနေထိုင်ခဲ့ကြကြောင်း၊ မွေးဖွားရာဇာတိ နေထိုင်ရာအရပ်ဒေသ ပြောဆိုသုံးနှုန်းသည့် စာပေ၊ စကား၊ ကိုးကွယ်ယုံကြည်သည့် ဘာသာ၊ လိုက်နာကျင့်သုံးသည့် ဓလေ့ထုံးတမ်းအစဉ်အလာများ မည်သို့ပင်ကွဲပြားစေကာမူ တစ်မြေတည်းနေ တစ်ရေတည်းသောက် အေးအတူပူအမျှ မရှိအတူ ရှိအတူ စည်းလုံးညီညွတ်စွာဖြင့် ဆွေမျိုးသားချင်းပမာ လက်တွဲနေထိုင်ခဲ့ကြကြောင်း၊ မြန်မာနိုင်ငံအတွင်း နေထိုင်ကြသည့် နာဂတိုင်းရင်းသားများနှင့် အနယ်နယ်အရပ်ရပ်ရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးအနေဖြင့် စည်းလုံးညီညွတ်ခြင်းများနှင့်အတူ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာများကို သားစဉ်မြေးဆက် လက်ဆင့်ကမ်းထိန်းသိမ်းစောင့်ရှောက်ရမည်ဖြစ်ပါကြောင်း၊ နာဂတိုင်းရင်းသားလူမျိုးများ၏ မျိုးနွယ်စုရိုးရာဓလေ့ထုံးတမ်းများနှင့် ရိုးရာမြေဝိုင်းအကပဒေသာများ မပျောက်ပျက်အောင် လက်ဆင့်ကမ်း ထိန်းသိမ်းစောင့်ရှောက်လာသည့်အတွက် ဝမ်းသာပီတိဖြစ်မိပါကြောင်း၊ နာဂဒေသသည် တည်ငြိမ်အေးချမ်းသည့် ဒေသဖြစ်သည့်အတွက် ကဏ္ဍအလိုက် လိုအပ်သည်များကို နိုင်ငံတော်အနေဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် လုပ်ငန်း ၈၂ ခု၊ တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် လုပ်ငန်း ၁၅၈ ခုဖြင့် နာဂဒေသ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးပြုဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

ဆူပူသောင်းကျန်းမှုမရှိသည့် အေးချမ်းသည့်ဒေသများတွင် မိသားစုအကျိုး၊ ရပ်ရွာအကျိုး၊ ဒေသအကျိုးများကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုများ အစဉ်တိုးတက်နေမည်ဖြစ်ပါကြောင်း၊ နာဂဒေသသည်လည်း အေးချမ်းသည့်၊ ငြိမ်းချမ်းသည့် ဒေသအဖြစ် အမြဲထိန်းသိမ်းထားရန် လိုအပ်ပြီး နာဂလူမျိုးများ၊ ဒေသတွင်းနေ အခြားတိုင်းရင်းသားလူမျိုးများ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရန် ဒေသတွင်းနေ တိုင်းရင်းသားပြည်သူအားလုံးတွင် တာဝန်ရှိပြီး အလုပ်ကို ကြိုးစားလုပ်ကိုင်ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက် နာဂဒေသ၏ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေး ကဏ္ဍများတွင် နှစ်စဉ်တိုးတက်မှုများရှိခဲ့သည်ကို ဒေသတွင်းနေ တိုင်းရင်းသားပြည်သူများ သိရှိပြီးဖြစ်ပါကြောင်း၊ ယခုကဲ့သို့ တိုးတက်အောင်ဆောင်ရွက်ပေးနိုင်ခဲ့သည့် အုပ်ချုပ်မှုအဖွဲ့အစည်းများ၊ နိုင်ငံ့ဝန်ထမ်းများ၊ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်သူများအားလုံးကိုလည်း အထူးကျေးဇူးတင်ဂုဏ်ပြုအပ်ပါကြောင်း၊ တောင်ပေါ်ဒေသတစ်ခုဖြစ်သည့် နာဂဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုများကို ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့နှင့်အတူ ဒေသခံတိုင်းရင်းသားညီအစ်ကိုမောင်နှမများက တက်ညီလက်ညီ ဝိုင်းဝန်းဆောင်ရွက်ပေးကြရမည်ဖြစ်သကဲ့သို့ ဒေသတည်ငြိမ်အေးချမ်းရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်းဖြင့် တိုက်တွန်းပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းရှိ ကျောင်းသားများကို ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစကားပြောကြားစဉ်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က နှစ်သစ်အမှာစကားပြောကြားပြီး နာဂတိုင်းရင်းသားတစ်ဦးက နာဂရိုးရာနှစ်သစ်ကူးပွဲတော်ဖြစ်ပေါ်လာပုံသမိုင်းအကျဉ်းကို ဖတ်ကြားရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံ နာဂရိုးရာ စာပေနှင့်ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးပေါင်ခုက နှစ်သစ်ကူးအမှတ်တရလက်ဆောင် ပေးအပ်သည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးပစ္စည်းများကို ပေးအပ်ရာ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့် တာဝန်ရှိသူများက လက်ခံရယူသည်။

ယင်းနောက် သဘာပတိက နိဂုံးချုပ်စကားပြောကြားကာ နာဂနှစ်သစ်ကူးပွဲတော် ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ရိုးရာယဉ်ကျေးမှုပြခန်းနှင့် ဌာနဆိုင်ရာပြခန်းများကို လိုက်လံကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် မွန်းလွဲပိုင်းတွင် လဟယ်မြို့ရှိ ဟေ့ထိုက်ရေအားလျှပ်စစ်စီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြပြီး ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ယင်းနောက် ပြည်သူ့ဆေးရုံသို့ရောက်ရှိရာ ဆေးကုသမှုခံယူနေကြသော ဒေသခံတိုင်းရင်းသားများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးကာ တာဝန်ရှိသူများနှင့်အတူ အာဟာရဖြည့်စွက်စာများ ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် လဟယ်မြို့ အစိုးရနည်းပညာအထက်တန်းကျောင်း၊ မိုးဒန်းအပန်းဖြေအလှကန်တည်ဆောက်ပြီးမှုအခြေအနေ၊ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

ညပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ၂၀၂၅ ခုနှစ် နာဂရိုးရာယဉ်ကျေးမှုမီးပုံပွဲသို့ တက်ရောက်ပြီး ဒေသခံတိုင်းရင်းသားများနှင့် အတူတကွပါဝင်ဆင်နွှဲသည်။

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် လဟယ်မြို့နယ် နာဂရိုးရာ စာပေနှင့်ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌတို့က နာဂရိုးရာယဉ်ကျေးမှုမီးပုံပွဲကို မီးထွန်းညှိဖွင့်လှစ်ပေးကြပြီး နာဂရိုးရာမျိုးနွယ်စုများအလိုက် ရိုးရာအကများဖြင့် ကပြဖျော်ဖြေနေမှုများကို ကြည့်ရှုအားပေးကြကာ နာဂမျိုးနွယ်စု ရိုးရာအကအဖွဲ့များအား ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

အဆိုပါ နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို နာဂရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာများ၊ ယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်စေရေးအတွက် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရန်၊ နာဂရိုးရာ ယဉ်ကျေးမှုအနုပညာများကို ဖော်ထုတ်၍ ထိန်းသိမ်းမြှင့်တင်ဆောင်ရွက်ရန်၊ နာဂတိုင်းရင်းသားလူမျိုးစုများအကြား ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်နားလည်မှုများ ပိုမိုရရှိလာနိုင်စေရန်၊ နာဂဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် နာဂတိုင်းရင်းသားများ အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်နိုင်ရန်နှင့် နာဂမျိုးနွယ်စုအချင်းချင်း ရင်းနှီးချစ်ကြည်မှုကိုအခြေခံ၍ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ဖော်ဆောင်ကာ ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း၊ နာဂရိုးရာ နှစ်သစ်ကူးပွဲတော်သို့ ပြည်တွင်း၊ ပြည်ပမှ ခရီးသွားဧည့်သည်များလည်း စိတ်ဝင်တစားဖြင့် လာရောက်ကြည့်ရှုလေ့လာကြပြီး မီးပုံပွဲများတွင်လည်း ပျော်ရွှင်စွာဖြင့် အတူတကွ ပါဝင်ဆင်နွှဲလေ့ရှိကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် ပျက်စီးသွားသောနေအိမ်များနှင့် သဘာဝဘေးကြောင့် ယာယီနေရပ်စွန့်ခွာပြည်သူများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ထောက်ပံ့ငွေ၊ ဆန်၊ ဆီ၊ ပဲ၊ ဆား ပေးအပ်



**လွိုင်ကော် ဇန်နဝါရီ ၁၆**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် ယမန်နေ့ မွန်းလွဲပိုင်းက လွိုင်ကော်မြို့ မြို့လယ်ဓမ္မာရုံ၌ကျင်းပသည့် နယ်စပ်ရေးရာဝန်ကြီးဌာနက အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် ပျက်စီးသွားသောနေအိမ်များနှင့် သဘာဝဘေးကြောင့် ယာယီနေရပ်စွန့်ခွာပြည်သူများအား ငွေသား၊ ဆန်၊ ဆီ၊ ပဲ၊ ဆား ပေးအပ်ခြင်းနှင့် ကယားပြည်နယ်အစိုးရအဖွဲ့က ယာယီနေရပ်စွန့်ခွာရာမှ ပြန်လည်ဝင်ရောက်လာသည့် ပြည်သူများအား ဆန်၊ ဆီ၊ ပဲ၊ ဆား ပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်က နယ်စပ်ရေးရာဝန်ကြီးဌာနက အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် ပျက်စီးသွားသောနေအိမ်များအတွက် ထောက်ပံ့ငွေပေးအပ်ခြင်းနှင့် သဘာဝဘေးကြောင့် ယာယီနေရပ်စွန့်ခွာ ပြည်သူများအား ငွေသား၊ ဆန်၊ ဆီ၊ ပဲ၊ ဆား ပေးအပ်ရခြင်းကိုလည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က ကယားပြည်နယ်အစိုးရအဖွဲ့က ယာယီနေရပ်စွန့်ခွာရာမှ လွိုင်ကော်မြို့သို့ ပြန်လည်ရောက်ရှိလာသည့် ပြည်သူများအား ဆန်၊ ဆီ၊ ပဲ၊ ဆား ပေးအပ်ရခြင်းကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် ပျက်စီးသွားသည့် နေအိမ် ၂၅၁ လုံး ပြန်လည်ပြုပြင်ရန်အတွက် ငွေကျပ် ၂၁၁ သန်းနှင့် သဘာဝဘေးကြောင့် ယာယီနေရပ်စွန့်ခွာပြည်သူ ၁၆၆၁ ဦးနှင့် ယာယီနေရပ်စွန့်ခွာရာမှ လွိုင်ကော်မြို့သို့ ပြန်လည်ဝင်ရောက်လာသည့် ပြည်သူ ၃၃၄ ဦးအတွက် ဆန်၊ ဆီ၊ ပဲ၊ ဆားများကို ပေးအပ်ပြီး ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကား ပြောကြားသည်။





ယင်းနောက် တိုက်ပွဲဖြစ်စဉ်များကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လွိုင်ကော်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးအဆောက်အအုံ ပြန်လည်ပြင်ဆင်ထားရှိမှု၊ လူထုအခြေပြုဗဟိုဌာန (Community Centre)အခန်းနှင့် သင်တန်းခန်းမ ပြင်ဆင်ဆောင်ရွက်ထားရှိမှုတို့ကိုလည်းကောင်း၊ လွိုင်ကော်မြို့ နောင်ယား(က)ရပ်ကွက်ရှိ စုပေါင်းဝန်ထမ်းအိမ်ရာ ပြန်လည်ပြုပြင် ဆောင်ရွက်ပေးထားသည့် အခြေအနေနှင့် ဝန်ထမ်းများ နေရာချထားပေးမှုများတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများကို ရင်းရင်းနှီးနှီး တွေ့ဆုံ၍ အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ညနေပိုင်းတွင် ကယားပြည်နယ်နေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲကို ပြည်နယ်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က နှုတ်ခွန်းဆက်စကား ပြောကြားပြီး ဧည့်သည်တော်များကို ဂါရဝပြု အထိမ်းအမှတ် ရိုးရာလက်ဆောင်များ ပေးအပ်သည်။

ညစာစားပွဲတွင် ကယားတိုင်းရင်းသား ရိုးရာအကအဖွဲ့များနှင့် တူရိယာအဖွဲ့များ၊ ကယားကိုးမျိုးအကအဖွဲ့၊ ကယန်းရိုးရာ အကအဖွဲ့၊ ရှမ်းတိုင်းရင်းသူ၊ ပအိုဝ်းရိုးရာ အကအဖွဲ့များက သက်ဆိုင်ရာတိုင်းရင်းသား ရိုးရာတေးသီချင်းများဖြင့် ကပြသီဆိုကြပြီး ခေတ်ပေါ်တေးဂီတအဖွဲ့က တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခဲ့ကြရာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်တောင်စုဝန်ကြီးက ကပြဖျော်ဖြေကြသည့် တိုင်းရင်းသားရိုးရာ အကအဖွဲ့များနှင့် ခေတ်ပေါ်တေးဂီတအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၃၀နှင့် ဂုဏ်ပြုပန်းခြင်း ပေးအပ်သည်။

ယနေ့နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန၏ ရာသီသီးနှံစံပြစိုက်ခင်း၌ ဆိုလာတပ်ဆင်၍ လေးလက်မ စက်ရေတွင်းဖြင့် ရေကို အလေအလွင့်မရှိ ထိရောက်စွာအသုံးချနိုင်ရေးဆောင်ရွက်ထားရှိမှုနှင့် စံပြစိုက်ခင်းတွင် စိုက်ပျိုးထားရှိမှုအခြေအနေများကို ကြည့်ရှုပြီး ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကယားပြည်နယ်အတွင်းရှိ လျှပ်စစ်နှင့် စွမ်းအင်ဌာနများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံရာ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာက ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေမှု၊ ဘီလူးချောင်း အမှတ်(၂) စက်ရုံမှူးက ဓာတ်အားပေးစက်ရုံလုပ်ငန်း လည်ပတ်ဆောင်ရွက်မှု၊ မဟာဓာတ်အားလိုင်းမှူး(လွိုင်ကော်)က မဟာဓာတ်အားလိုင်းနှင့်ပတ်သက်၍ ဆောင်ရွက်နေမှုနှင့် ရေနံထွက်ပစ္စည်း ကြီးကြပ်ရေးဦးစီးဌာန ဦးစီးအရာရှိက စက်သုံးဆီများ ဖြန့်ဖြူးရောင်းချမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းဆောင်ရွက်မှုနှင့်ပတ်သက်၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)




နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# ကယားပြည်နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇန်နဝါရီ ၁၆**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်သည် ကယားပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သန်းစိုးအောင်၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က လွိုင်ကော်မြို့ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ ရောက်ရှိရာတာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ သင်တန်းကျောင်းဆိုင်ရာ အချက်အလက်များကိုရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ကယားပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း(လွိုင်ကော်)နှင့် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း(လွိုင်ကော်)တို့မှ ဝန်ထမ်းများနှင့်တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက ကယားပြည်နယ်အနေဖြင့် တည်ငြိမ်အေးချမ်းမှုပြန်လည်ရရှိလာပြီဖြစ်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက်ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန်လိုအပ်ကြောင်း၊ ခေတ္တရပ်နားထားရသော သင်တန်းကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ဒေသတွင်းတည်ငြိမ်အေးချမ်းမှုရှိမှသာ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် ဝန်ထမ်းများအနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းရေးလုပ်ငန်းစဉ်များတွင် စိတ်အားထက်သန်စွာ ဝိုင်းဝန်းပါဝင်ကူညီဆောင်ရွက်သွားကြရန် မှာကြားခဲ့ပြီး ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ကာ ကျောင်းဝင်းအတွင်းရှိ အိပ်ဆောင်များ၊ စားရိပ်သာများနှင့် သက်သာချောင်ချိရေးအတွက် မွေးမြူထားရှိသည့် ဥစားကြက်ခြံတို့ကိုလိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ကယားပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေး ရုံးနှင့် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း(လွိုင်ကော်)တို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကိုဗစ်-၁၉ ကြောင့်ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၆**

ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ၏ အစည်းအဝေးအမှတ်စဉ်(၁/၂၀၂၅)ကို ယနေ့နံနက်ပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၁)၌ ကျင်းပသည်။

အစည်းအဝေးသို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ လုပ်ငန်းကော်မတီဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ ချေးငွေကျပ် ဘီလီယံ ၂၀၀ မှ နိုင်ငံတော်၏လှည့်ပတ်ရန်ပုံငွေသို့ ငွေကျပ် ဘီလီယံ ၅၀ နှင့် အထွေထွေပိုလျှံရန်ပုံငွေမှ ထုတ်ပေးထားသည့် ငွေကျပ် ဘီလီယံ ၁၅၀ မှ ငွေကျပ် ၆၈ ဘီလီယံ စုစုပေါင်း ငွေကျပ် ၁၁၈ ဘီလီယံကို ပြန်လည်ကောက်ခံပြီးစီးမှုနှင့် နိုင်ငံတော်သို့ ငွေပြန်လည်ပေးသွင်းမှုအခြေအနေ၊ ပြန်လည်ပေးဆပ်ဆဲနှင့် ပေးဆပ်ရန်ကျန်ရှိနေသည့် ချေးငွေများကို စီမံခန့်ခွဲမှုနည်းလမ်းများဖြင့် ဆောင်ရွက်နိုင်မည့်အခြေအနေများ၊ ကိုဗစ်-၁၉ ရန်ပုံငွေမှ ငါး၊ ပုစွန်မွေးမြူရေးအပါအဝင် မွေးမြူရေးကဏ္ဍသို့ထုတ်ပေးထားသည့် ချေးငွေများနှင့် ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်းနှင့် မီဒီယာကဏ္ဍသို့ ထုတ်ပေးထားသည့် ချေးငွေများသည် ၂၀၂၅ ခုနှစ်အတွင်း ခွင့်ပြုပေးထားသည့် ချေးငွေသက်တမ်းပြည့်မြောက်တော့မည်ဖြစ်၍ ပြန်လည်ပေးဆပ်ရန် ကြိုတင်အသိပေးအကြောင်းကြားစာ ထုတ်ပြန်အကြောင်းကြားရေးကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်က ချေးငွေများ ပြန်လည်ကောက်ခံရရှိမှု၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက်ချေးငွေကောက်ခံပေးသွင်းရန်ကျန်ရှိမှု၊ မြန်မာ့စီးပွားရေးဘဏ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ် ချေးငွေစိစစ်ကြပ်မတ်ရေးအဖွဲ့များနှင့် ပုဂ္ဂလိကဘဏ်များမှ ချေးငွေကောက်ခံပေးသွင်းရန် ကျန်ရှိမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသူများက ချေးငွေစီမံခန့်ခွဲမှုလုပ်ငန်းစဉ်များအပေါ် ဆောင်ရွက်ထားရှိမှု၊ သက်တမ်းစေ့ပြီး ချေးငွေပြန်လည်ကောက်ခံရရှိရေးအစီအစဉ်နှင့် နိုင်ငံ့ဘဏ္ဍာရန်ပုံငွေများကို လေလွင့်ဆုံးရှုံးမှုမရှိစေရေး ကြပ်မတ်ဆောင်ရွက်မည့် လုပ်ထုံးလုပ်နည်းများ၊ ဌာနဆိုင်ရာများအကြား ပူးပေါင်းဆောင်ရွက်မှုအခြေအနေတို့ကို ညှိနှိုင်းဆွေးနွေးအကြံပြုခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး) မောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကျင်းပ

**မန္တလေး ဇန်နဝါရီ ၁၆**

တိုင်းရင်းဆေးတက္ကသိုလ် (မန္တလေး) ၁၁/၂၀၂၄ ပထမနှစ်သင်တန်းမောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့်ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်ရှိ အဆိုပါတက္ကသိုလ်စုဝေးခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊တိုင်းရင်းဆေးတက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ် ဒေါက်တာသိန်းဇော်လင်းနှင့် နီးနွယ်တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဂုဏ်ထူးဆောင်ပါမောက္ခဆရာကြီး၊ဆရာမကြီးများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ကျောင်းသား၊ ကျောင်းသူများက ဘုရားကန်တော့ခန်းတင်ဆက်မှုဖြင့် အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး ကျောင်းသား၊ကျောင်းသူများက ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် ကျေးဇူးတင်စကားများပြောကြားကာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့က ကျောင်းသား၊ ကျောင်းသူများ၏ တိုင်းရင်းသားအကများ၊ တေးသရုပ်ဖော်သီဆိုကပြမှုများကိုကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ဂုဏ်ထူးဆောင်ပါမောက္ခဆရာကြီး၊ဆရာမကြီးများကိုဂုဏ်ပြုချီးမြှင့်ပွဲနှင့် ၂၀၂၄ ခုနှစ် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများက ပညာရည်ချွန်ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ကပြဖျော်ဖြေခဲ့သည့် အကအဖွဲ့ကို ဂုဏ်ပြုငွေများကိုလည်းကောင်း၊ တိုင်းရင်းဆေးတက္ကသိုလ် (မန္တလေး)ပါမောက္ခချုပ်ကဂုဏ်ထူးဆောင် ပါမောက္ခဆရာကြီး၊ ဆရာမကြီးများကို ဂုဏ်ပြုငွေများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း ချီးမြှင့်ခဲ့ပြီးနောက် တက်ရောက်လာသူများနှင့် ကျောင်းသား၊ ကျောင်းသူများကို ရင်းနှီးနှုတ်ဆက်အားပေးခဲ့ကြောင်းနှင့် အခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**





## မြန်မာနိုင်ငံနှင့်UNOPS တို့အကြား ပူးပေါင်းဆောင်ရွက်မှုပိုမိုမြှင့်တင်နိုင်ရေး ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၁၆**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ဗန်ကောက်မြို့အခြေစိုက် ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး(United Nations Office for Project Services–UNOPS) ၏ အာရှဒေသဆိုင်ရာညွှန်ကြားရေးမှူး Mr. Sanjay Mathur ကို ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် UNOPS က ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ မြန်မာနိုင်ငံနှင့်UNOPS တို့အကြား ပူးပေါင်းဆောင်ရွက်မှုပိုမိုမြှင့်တင်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

အစည်းအဝေးသို့ UNOPS ၏ မြန်မာနိုင်ငံဆိုင်ရာညွှန်ကြားရေးမှူးနှင့်ကိုယ်စားလှယ်ဖြစ်သူ Ms. Sara Austin Netzer၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)


ကျန်းမာရေးဝန်ကြီးဌာန

၅၃ ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက် မှ ၂၄ ရက်

ဆေးသုတေသနဦးစီးဌာန(ရုံးချုပ်)အမှတ်(၅)၊ ဇီဝကလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့


### ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၆ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၄၀၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ၂၀၂၅ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော်အထိမ်းအမှတ် အားကစားပြိုင်ပွဲများကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၆**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ရွှေပြည်သာအားကစားကွင်း၌ကျင်းပသည့် နာဂရိုးရာ နှစ်သစ်ကူးပွဲတော်အထိမ်းအမှတ် အားကစားပြိုင်ပွဲများကို တက်ရောက်ကြည့်ရှုအားပေးခဲ့သည်။

ပြိုင်ပွဲများအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဘော်လီဘော အမျိုးသားပြိုင်ပွဲနှင့် အမျိုးသမီးပြိုင်ပွဲများတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိခဲ့ကြသည့် အသင်းများ၊ ပိုက်ကျော်ခြင်း အမျိုးသားသုံးယောက်တွဲပြိုင်ပွဲတွင် ပထမ၊ဒုတိယနှင့်တတိယဆုရရှိခဲ့ကြသည့် အသင်းများ၊ မီနီမာရသွန်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုနှင့် နှစ်သိမ့်ဆု ရရှိခဲ့ကြသည့် အားကစားသမားများကို ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်ကြသည်။

ဘော်လီဘောပြိုင်ပွဲများကို ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၂ ရက်မှ ၁၄ ရက်ထိကျင်းပခဲ့ရာ ဘော်လီဘောအမျိုးသားပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ၁၂ သင်းနှင့် အမျိုးသမီးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း လေးသင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ပိုက်ကျော်ခြင်းပြိုင်ပွဲများကို ဇန်နဝါရီ ၁၀ ရက်မှ ၁၄ ရက်ထိကျင်းပခဲ့ရာ ပိုက်ကျော်ခြင်းအမျိုးသားသုံးယောက်တွဲပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ၂၀ ဝင်ရောက်ယှဉ်ပြိုင်၍ မီနီမာရသွန်ပြိုင်ပွဲကို ဇန်နဝါရီ ၁၄ ရက်က ကျင်းပခဲ့ရာ ပြိုင်ပွဲဝင်အားကစားသမား ၁၂၃ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ထို့ပြင် ရွှေပြည်သာအားကစားကွင်း၌ပျော်ပွဲရွှင်ပွဲအားကစားပြိုင်ပွဲများအဖြစ် ချောတိုင်တက်ပြိုင်ပွဲနှင့် လွန်ဆွဲပြိုင်ပွဲများကိုဆက်လက်ကျင်းပခဲ့ရာ နာဂရိုးရာနှစ်သစ်ကူးပွဲတော်သို့လာရောက်ကြသည့် မျိုးနွယ်စုများ ပျော်ပျော်ပါးပါးပါဝင်ဆင်နွှဲခဲ့ကြသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အားကစားကွင်း၊ အားကစားရုံများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားကာ စစ်ကိုင်းတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

### ထူးခြားသည့် ညအပူချိန်များ (၁၆-၁-၂၀၂၅)

| | | | | | | |
|---|---|---|---|---|---|---|
| နမ့်စန် | သုည ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် | မိုင်းယန်း | ၅ | ဒသမ ၂ | ဒီဂရီဆဲလ်စီးယပ် |
| ဟားခါး | ၃ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် | တီးတိန် | ၅ | ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |
| ဟဲဟိုး | ၃ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် | မချမ်းဘော | ၈ | ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| ပြင်ဦးလွင် | ၄ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် | ညောင်ရွှေ | ၈ | ဒသမ ၂ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင် | ၄ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် | ပင်လောင်း | ၈ | ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |
| ပူတာအို | ၄ ဒသမ ၈ | ဒီဂရီဆဲလ်စီးယပ် | တောင်ကြီး | ၈ | ဒသမ ၇ | ဒီဂရီဆဲလ်စီးယပ် |

**လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ လျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှု ထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

# ကျိုင်းတုံမြို့ရှိ မြို့ကျက်သရေဂုဏ်ဆောင် သမိုင်းဝင်စွန်ခမ်းစေတီတော်မြတ်ကြီးကို လုံးတော်ပြည့်ရွှေသင်္ကန်းစတင်ကပ်လှူပွဲကျင်းပပြုလုပ်



ကျိုင်းတုံမြို့ရှိ မြို့ကျက်သရေဂုဏ်ဆောင် သမိုင်းဝင်စွန်ခမ်းစေတီတော်မြတ်ကြီးကို လုံးတော်ပြည့်ရွှေသင်္ကန်းစတင်ကပ်လှူပွဲ တက်ရောက်လာကြသူများ စုပေါင်းဓာတ်ပုံရိုက်စဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ မြို့ကျက်သရေဂုဏ်ဆောင် သမိုင်းဝင် စွန်ခမ်းစေတီတော်မြတ်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းစတင်ကပ်လှူပွဲကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါစေတီတော်မြတ်ကြီး၌ကျင်းပပြုလုပ်ရာ စွန်ခမ်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဥတ္တမစိတ္တ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့်တက်ရောက်လာကြသူများက သမိုင်းဝင်စွန်ခမ်းစေတီတော်အတွင်းရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များကို ပန်း၊ ရေချမ်း၊ ဆီမီးနှင့် ရွှေဆိုင်းများ ကပ်လှူပူဇော်ကြသည်။ ထို့နောက် စွန်ခမ်းကျောင်းတိုက် ဆရာတော်နှင့် သံဃာတော်များ၊ တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဂေါပကအဖွဲ့များက စွန်ခမ်းစေတီတော်မြတ်ကြီးအား ရွှေသင်္ကန်းတော်များ စတင်ကပ်လှူပူဇော်ကြသည်။

အဆိုပါ စွန်ခမ်းစေတီတော်မြတ်ကြီး ရွှေသင်္ကန်းတော် ကပ်လှူနိုင်ရေးအတွက် လုပ်ငန်းများကို ၂၀၂၄ ခုနှစ် အောက်တိုဘာ ၂၈ ရက်မှစတင်၍ လုပ်ငန်းများဆောင်ရွက်ခဲ့ပြီး ယနေ့မှ ဇန်နဝါရီ ၂၁ ရက်ထိ ရွှေသင်္ကန်းတော်များ အပြီးသတ်ကပ်လှူပူဇော်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။(ဧ၀၁)

# မြစ်ကြီးနားမြို့နှင့် လှည်းကူးမြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၆**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါမြို့ရှိ ခေမာသီရိကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာ၌ဆေးကုသရေးအဖွဲ့က သံဃာတော် ၃၉ ပါးတို့အား ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊အရိုးအကြောရောဂါ၊အာရုံကြောအားနည်းရောဂါ၊အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့်သံဃာတော်များကို နယ်မြေခံ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

အလားတူ ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် တွင်းတရာကျေးရွာရှိ ဒေသခံပြည်သူဦးရေ ၁၂၀ တို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ ကလေးရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွေးတိုးရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ဆီးချိုသွေးချိုရောဂါ၊ မျက်စိရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (ဧ၀၁)

# ဒီးမော့ဆိုမြို့ အရှေ့ခြမ်းကို လေကြောင်းဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ပြည်သူ သုံးဦး သေဆုံးပြီး လေးဦးဒဏ်ရာရရှိကြောင်း သတင်းမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေ

**နေပြည်တော် ဇန်နဝါရီ ၁၆**

ကယားပြည်နယ် ဒီးမော့ဆိုမြို့ အရှေ့ခြမ်းကို လေကြောင်းဖြင့်ပစ်ခတ်တိုက်ခိုက်မှုကြောင့် ပြည်သူ သုံးဦး သေဆုံးပြီး လေးဦးဒဏ်ရာရရှိကြောင်း မဟုတ်မမှန်သတင်းများကို တရားမဝင်ပြည်ဖျက်မီဒီယာများက လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ နယ်မြေခံ လုံခြုံရေးတပ်ဖွဲ့ဝင်များအား စုံစမ်းမေးမြန်းချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အကြမ်းဖက်မှုကို မလိုလားသည့် ပြည်သူများ၏ လျှို့ဝှက်သတင်းပေးပို့မှုအရ အကြမ်းဖက်မှုပပျောက်စေရေးအတွက် အကြမ်းဖက်သမားများ တရားမဝင်ခိုအောင်းနေထိုင်လျက်ရှိသည့်နေရာများကို နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိကြောင်းနှင့်စစ်ရေးပစ်မှတ်မဟုတ်သည့် အရပ်ဘက်ပစ်မှတ်များကို ပစ်ခတ်တိုက်ခိုက်ခြင်းမရှိကြောင်း၊ အကြမ်းဖက်သမားများအနေဖြင့် ၎င်းတို့ကိုထောက်ခံအားပေးခြင်းမရှိသည့် နယ်မြေများအား မီးရှို့ဖျက်ဆီးခြင်း၊ ဥပဒေမဲ့ဖမ်းဆီးသတ်ဖြတ်ခြင်းများ လုပ်ဆောင်လျက်ရှိသည်ကို ပြည်သူများအသိပင်ဖြစ်ကြောင်း၊ အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများက အကြမ်းဖက်သမားများ၏ လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ အပေါ်ပြည်သူလူထုက အထင်မှားအမြင်မှားဖြစ်စေရန် လူမှုကွန်ရက်မှတစ်ဆင့် သတင်းမှားများကို လုပ်ကြံရေးသားဖြန့်ဝေခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (ဧ၀၁)




# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇန်နဝါရီ ၁၆**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့်အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ်ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ဝါဒဖြန့်သူများကိုဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇန်နဝါရီ ၁၅ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ်မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် "Lady Swe" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အမှတ်(၁)ရပ်ကွက်နေ ဆွေဆွေသက်အား ညနေ ၃ နာရီ မိနစ် ၄၀ တွင် လှိုင်မြို့မ ရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (ဧ၀၁)

**အိမ်ပြင်ပဒ္ဓထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

# အိုက်စလန်နိုင်ငံရှိ ဘာဒါဘန်ဂါမီးတောင်တွင် ငလျင်လှုပ်ခတ်မှု အကြိမ်ရေ ၁၃၀ ကျော်ဖြစ်ပွားခဲ့သဖြင့် အနီးကပ်စောင့်ကြည့်မှုများပြုလုပ်



**ရေးကျာဗစ် ဇန်နဝါရီ ၁၆**

အိုက်စလန်နိုင်ငံရှိ ဘာဒါဘန်ဂါမီးတောင်သည် ဇန်နဝါရီ ၁၄ ရက်က ငလျင်လှုပ်ခတ်မှု အကြိမ်ရေ ၁၃၀ ကျော် လှုပ်ခတ်ခဲ့သဖြင့် သက်ဆိုင်ရာ အာဏာပိုင်များက အနီးကပ် စောင့်ကြည့်မှုများပြုလုပ်လျက်ရှိကြောင်း အိုက်စလန် မိုးလေဝသဌာန၏ ထုတ်ပြန်ချက်များကို ကိုးကား၍ ဇန်နဝါရီ ၁၅ ရက် သတင်းများတွင် ဖော်ပြထားသည်ဟု သိရသည်။

အိုက်စလန်နိုင်ငံရှိ အတက်ကြွဆုံး မီးတောင်တစ်ခုဖြစ်သော ဘာဒါဘန်ဂါမီးတောင်သည် ဇန်နဝါရီ ၁၄ ရက်က ပြင်းအား ၃ မဂ္ဂနီကျူမှ ၅ ဒသမ ၁ မဂ္ဂနီကျူထိရှိသော ငလျင်လှုပ်ခတ်မှု အကြိမ်ရေ ၁၃၀ ကျော်ဖြစ်ပွားခဲ့ရာ ကြိုတင်ကာကွယ်မှုအနေဖြင့် အဆိုပါဧရိယာအတွင်းရှိ လေကြောင်းသွားလာမှုများအတွက် အဝါရောင်သတိပေးချက်ကို ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ငလျင်အကြိမ်ရေအများအပြားလှုပ်ခတ်ခြင်းသည် မီးတောင်အောက်ခြေအတွင်းပိုင်းရှိ ချော်ရည်အစုအဝေးများ ဖောင်းကြွလာမှုကြောင့်ဖြစ်ကြောင်း၊ မီးတောင်ပေါက်ကွဲနိုင်ခြေနှင့် ပတ်သက်၍ ထုတ်ပြန်ရန် ခက်ခဲနေကြောင်း မိုးလေဝသဌာနက ပြောကြားခဲ့သည်ဟု သိရသည်။

ဘာဒါဘန်ဂါမီးတောင်သည် ပုံမှန်မဟုတ်သည့် ကြီးမားသော မီးတောင်တစ်ခုဖြစ်ပြီး မီးတောင်၏ တစ်စိတ်တစ်ပိုင်းကို ရေခဲမြစ်များမှဖုံးလွှမ်းထားရာ ထူးခြားသောအခြေအနေများ ဖြစ်လာနိုင်သဖြင့် အနီးကပ်စောင့်ကြည့်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

Ref : Russia Today

Trs : AZH

# ဖီဂျီနိုင်ငံတွင် ဇန်နဝါရီလအတွင်း ဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်နိုင်ဖွယ်ရှိနေ

**ဆူဗာ ဇန်နဝါရီ ၁၆**

ဖီဂျီနိုင်ငံတွင် ဇန်နဝါရီလအတွင်း ဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်နိုင်ဖွယ် ရှိနေကြောင်း Fiji's Meteorological Service က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ဖီဂျီနိုင်ငံတွင် နိုဝင်ဘာလမှ ဧပြီလကုန်ထိ မုန်တိုင်းဝင်ရောက်လေ့ရှိသည့် ကာလဖြစ်ပြီး ဇန်နဝါရီလအတွင်း ဆိုင်ကလုန်းမုန်တိုင်းသည် ပုံမှန်မဟုတ်သည့် အခြေအနေမျိုးဖြင့် ဝင်ရောက်လာနိုင်ဖွယ်ရှိနေကြောင်း၊ အစဉ်အလာအရလည်း ဇန်နဝါရီလသည် ဖီဂျီနိုင်ငံအတွင်း ဆိုင်ကလုန်းမုန်တိုင်းဝင်ရောက်မှု အကြိမ်ရေစိပ်သည့် ကာလဖြစ်သည့်အတွက် မလိုလားအပ်သောဆုံးရှုံးမှုမျိုးမဖြစ်စေရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားရမည့် အခြေအနေဖြစ်ကြောင်း Fiji's Meteorological Service က သတိပေးချက် ထုတ်ပြန်ခဲ့သည်။

"နိုဝင်ဘာလကနေ ဧပြီလကုန်ထိ မုန်တိုင်းရာသီဖြစ်ပါတယ်။ ဇန်နဝါရီလအတွင်းမှာ မုန်တိုင်းဝင်ရောက်မှုက အကြိမ်ရေစိပ်လာနိုင်တယ်။ မနှစ်တုန်းက မုန်တိုင်းရာသီမှတ်တမ်းတွေအရ ဖေဖော်ဝါရီလကုန်လောက်မှ မုန်တိုင်းတွေဝင်ရောက်လေ့ရှိပါတယ်။ ဒါပေမဲ့ ဒီနှစ်ကတော့ ဇန်နဝါရီလအတွင်း မုန်တိုင်းခပ်စိပ်စိပ် ဝင်ရောက်လာနိုင်တယ်။ ပုံမှန်မဟုတ်တဲ့အခြေအနေမျိုးနဲ့ ရင်ဆိုင်ရနိုင်တဲ့အတွက် မလိုလားအပ်တဲ့ ဆုံးရှုံးမှုတွေမဖြစ်ဖို့ ကြိုတင်ပြင်ဆင်မှုတွေ



ပြုလုပ်ထားသင့်ပါတယ်။ လာနီညာရာသီဥတုနဲ့လဲ ဆက်စပ်နေတဲ့အတွက် ရာသီဥတုလွန်ကဲမှုတွေ ဆက်တိုက်ရင်ဆိုင်ရနိုင်ပါတယ်။ မုန်တိုင်းရာသီ ဖြစ်တဲ့အတွက် ကျွန်တော်တို့အနေနဲ့ မိုးလေဝသ ခန့်မှန်းတိုင်းတာမှုတွေကို အချိန်နဲ့တစ်ပြေးညီ ထုတ်ပြန်ပေးနေပါတယ်"ဟု Fiji's Meteorological Service မှ မိုးလေဝသ ခန့်မှန်းတိုင်းတာရေးပညာရှင် အာမစ်ဆင်းဟ်က ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# လော့စ်အိန်ဂျလိစ်တောမီးဒဏ်သင့် ပြန်လည်ထူထောင်ရေးအတွက် ဂျပန်အစိုးရက American Red Cross မှတစ်ဆင့် ကန်ဒေါ်လာနှစ်သန်းပံ့ပိုး

**ဝါရှင်တန် ဇန်နဝါရီ ၁၆**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် လော့စ်အိန်ဂျလိစ်ကောင်တီ တောမီးကူးစက်လောင်ကျွမ်းမှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သော တောမီးဒဏ်သင့်ဧရိယာများတွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဂျပန်အစိုးရက American Red Cross မှတစ်ဆင့် ဇန်နဝါရီ ၁၅ ရက်က အမေရိကန်ဒေါ်လာနှစ်သန်း ပံ့ပိုးခဲ့ကြောင်း American Red Cross က ထုတ်ပြန်ကြေညာခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ဂျပန်အစိုးရ ကိုယ်စားလှယ်အနေဖြင့် အမေရိကန်နိုင်ငံဆိုင်ရာ ဂျပန်ကောင်စစ်ဝန်ချုပ် ကန်ကိုဆိုနီက American Red Cross မှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ တောမီးဒဏ်သင့် အမေရိကန်ပြည်သူများအတွက် ဂျပန်နိုင်ငံက ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့ကာ ငွေကြေးပံ့ပိုးပေးခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

"ဇန်နဝါရီ ၇ ရက်ကတည်းက စတင်ခဲ့တဲ့ တောမီးကူးစက်လောင်ကျွမ်းမှုနဲ့ပတ်သက်ပြီး အမေရိကန်ပြည်သူတွေရဲ့ ဆုံးရှုံးမှုအတွက် ဂျပန်နိုင်ငံက ထပ်တူဝမ်းနည်းရပါတယ်။ တောမီးကူးစက်လောင်ကျွမ်းမှုကြောင့် ပျက်စီးဆုံးရှုံးမှုနဲ့ စိန်ခေါ်မှုတွေက ကျွန်တော်တို့ ထင်ထားတာထက်တောင် ပိုများနေပါတယ်။ တောမီးဒဏ်သင့်ပြည်သူ တစ်ဦးချင်းစီအတွက် ထပ်တူ စိတ်မကောင်းဖြစ်ရပါတယ်။ ဒီလိုအခြေအနေမျိုးကို ကျော်ဖြတ်ဖို့အတွက် ပါဝင်ကူညီပေးနေတဲ့ အဖွဲ့အစည်းတိုင်း၊ ကူညီပံ့ပိုးပေးသူတိုင်းကို ကျေးဇူးတင်မိတယ်။ ဂျပန်အစိုးရအနေနဲ့ တောမီးဒဏ်သင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်ဖို့အတွက် အမေရိကန်ဒေါ်လာနှစ်သန်းပံ့ပိုးဖို့ ကျွန်တော့်ကို တာဝန်ပေးလာတဲ့အတွက် အခုလိုလာရောက်ပံ့ပိုးခဲ့တာဖြစ်ပါတယ်"ဟု အမေရိကန်နိုင်ငံဆိုင်ရာ ဂျပန်ကောင်စစ်ဝန်ချုပ် ကန်ကိုဆိုနီက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

# နီပေါနိုင်ငံ ရေဘေးသင့်ပြည်သူများအတွက် One Heart Worldwide က ယူရို ၁၀၀၀၀၀ ကူညီပံ့ပိုး

**ခတ္တမန္ဒူ ဇန်နဝါရီ ၁၆**

နီပေါနိုင်ငံတွင် ၂၀၂၄ ခုနှစ် စက်တင်ဘာလက ရင်ဆိုင်ခဲ့ရသော ရေဘေးအန္တရာယ်နှင့်ပတ်သက်ပြီး ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဂျာမနီအခြေစိုက် One Heart Worldwide အဖွဲ့အစည်းက နီပေါရေဘေးသင့် ပြည်သူများအတွက် ယူရို ၁၀၀၀၀၀ ကူညီပံ့ပိုးပေးခဲ့ကြောင်း One Heart Worldwide ၏ CEO သောမတ်စ်ပရင့်က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ခဲ့ရသည်မှာ လေးလကျော်ကြာမြင့်နေပြီဖြစ်သော်လည်း ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ခြင်း မရှိသေးကြောင်း၊ နီပေါအစိုးရအနေဖြင့် မကြာခဏသဘာဝဘေးဒဏ်ဖြင့် ရင်ဆိုင်နေရခြင်းကြောင့် ဘဏ္ဍာရေးအခက်အခဲများ ရှိနေကြောင်း၊ One Heart Worldwide အဖွဲ့အစည်းအနေဖြင့် ရေဘေးအန္တရာယ် အရေးပေါ်တုံ့ပြန်ရေးနှင့် ရေဘေးသင့် ဧရိယာအတွင်းမှ မိခင်နှင့် မွေးကင်းစ ကလေးငယ်များကို ကူညီပံ့ပိုးပေးရန် စီစဉ်ခဲ့ခြင်းဖြစ်ကြောင်း၊ သဘာဝဘေးဒဏ်ဖြင့် ရင်ဆိုင်ရပါက ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ကျေးလက်ဒေသများ၌ အများဆုံးအခက်တွေ့ခဲ့ရခြင်းဖြစ်ပြီး ၂၀၂၄ ခုနှစ် စက်တင်ဘာလက ရေဘေးဒဏ်ကြောင့် အိမ်ရာမဲ့ဘဝသို့ ရောက်နေသည့် လူ ၅၃ ဦးထိ ရှိနေဆဲဖြစ်ကြောင်း သိရသည်။

"နီပေါနိုင်ငံ ရေဘေးသင့်ဧရိယာတွေမှာ ပြန်လည်ထူထောင်ရေး လုပ်ငန်းအတွက် အခက်တွေ့နေဆဲ ဖြစ်ပါတယ်။ ရေဘေးအန္တရာယ် အရေးပေါ်တုံ့ပြန်ရေးနဲ့ ရေဘေးသင့်ဧရိယာအတွင်းက မိခင်နဲ့ မွေးကင်းစကလေးငယ်တွေရဲ့ ကျန်းမာရေးစောင့်ရှောက်မှု အစီအစဉ်အရ ကူညီပံ့ပိုးမှုတွေ ပြုလုပ်ပေးနေပါတယ်။ One Heart Worldwide အနေနဲ့ နီပေါရေဘေးသင့် ပြန်လည်ထူထောင်ရေးအတွက် ယူရို ၁၀၀၀၀၀ ပံ့ပိုးပေးနိုင်ခဲ့ပါတယ်"ဟု ဂျာမနီသံတမန်ဖြစ်သူ One Heart Worldwide အဖွဲ့အစည်း၏ CEO သောမတ်စ်ပရင့်က ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# ကမ္ဘောဒီးယားနိုင်ငံရှိ ကလေးငယ်နှစ်သန်းခန့် သဘာဝဘေးဒဏ်ခံနေရသောဒေသများ၌ နေကြရ

**ဖနွမ်းပင် ဇန်နဝါရီ ၁၆**

ကမ္ဘောဒီးယားနိုင်ငံရှိ ကလေးငယ်နှစ်သန်းခန့်သည် သဘာဝဘေးဒဏ်ခံနေရသော ဒေသများတွင် နေထိုင်ကြရကြောင်း ဇန်နဝါရီ ၁၄ ရက်က ထုတ်ပြန်သည့် UNICEF အစီရင်ခံစာအရ သိရသည်ဟု ဇန်နဝါရီ ၁၅ ရက် သတင်းများတွင် ဖော်ပြထားသည်။

ကမ္ဘောဒီးယားနိုင်ငံရှိ ကလေးငယ်နှစ်သန်းခန့်သည် သဘာဝဘေးအန္တရာယ်မြင့်မားသောဒေသသို့မဟုတ် အလွန်မြင့်မားသောဒေသများတွင် နေထိုင်နေကြပြီး အဓိကအားဖြင့် အဆိုပါနေရာများသည် ကျေးလက်ဒေသများဖြစ်ကြောင်း ဇန်နဝါရီ ၁၄ ရက်တွင် ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာ ကလေးများအရေးပေါ်ရန်ပုံငွေအဖွဲ့(UNICEF) က ထုတ်ပြန်သည့် ကလေးများအတွက် ရာသီဥတုဆိုင်ရာ အန္တရာယ်အညွှန်းကိန်း (Children’s Climate Risk Index) အစီရင်ခံစာတွင် ဖော်ပြထားကြောင်း သိရသည်။

အဆိုပါ အစီရင်ခံစာတွင် ကမ္ဘောဒီးယားနိုင်ငံရှိ ကလေးငယ် သုံးပုံတစ်ပုံခန့်သည် မိုးခေါင်ရေရှားမှုဒဏ်ကို ခံစားနေရပြီး ကလေးထက်ဝက်ကျော်မှာ အပူဒဏ်၊ ရေကြီးရေလျှံမှုဒဏ်များကို ခံစားနေရကြောင်း အဆိုပါအစီရင်ခံစာတွင် ဖော်ပြထားသည်။

ကမ္ဘောဒီးယားနိုင်ငံသည် ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဘေးအန္တရာယ်များကြောင့် ကလေးသူငယ်များအတွက် အန္တရာယ်မြင့်မားသော ထိပ်ဆုံးနိုင်ငံများ စာရင်းတွင် ပါဝင်လျက်ရှိကြောင်း အဆိုပါ အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြထားသည်။

Ref : Russia Today

Trs : AZH

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

ဝတ္ထုတိုကဏ္ဍ

# မကောင်းသောအကြံနှင့် ခံရသောဘေးဒဏ်

ထွန်းလှိုင်(မြိုင်)



လှမောင်သည် သိန်းဖေ၏ အိမ်နောက်အဖီ တံစက်မြိတ်အောက်၌ရပ်လျက် လက်၌ကိုင်ထားသော ဓာတ်ဆီများနှင့်ရွှဲနေအောင်စိမ်ထားသည့် ပုဆိုးစုတ်ကို အမှောင်ထဲတွင် စိုက်ကြည့်လျက် လက်တစ်ဖက်က အင်္ကျီအိတ်ထဲမှ မီးခြစ်ကိုထုတ်နေ၏။

သိန်းဖေ၏အိမ်ထဲမှ လူသံသူသံမကြားရ။ ခွေးတစ်ကောင် ကြောင်တမြီးမှလည်းမရှိ။ လမိုက်ညဖြစ်၍ အမှောင်ထုကလည်းရှိ။ ဒီအချိန်တွင် လှမောင်မှာ ကလဲ့စားချေဖို့ရန် အကောင်းဆုံးအခွင့်အခါကို ရရှိထားသည်။ အကြောင်းမူကား သိန်းဖေတို့လင်မယား မြောက်ဘက်ရွာရှိ ယောက္ခမများထံသွားကြရာ အိမ်ပြန်မရောက်သေးသဖြင့် အေးအေးဆေးဆေး စိတ်ချလက်ချ သိန်းဖေအိမ်ကို ပြာကျအောင်မီးရှို့ရန်ဖြစ်သည်။ မနက်ဖြန်မှပြန်လာကြရင် ပြာပုံပဲတွေ့ရမှာပဲဟု လှမောင် အတွေးနဲ့ပျော်နေ၏။ သူနဲ့ငါ သူရင်းငှားချင်းအတူတူ အကျိုးပေးကောင်းလို့ အိမ်ကလေးတစ်ဆောင်နှင့် နွားတစ်ရှဉ်း၊ လှည်းတစ်စီးနဲ့ အမွေရတဲ့လယ်နဲ့ စာရင်းငှားလုပ်ရတဲ့လယ်တွေ ပေါင်းလိုက်ရင် ငါးဧကလောက်ရှိတာကို ဘဝင်မြင့်နေကြတယ်။ ဟန်ကြီးပန်ကြီးလုပ်နေကြတဲ့ လင်မယား၊ ကထိန်ပွဲဝက်သားကျွေးနဲ့လှူခဲ့လို့ ထောင်ထောင်ထောင်ထောင်နဲ့နေကြတဲ့လင်မယား။ တွေ့ကြရပေါ့ကွာ။ လာမည့်မိုး လယ်ထွန်စရာမရှိအောင် ဒီည လုပ်ပြလိုက်မယ်။

ငါသူရင်းငှားလုပ်လို့အဆင်မပြေလို့ ပိုက်ဆံလေးချေးပါတယ်။ သိန်းဖေမိန်းမက အကြွေးထူလို့ဆိုပြီး ငွေမချေးလိုက်ဘူး။ သိန်းဖေက မိန်းမစကား အောင်တာကိုး။ မိုးဦးကျကလည်း လယ်ထွန်ဖို့ လယ်ထွန်တုံးကိုငှားပြီး လယ်နှစ်ကွက်သီးစားခချရန် သူကြီးကိုသာမြတ်ဆီ သွားငှားပါတယ်။ ကိုသာမြတ်က ငါ့ကိုငှားမယ်လို့အသေအချာပြောပြီးသား။ ငါ့မှာ အကြွေးထူကြောင်း သင်းသွားပြောလို့သာ ငါ့ကိုမငှားတော့ဘူး။ သူနဲ့မယားညီအစ်ကိုကို ငှားလိုက်တယ်။ လှမောင်တဲ့ကွ။ ဒီတစ်ခါတော့ လှမောင်အကြောင်း ကောင်းကောင်းသိကြရမယ်ပေါ့။ မနက်ဖြန် သင်းတို့လင်မယားနှစ်ယောက် လှည်းလေးနဲ့ကြော့ကြော့ကလေး ပြန်အလာမှာ ပြာပုံကိုပဲမြင်စေရမယ် စသည်ဖြင့်တွေးကာ ပတ်ဝန်းကျင် လူသူလေးပါး အသွားအလာအရိပ်အကဲကို ကြည့်နေ၏။ မည်သူတစ်ဦးတစ်ယောက်မျှ မမြင်ရပေ။ လှမောင် ကျိတ်၍ပျော်နေ၏။

ထိုအချိန် မြောက်လေသည် သစ်ကိုင်းသစ်ရွက်၊ အိမ်မိုးသက်ငယ်တို့ကြားမှ တရှီးရှီးဖြင့် တိုက်နေသည်။ ပတ်ဝန်းကျင်၌ တိတ်ဆိတ်နေသည်။ တစ်ခါတစ်ခါ လေက ဆောင့်တိုက်လာတော့ သစ်ကိုင်းရိုက်သံ၊ သစ်ရွက်ကြွေသံတွေက လှမောင်စိတ်ကို နာနာဘာဝတွေ လာခြောက်နေသလို ခံစားနေရ၏။

မကောင်းမှုကိုကြံစည်သူတို့၏ သဘာဝအတိုင်း ထိုအသံများကိုကြားသည့်အခါ ကြက်သီးထ၍သွားသည်။ ခေါင်းနားပန်းကြီး၍ သွားလေသည်။ စိတ်ချောက်ချား၍ နေလေတော့သည်။။

ထိုညမှာ လမိုက်ညဖြစ်၍ လရောင်မရှိ။ ကြယ်ရောင်များသာရှိလေသည်။ ရွာအစွန်ခြံစည်းရိုးအပြင် လယ်ကွင်းပြင်မှာ ခပ်ရေးရေးမြင်ရသော်လည်း ခြံတွင်း၌ မန်ကျည်းပင်၊ အုန်းပင်၊ သရက်ပင်၊ ငှက်ပျောပင် စသည့်အပင်များပြည့်ညပ်နေ၍ ပိတ်ပိတ်ဖုံးမည်းမှောင်နေလေရာ မသမာသူ၊ သူခိုးသူဝှက်များမှ တစ်ပါး အကြိုအကြားကို သာမန်လူကောင်းသွားနိုင်ဖို့ရန် များစွာခက်ခဲလေ၏။ ဒီလိုအချိန်မှာ သာမန်လူကောင်းကလည်း မသွား။ မကောင်းစိတ်မွေးနေသော လှမောင်တစ်ယောက် သူတစ်ပါးဖျက်ဆီးဖို့ရန် အကြံနှင့်မို့ သွားရဲလာရဲဖြစ်နေခြင်းဖြစ်သည်။

လှမောင်သည် မီးခြစ်ကိုခြစ်လေ၏။ ခြစ်သော်လည်း တော်တော်နှင့်မရ။ ခြစ်၍ ရပြန်သော်လည်း လေကထန်နေသဖြင့် တောက်လျှင်တောက်ချင်း ပြာလဲ့လဲ့မီးရောင်ကလေးမှာ လေစား၍သွားသည်ကိုသာ လှမောင်အဖို့ ထပ်ကာထပ်ကာဆက်လက်၍ မခြစ်ဝံ့တော့ပေ။ ဘယ်အကြိုအကြားက လူတစ်ယောက်ချောင်းကြည့်နေမည်လားမသိ။ လူတစ်စုံတစ်ယောက်မျှ အနီးအနားမှမရှိဟုထင်ရသော်လည်း တစ်နေရာရာမှ ချောင်းများကြည့်နေမလားဟု စိတ်က တထင့်ထင့်ရှိနေ၏။ သို့ဖြစ်သောကြောင့် တစ်ကြိမ်မီးခြစ်၍ သေသွားသောအခါ နောက်တစ်ကြိမ် ထပ်၍မီးခြစ်ရန် လက်တွန့်နေ၏။ သို့သော်လည်း သိန်းဖေတို့ဘဝပျက်ဖို့အရေး မသိစိတ်က နှိုးဆော်နေ၏။ ထို့ကြောင့် နောက်တစ်ကြိမ် မီးခြစ်ကို ထပ်၍မခြစ်မိသေး။ ဘေးဘယ်ညာကို ကြည့်လေ၏။ ထို့နောက် မီးခြစ်ကို ထပ်၍ ခြစ်ရပြန်လေ၏။

မနာလိုခြင်း ဣဿာ၊ ဝန်တိုခြင်း မစ္ဆရိယစိတ်မွေးနေသောလှမောင်အတွက် သိန်းဖေ၏ ကံတရားက ပျက်စီးစေကြောင်း အကြောင်းကမပါ။ လေသည် တဖြည်းဖြည်း တိုး၍ပြင်းလေ၏။ မီးခြစ်မှာ ခြစ်ရန်ပို၍ ခက်ခဲလေဖြစ်လာလေ၏။ ထိုအချိန် လှမောင်၏ နှာခေါင်း၌ ညှော်နံ့လိုလို၊ မီးခိုးနံ့လိုလိုရသဖြင့် တောင်မြောက်လေးပါးကို ကြည့်လိုက်၏။ ထိုသို့ကြည့်နေစဉ် မိမိ၏နေရာဖြစ်သော ရွာမြောက်ပိုင်းဘက်မှ ထူးဆန်းသောလေသံနှင့်အတူ အသံတစ်မျိုးကိုကြားရသဖြင့် မီးခြစ်ကိုမခြစ်ဘဲ စူးစမ်းနေသည်။

လေတိုက်သံပဲဖြစ်မှာပါပဲ။ ကိစ္စမရှိဘူး။ ဘယ်သူမှ ငါ့ကိုမမြင်ဘူးဟု အောက်မေ့ကာ လေကလေး အငြိမ်တွင် မီးခြစ်ကို ခြစ်ပြန်လေ၏။ မီးခြစ်မှ မီးသည် အတော်လေးကြာစွာတောက်သဖြင့် ဓာတ်ဆီဆွတ်ထားသောအဝတ်ကို ထိုမီးနှင့် ညှိတော့မည်အလုပ်တွင် ဖောင်းဒိုင်းဟူသောမြည်သံများ သုံးလေးချက်ကို ထပ်ဆင့်ကြားလိုက်ရပြီးနောက် မဟုတ်တာလုပ်နေသော လှမောင်သည် လန့်ဖျပ်၍မတ်တတ်မှဘေးတိုက်လဲကျသွားလေရာ မေ့မြော၍ သွားလေတော့သည်။

တစ်ရွာလုံးဆူဆူညံညံဖြစ်ကြလေသည်။ ပြေးကြလွှားကြ။ အိမ်ကြိုအိမ်ကြားဖြတ်သန်း၍ လူကြီးလူငယ်အထိတ်တလန့်ဖြင့် ဆူညံစွာရွာ၏ မြောက်ဘက်ဖျားကို ပြေးကြလေ၏။ မီးတောက်မီးခိုးများ အလုံးလိုက်တက်နေ၏။

ထိုအခိုက် သိန်းဖေတို့လင်မယားမှာ ယောက္ခမအိမ်က လှည်းနှင့်ပြန်အလာ ရွာထိပ်ကိုဝင်လျှင်ဝင်ချင်း မီးလောင်နေသောအိမ်ကို တွေ့မြင်ကြရလေသည်။

"ဟိုက် လှမောင်အိမ်ပါလား။ တို့မီးလား၊ ရှို့မီးလား၊ မီးဖိုထဲက ထင်းမီးလား၊ ပစ်မီးလားဟဲ့"စသည်ဖြင့်ပြောကာ သိန်းဖေသည် နွားကြိုးကို လှည်းရုံတိုင် ချိတ်ထားပြီး လှည်းပေါ်မှ ပြေးဆင်းသွားလေသည်။

ထိုအတွင်း လှမောင်၏မယားဖြစ်သူက ရင်ကိုထုကာဆံပင်ဖိုးရိုးဖားရားနှင့် ဟိုပြေးလိုက်ဒီပြေးလိုက် "ကယ်ကြပါ၊ ကယ်ကြပါ၊ ကျွန်မသားလေး မီးထဲပါပါတော့မယ်။ အခန်းထဲမှာ အိပ်၍ကျန်နေပါပြီ။ ကယ်ကြပါ။ ကိုလှမောင်ရေ ကိုလှမောင် ဘယ်ကိုများသွားနေပါလိမ့်မလဲ။ တော့်သားလေး မီးထဲပါတော့မယ်။ အမယ်လေး ကျွန်မသားလေး သေပါပြီတော့။ မကယ်နိုင်ကြတော့ဘူးလား စသည်ဖြင့် လင်သေ၊ သားဆုံး မပဋာမြေလူး ချာချာလည်အောင်ရူးသကဲ့သို့ တစာစာ အော်နေလေ၏။

ထိုအဖြစ်အပျက်ကို သိန်းဖေသည် ခဏမျှကြည့်နေပြီး ဒုက္ခရောက်သူကိုကယ်လိုသော စိတ်အခံရှိသူဖြစ်၍ ခန္ဓာကိုယ်မှအင်္ကျီကိုချွတ်ကာ မီးသတ်ရန် ရေပုံးများဖြင့်လာကြသူများ၏ ရေပုံးတစ်ပုံးကို ယူ၍ မိမိကိုယ်ကိုလောင်းလေ၏။ မိမိဝတ်ထားသော လုံချည်ကိုလည်း ရေတွေရွှဲနေအောင် ဆွတ်လိုက်၏။ ထို့နောက် မီးတောက်ထဲသို့ ဇွတ်အတင်းပြေးဝင်ကာ အိမ်အခန်းတစ်ခု၌ ကလေးတစ်ယောက် ပက်လက်ကလေးရှိနေသည်ကိုမြင်ရလေ၏။ အိမ်ကာထားသော နံရံများမှ မီးများသည် ခေါင်မိုးကို ကူးတော့မည့်ဆဲဆဲရှိနေလေ၏။ ကလေးအပေါ်မှာ မီးတွေပေါင်းကူးလျက်ကလေး၏ ပတ်ဝန်းကျင်သို့ မီးပွားများ၊ မီးရှူး၊ မီးခွက်တွေကြွေသလို ကြွေကျကြလေ၏။ ခေါင်းရင်းနံရံမှာ မီးကူးစက်ကောင်းသဖြင့် လဲကျတော့မည်ရှိရာ လဲကျလျှင် ကလေးကို မီးစောင်ကြီးအုပ်ပစ်သလိုရှိလေ၏။

သိန်းဖေသည် မီးလောင်နေသော အိမ်ခန်းအတွင်းသို့ တစ်ဟုန်ထိုးပြေးဝင်၍ကလေးကိုပွေ့ချီပြီး နောက်သို့ပြန်ထွက်သည်နှင့်တစ်ပြိုက်နက်တည်း မီးစွဲလောင်နေသောထရံကြီးသည် ကလေးအိပ်ခဲ့သည့် နေရာပေါ်သို့ လဲကျလေ၏။

"ဟာ ဟင်"ဆိုပြီး အာမေဍိတ်သံများတစ်ပြိုင်နက် ထွက်ပေါ်လာကြသည်။ ဘေးမှရပ်ကြည့်နေကြသော ရွာသားအားလုံးတို့သည် အမောတကော ပြေးထွက်လာသော သိန်းဖေရော၊ ကလေးကိုပါ ဝိုင်း၍ ပွေ့ချီကြလေ၏။

"သူ့အဖေဘယ်မှာလဲ။ ဟေ့ လှမောင်၊ လှမောင် ခွေးမသား ဘယ်ကို သဝေထိုးနေသလဲ။ ဘယ်မှာများ သောက်စားမူးယစ်နေသတုံး"စသည်ဖြင့် အော်ကြလေသည်။

လှမောင်သည် အိမ်ကိုမီးလောင်၍ ဝါးပေါက်သောအသံကို မိမိအား တစ်စုံတစ်ယောက်ကပစ်သော သေနတ်သံထင်၍လဲကျပြီး ဦးခေါင်းကို တစ်စုံတစ်ရာနှင့်ဆောင့်မိကာမေ့မြောနေခြင်းဖြစ်၏။ မကောင်းမှုပြုရန်လာသော လှမောင်သည် စိတ်ကအလိုလိုချောက်ချားနေမိ၍ ဝါးပေါက်သံကို သေနတ်ပစ်သံဟု ထင်နေခြင်းဖြစ်သည်။

လှမောင်သတိရသောအခါ မိမိတို့ခေါ်သော အသံများ၊ ဆူညံသံများကြားရသဖြင့် ပြေးထွက်၍လာခဲ့ရာ မီးစွဲလောင်နေသော မိမိ၏အိမ်ရှေ့သို့ ရောက်သောအခါ သိန်းဖေနှင့်ကလေးကို လူတွေဝိုင်းအုံ၍နေသည်ကို တွေ့ရလေသည်။

ထိုအခါ မိမိ၏ မကောင်းသောအကြံကို မည်သူမျှမသိဘဲလျက်လုပ်မိ၍ ရှက်ကြောက်ခြင်းဖြစ်နေ၏။ နောင်တအကြီးအကျယ်ရကာ သိန်းဖေ၏ခြေရင်း၌ မိမိကိုယ်ကိုပစ်ချပြီး အထပ်ထပ်ဦးချလေသည်။ ပါးစပ်ကလည်း "ငါမှားပါတယ်၊ ငါမှားပါတယ်"ဟု တတွတ်တွတ်ပြောဆိုလေ၏။

သိန်းဖေနှင့်ရွာသားများက ကြောင်၍ ကြည့်နေကြ၏။ ဘာမျှနားမလည်။ လှမောင်တစ်ယောက် ဘာများအမှားလုပ်ခဲ့ပါလိမ့်မှဟု တွေးထင်နေကြ၏။ ခဏကြာမှ လှမောင်က သူလုပ်ခဲ့သောလုပ်ရပ်ကို ရှင်းပြလိုက်၏။ ဟာ ဟင် မိုက်လှချည်လား လှမောင်ရယ်။ တစ်ရွာတည်းသားတွေဖြစ်ခြင်း၊ မကြံအပ်၊ မစည်သူများ၊ မကောင်းကြံကိုယ့်ဘေးရန်ထိဆိုတာ ဒါပဲကွဟု တစ်ယောက်တစ်ပေါက် ပြောနေကြ၏။ လှမောင်ကတော့ ရှက်ကြောက်ခြင်းခံစားနေရ၏။

မကောင်းမှုလုပ်သူသည် ဤဘဝ၌ စိုးရိမ်ရ၏။ တမလွန်ဘဝ၌စိုးရိမ်ရ၏။ ပစ္စုပ္ပန်၊ တမလွန် နှစ်တန်သောဘဝ၌ စိုးရိမ်ရ၏။ ထိုသူသည် မိမိ၏ညစ်နွမ်းသောကံကိုသိမြင်၍ စိုးရိမ်ပူပန်ရ၏။

စာမျက်နှာ ၂၅ သို့ ➤

# ကလေးဝမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံ ၂၀၁၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကလေးဝ ဇန်နဝါရီ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်ကလေးဝမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံ ၂၀၁၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးဝမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံ ၂၁၇၂ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၀၁၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ ကလေးဝမြို့နယ်မှာ ဟင်းသီးဟင်းရွက်သီးနှံ ၂၁၇၂ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၂၀၁၆ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ မုန်ညင်း၊ ဂေါ်ဖီ၊ နံနံ၊ အာလူး၊ ခရမ်း၊ မုန်လာထုပ် စတဲ့သီးနှံတွေ ဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့စိုက်ပျိုးနိုင်စေဖို့နဲ့ ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေပေးနေပါတယ်"ဟု ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က ပြောပြသည်။

ကလေးဝမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းစင်ရေး၊ သဘာဝမြေသြဇာ၊ သဘာဝ ပိုးသတ်ဆေး ပြုလုပ်သုံးစွဲရေးတို့ကို အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ကလေးဝမြို့နယ်တွင် နှစ်စဉ်ရာသီအလိုက် ဟင်းသီးဟင်းရွက်မျိုးစုံစိုက်ပျိုးလျက်ရှိရာ ဟင်းသီးဟင်းရွက်များ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက နိုင်ငံတွင်းစားသုံးမှုဖူလုံစေပြီး ဈေးကွက်လိုအပ်ချက်ဖြစ်သည့်ဝယ်လိုအားမျှတလာကာ လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သဖြင့် ဟင်းသီးဟင်းရွက်များကို တိုးချဲ့စိုက်ပျိုးနိုင်ရန် ကြိုးပမ်းကြရမည် ဖြစ်ကြောင်း ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးမျိုးနိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ယခင်လကထက် ငါးရှဉ့်ပိဿာချိန် ပိုမိုတင်ပို့ရောင်းချနိုင်ခဲ့

**ဘိုကလေး ဇန်နဝါရီ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ယခင်လကထက် ငါးရှဉ့်ပိဿာချိန် ပိုမိုတင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးဝင်းက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ငါးရှဉ့်ပိဿာချိန် ၆၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဒီဇင်ဘာ ၁ ရက်မှ ၃၁ ရက်ထိ ငါးရှဉ့်ပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဘိုကလေးမြို့နယ်က ထွက်တဲ့ငါးရှဉ့်တွေ ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများခဲ့ပါတယ်။ ပြီးခဲ့တဲ့ ဒီဇင်ဘာလအတွင်း ငါးရှဉ့်ပိဿာချိန် ၈၅၀၀၀ ထိ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ ဘိုကလေးမြို့နယ်က ထွက်တဲ့ငါးရှဉ့်တွေ ရန်ကုန်ဈေးကွက်ကို အဓိက တင်ပို့ရောင်းချနေတာ ဖြစ်ပါတယ်။ အခုလို ငါးရှဉ့်တင်ပို့အားကောင်းလာတော့ ငါးရှဉ့်မွေးမြူသူတွေနဲ့ လုပ်သားတွေ၊ ငါးရှဉ့်ရှာဖွေ ဖမ်းဆီးသူတွေ အဆင်ပြေလာတာ တွေ့ရပါတယ်"ဟု ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးဝင်းက ပြောပြသည်။



ဘိုကလေးမြို့နယ်မှ ရေထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသထွက်ရေထွက်ကုန်များကိုဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါငါးရှဉ့်များကို ရန်ကုန်ဈေးကွက်မှတစ်ဆင့် ပြည်ပနိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ စင်ကာပူနိုင်ငံများသို့ ပြန်လည်တင်ပို့ ရောင်းချလျက်ရှိကြောင်း၊ လက်ရှိ ငါးရှဉ့်တစ်ပိဿာလျှင် ငွေကျပ် ၁၆၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

➤ စာမျက်နှာ ၂၄ မှအဆက်

သိန်းဖေသည် စာရင်းငှားလုပ်ခဲ့၍ ရိုးသားကြိုးစားပြီးလုပ်ခဲ့လို့ ဘဝတိုးတက်၏။ စိတ်ထားကောင်း၏။ တစ်ပါးသူဒုက္ခကို ကူညီလိုသောစိတ်ဓာတ်ရှိသည်။ ရတနာသုံးပါးကို ကြည်ညို၏။ ကောင်းမှုပြုလုပ်သူမိဘကိုလုပ်ကျွေး၏။ ကျေးဇူးရှင်ကို ကျေးဇူးဆပ်ခဲ့၏။ ထို့ကြောင့် သိန်းဖေအိမ်ကို မီးရှို့မည်ကြံစည်မှုသည် လွဲဖယ်ခဲ့ရသည်။ ကံတရားသည် ဆန်းကြယ်လှသည်။ ကောင်းမှုပြုလုပ်သူသည် ဤဘဝ၌လည်း ဝမ်းမြောက်ရ၏။ တမလွန်ဘဝ၌လည်း ဝမ်းမြောက်ရ၏။ ပစ္စုပ္ပန်၊ တမလွန် နှစ်တန်သောဘဝတို့၌ ဝမ်းမြောက်ရ၏။

လှမောင်သည် သိန်းဖေနှင့်အတူ သူရင်းငှားလုပ်ခဲ့သော်လည်း အလုပ်ခိုကပ်သူ၊ ပိုင်ရှင်မသိအောင် မရိုးမသားလုပ်သည်။ လက်ကြောတင်းအောင်မလုပ်။ တွက်ကတ်သူဖြစ်သည်။ အသောက်အစားဖက်သည်။ ဘာသာတရားကိုင်းရှိုင်းမှုမရှိ။ ဒါကြောင့် လှမောင်ဘဝ မတိုးတက်။ သူချေးငှား၍ရလျှင် ကောင်း၏။ မချေးငှားလျှင် အမုန်းပွား၏။

ဣဿာမစ္ဆရိယစိတ်ရှိ၏။ လှမောင်က မကောင်းသောအကြံနှင့် သူငယ်ချင်းသိန်းဖေအိမ်ကို မီးရှို့ရန်ကြံခဲ့၏။ သူ့ကံက သူ့ဘက်မလိုက်သည့်အပြင် မကောင်းသောဘေးဒဏ်က လှမောင်အတွက် အကျိုးပေးသွားခဲ့သည်။

ထိုညအဖို့ လှမောင်တို့လင်မယား ကလေးနှင့်အတူ သိန်းဖေ၏ အိမ်သို့ လိုက်၍အိပ်ကြရလေသည်။ သိန်းဖေတို့လင်မယားက အားပေးနှစ်သိမ့်ကြ၏။ လိုအပ်သည်များကူညီမည်ဟု ဆို၏။ လောလောဆယ် အိမ်မဆောက်နိုင်ခင် သူတို့နွားတင်းကုပ်တစ်ခြမ်းကို ကာပေးမည်။ လာနေကြဟု ဆိုသည်။

လှမောင်က မိမိဆိုးသွမ်းမှုကိုမျက်ရည်များဖြင့် ဝန်ချကာ သိန်းဖေတို့လင်မယားကို ထပ်တလဲလဲတောင်းပန်နေ၏။ အကြီးအကျယ် နောင်တရသွားတော့၏။

## ဆောင်းချမ်းမြမြ ပြာသိုလ

- ဆောင်းလပြာသို ငွေနှင်းစိုသော်
ခွာညိုပွင့်ပန်း ပင်ယံနန်း၌
ကြိုင်လန်းမွှေးထုံ မြိုင်ရဂုံဝယ်
ဝတ်ရုံခြုံလွှမ်း နှင်းရည်ဆမ်း၍
တင့်ဆန်းလှပ ဆောင်းကာလတည့်။

- ပြာသိုမာသ ထိုဆောင်းလဝယ်
ဖုဿျှတင့်တယ် နက္ခတ်ကြယ်နှင့်
ပြိုင်စွယ်တင့်ထွန်း ငွေလဝန်းတို့
လဲ့ရွှန်းတောက်ပ ပြာသိုလဝယ်
လှလွန်းပါဘိ ခန့်ထည်၏။

- ရိုးရာဓလေ့ တို့မမေ့ပေ
နှင်းငွေ့ဝေရာ ပြာသိုခါဝယ်
ညီညာသွေးချင်း စည်းလုံးခြင်းဖြင့်
မြင်းခင်းသဘင် တူပျော်ရွှင်စွာ
စဉ်လာခြိမ့်သဲ ဆင်ကာနွှဲ။

- နှင်းသွန်းသည့်ဆောင်း လွမ်းဖွယ်ကောင်း၍
နှောင်းအတိတ်ဆီ မှန်းရော်ရည်ကာ
သည်ဆီသည်မြို့ သည်သို့သည်နယ်
သည်ဝယ်သည်လမ်း မျှော်ကာတမ်းသည်
လွမ်းမောပါရ သည်ကာလ
ဆောင်းချမ်းမြမြ ပြာသိုလ။ ။

**မောင်လေပြေ(တောင်တွင်း)**

# မင်းလှမြို့နယ် နဂါးအိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေး

**မင်းလှ ဇန်နဝါရီ ၁၆**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နဂါးအိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဇန်နဝါရီ ၁၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းအေးနှင့် ဝန်ထမ်းများက နဂါးအိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကျိုးကျေးဇူးများ၊ ကျေးလက်နေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်များ၊ မိသားစုတစ်နိုင်တစ်ပိုင် အသေးစားစီးပွားရေးလုပ်ငန်းများကို ယခင်ထက်ပိုမိုလုပ်ကိုင် ဆောင်ရွက်စေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းရန်ပုံငွေကျပ် ၄၄ ဒသမ ၈ သန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်း၏ ကြီးကြပ်မှုဖြင့် မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက နဂါးအိုင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၁ ဦးကို ငွေကျပ် ၂၇ ဒသမ ၇၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၉ ဦးကို ငွေကျပ် ၁၇ ဒသမ ၀၅ သန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၁၄၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၄ ဒသမ ၈ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချိုလေး**

# ဂျပန်နှင့် ဥရောပသမဂ္ဂတို့၏ ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုအကြောင်း

ဥရောပနှင့် အင်ဒို-ပစိဖိတ်ဒေသတို့သည် အပြန်အလှန်ဆက်နွယ်နေပြီး ပထဝီနိုင်ငံရေး၊ စီးပွားရေးနှင့် လုံခြုံရေးအစီအစဉ်များ အပြန်အလှန်မှီခိုနေသည်။ တရားဥပဒေစိုးမိုးရေးနှင့် ကုလသမဂ္ဂပဋိညာဉ်အား လေးစားလိုက်နာရေးတို့ကို အခြေခံ၍ လွတ်လပ်ပွင့်လင်းသော နိုင်ငံတကာအစီအစဉ်ကို ခိုင်ခံ့မြဲမြံစေရန် ဂျပန်နှင့် ဥရောပသမဂ္ဂတို့က အလေးပေးလုပ်ဆောင်လာသည်။ အဓိကအားဖြင့် ဂျပန်နှင့် ဥရောပသမဂ္ဂတို့သည် ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၁ ရက်က ကာကွယ်ရေးနှင့် လုံခြုံရေးမိတ်ဖက်ဖြစ်မှုဆိုင်ရာ ပူးတွဲကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။ ဂျပန်နှင့် ဥရောပသမဂ္ဂကြား မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးသဘောတူညီချက်သည် ယခုနှစ် ဇန်နဝါရီ ၁ ရက်တွင် အသက်ဝင်ခဲ့ပြီး စိတ်တူကိုယ်တူ ကမ္ဘာလုံးဆိုင်ရာ မိတ်ဖက်များအဖြစ် နှစ်ဖက်စလုံးသည် ဒေသတွင်းငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို အတူတကွထိန်းသိမ်းမည်ဟု သဘောတူညီချက်တွင် ဖော်ပြထားသည်။

တစ်ချိန်တည်းမှာပင် လုံခြုံရေးသည် သမားရိုးကျတပ်မတော်နှင့် ကာကွယ်ရေးဆိုင်ရာအကြောင်းအရာများအတွက်သာ ကန့်သတ်ထားခြင်းမဟုတ်ဘဲ ဆိုက်ဘာနှင့် ရောစပ်ခြိမ်းခြောက်မှု၊ ရေကြောင်းနှင့် အာကာသအပြင် စီးပွားရေးလုံခြုံမှုကဲ့သို့သော ဆက်စပ်နေသည့်အစီအစဉ်များ ပိုမိုကျယ်ပြန့်စွာ လွှမ်းခြုံထားသည်။ ဂျပန်နှင့် ဥရောပသမဂ္ဂကြား မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးသည် မျှဝေတန်ဖိုးများနှင့် အကျိုးစီးပွားများအပေါ် အခြေခံထားသည်။ ၂၀၂၄ ခုနှစ် ဇူလိုင်လက ပြုလုပ်ခဲ့သည့် ဂျပန်-ဥရောပသမဂ္ဂထိပ်သီးအစည်းအဝေးပူးတွဲကြေညာချက်တွင် ဥရောပနှင့် အင်ဒို-ပစိဖိတ်ဒေသ၏လုံခြုံရေးသည် နီးကပ်စွာ ဆက်နွယ်နေကြောင်း အသိအမှတ်ပြုခဲ့သည်။ အချုပ်အခြာအာဏာ၊ နယ်မြေပိုင်ဆိုင်မှု၊ အငြင်းပွားမှုများကို ငြိမ်းချမ်းစွာဖြေရှင်းရေး၊ တရားဥပဒေစိုးမိုးရေး၊ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များအပါအဝင် လွတ်လပ်ပွင့်လင်းသော အင်ဒို-ပစိဖိတ်ဒေသ၏ အရေးပါမှုကိုလည်း ပူးတွဲကြေညာချက်က ထပ်မံအတည်ပြုခဲ့သည်။

ဂျပန်နှင့် ဥရောပသမဂ္ဂတို့သည် နောင်လာမည့်နှစ်များအတွက် ၎င်းတို့၏ လုံခြုံရေးနှင့် ကာကွယ်ရေးမူဝါဒများကို လမ်းညွှန်ပေးမည့် အရေးကြီးသော မဟာဗျူဟာစာတမ်းများကို အသီးသီး ချမှတ်ခဲ့သည်။ ၂၀၂၂ ခုနှစ်တွင် ချမှတ်ခဲ့သော ဥရောပသမဂ္ဂ-ပစိဖိတ်ဒေသ ပူးပေါင်းဆောင်ရွက်ရေးမဟာဗျူဟာနှင့် လုံခြုံရေးနှင့် ကာကွယ်ရေးအတွက် ၂၀၂၂ ခုနှစ်တွင် ချမှတ်ခဲ့သော ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ဥရောပသမဂ္ဂမဟာဗျူဟာမြောက် နယ်ပယ်တို့သည် လုံခြုံရေးနှင့် ကာကွယ်ရေးတွင် ဥရောပသမဂ္ဂအခန်းကဏ္ဍ ပိုမိုအားကောင်းလာစေရန် ၎င်း၏ အဓိကကျပြီး ခိုင်မာသောမိတ်ဖက်များနှင့်အတူ ပြတ်သားသောအမြင်ကို ချမှတ်ခဲ့သည်။ ဥရောပသမဂ္ဂအပါအဝင် ၎င်း၏မဟာမိတ်များနှင့် စိတ်တူကိုယ်တူလုပ်ဖော်ကိုင်ဖက်များကြား အလွှာပေါင်းစုံကွန်ရက်တည်ဆောက်ရန်အတွက် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုကိုမြှင့်တင်ရန် အရေးကြီးကြောင်း ဂျပန်နိုင်ငံက ၎င်း၏အမျိုးသားလုံခြုံရေးမဟာဗျူဟာ ၂၀၂၂ ခုနှစ်တွင် ရေးဆွဲခဲ့သည်။ အဆိုပါ မဟာဗျူဟာစာတမ်းများသည် ဂျပန်နှင့် ဥရောပသမဂ္ဂကြား ခိုင်မာသော မဟာဗျူဟာမြောက် ညှိနှိုင်းမှုကို ကြေညာချက်က အတည်ပြုခဲ့သည်။

ဤအခြေအနေတွင် ဂျပန်နှင့် ဥရောပသမဂ္ဂနှစ်ဖက်စလုံးသည် မျှဝေထားသော စိန်ခေါ်မှုများကို ပိုမိုကောင်းမွန်စွာ တွေ့ဆုံနိုင်ရန် ပူးပေါင်းဆောင်ရွက်မှုကို အရှိန်အဟုန်မြှင့်တင်ရန်နှင့် အခွင့်အလမ်းကို ဆုပ်ကိုင်ထားမည်ဟု ဆိုသည်။ ထို့ကြောင့် ဂျပန်နှင့် ဥရောပသမဂ္ဂတို့သည် လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာ ခေါင်းစဉ်များအားလုံးတွင် ပူးပေါင်းဆောင်ရွက်မှုနှင့် ဆွေးနွေးပွဲများကို ပိုမိုဖွံ့ဖြိုးတိုးတက်ရန်၊ နက်ရှိုင်းစွာနှင့် ခိုင်ခံ့စေရန် ကြိုးပမ်းသွားမည်ဖြစ်ပြီး ရှိပြီးသားမူဘောင်များကို အထူးသဖြင့် ၂၀၁၈ ခုနှစ် ဇူလိုင် ၁၇ ရက်က ပြုလုပ်ခဲ့သည့် ဂျပန်-ဥရောပသမဂ္ဂမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးသဘောတူညီချက်ကို အသုံးပြုကာ



အဆင့်မြှင့်တင်ရန် ကြိုးပမ်းသွားမည်ဖြစ်သည်။

**ပူးပေါင်းဆောင်ရွက်ရေးနယ်ပယ်များ**

**ရေကြောင်းနယ်ပယ်။** ဂျပန်နိုင်ငံနှင့် ဥရောပသမဂ္ဂတို့သည် လုံခြုံရေးနှင့် ကာကွယ်ရေးမူဝါဒများတွင် သက်ဆိုင်ရာ ဒေသလုံခြုံရေးအပြင် မဟာဗျူဟာနှင့် ပထဝီဝင်နိုင်ငံရေးဆိုင်ရာကိစ္စရပ်များတွင် သက်ဆိုင်ရာကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်မှုများကို ဆွေးနွေးသည့်အပြင် သတ်မှတ်ထားသော ဆွေးနွေးပွဲများကျင်းပပြီး ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်သွားမည်ဖြစ်သည်။ ရေကြောင်းလုံခြုံရေးစစ်ဆင်ရေးနှင့် လေ့ကျင့်ခန်းများလည်း ပါဝင်သည်။ အထူးသဖြင့် ကုလသမဂ္ဂလက်အောက်ခံ ပင်လယ်ရေကြောင်းဆက်သွယ်ရေးလမ်းကြောင်းများ လုံခြုံစိတ်ချမှုတို့လည်း ပါဝင်သည်။ ထို့ပြင် ပင်လယ်ရေကြောင်းလုံခြုံရေးတည်ဆောက်မှု မြှင့်တင်ရန် ရည်ရွယ်၍ ရေကြောင်းလုံခြုံရေးဆိုင်ရာ အပြန်အလှန်ဖလှယ်မှုကို နက်နက်ရှိုင်းရှိုင်းဆောင်ရွက်သွားမည်ဖြစ်သည်။

ဂျပန်နှင့် ဥရောပသမဂ္ဂတို့သည် ဥရောပသမဂ္ဂရေတပ်နှင့် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့တို့ကြား အုပ်ချုပ်မှုအစီအစဉ်မှတစ်ဆင့် ခိုင်မာသော ရေတပ်ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်မည်ဖြစ်သည်။ ဖြစ်စဉ်တစ်ခုချင်းစီအလိုက် အပြန်အလှန်သတ်မှတ်ထားသော တတိယနိုင်ငံများ၏ ပူးပေါင်းပါဝင်မှုအပါအဝင် ပူးတွဲစစ်ရေးလေ့ကျင့်မှုများ၊ ဆိပ်ကမ်းလည်ပတ်မှုများကဲ့သို့သော လှုပ်ရှားမှုများမှတစ်ဆင့် ရေကြောင်းလုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို ဖော်ဆောင်ခြင်းများကိုလည်း မြှင့်တင်မည်ဖြစ်သည်။

**အာကာသလုံခြုံရေးနှင့် ကာကွယ်ရေး**

ဂျပန်နှင့် ဥရောပသမဂ္ဂတို့သည် အာကာသလုံခြုံရေးနှင့် ပတ်သက်သည့် ကိစ္စရပ်များကို ထည့်သွင်းရန်အတွက် လက်ရှိ ဥရောပသမဂ္ဂ-ဂျပန် အာကာသမူဝါဒဆွေးနွေးပွဲ တိုးချဲ့နိုင်ခြေကို စူးစမ်းလေ့လာမည်ဖြစ်သည်။ အဓိကအားဖြင့် ပြင်ပအာကာသရှိ စံနှုန်းများ၊ စည်းမျဉ်းများနှင့် တာဝန်သိအပြုအမူဆိုင်ရာ အခြေခံမှုများကို ပူးတွဲမြှင့်တင်ရန်အတွက် နိုင်ငံစုံနှင့် နှစ်ဖက်ဖိုရမ်တို့တွင် ပြင်ပထိတွေ့ဆက်ဆံမှုဆိုင်ရာ ညှိနှိုင်းဆောင်ရွက်မှုကို မြှင့်တင်မည်ဖြစ်သည်။

**ဆိုက်ဘာကိစ္စများ**

ဂျပန်နှင့် ဥရောပသမဂ္ဂတို့သည် ဆိုက်ဘာလုံခြုံရေးခြိမ်းခြောက်မှုအခင်းအကျင်းတွင် ပုံမှန်ဖလှယ်မှုများတိုးမြှင့်ခြင်းအပါအဝင် လက်ရှိ ဂျပန်-ဥရောပသမဂ္ဂဆိုက်ဘာဆွေးနွေးပွဲကို ပိုမိုနက်ရှိုင်းစေမည်ဖြစ်သည်။ သက်ဆိုင်ရာချဉ်းကပ်မှုများနှင့် လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှုများအပြင် အန္တရာယ်ရှိသော ဆိုက်ဘာလုပ်ဆောင်မှုများအပေါ် သံတမန်ရေးရာ တုံ့ပြန်မှုများကို ညှိနှိုင်းဆောင်ရွက်ရန်တို့အပြင် ညှိနှိုင်းဆောင်ရွက်ခြင်း၊ ဆိုက်ဘာ စွမ်းရည်မြှင့်တင်ရေးကြိုးပမ်းမှုများကို ပူးပေါင်းဆောင်ရွက်မည်ဖြစ်သည်။

**ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ခြင်း**

အမေရိကန်နိုင်ငံ၏ အားပေးမှုနှင့်အတူ ဂျပန်နိုင်ငံသည် ဥရောပနိုင်ငံကြီးများနှင့် စစ်ရေးအရ လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုကို အရှိန်မြှင့်လုပ်ဆောင်လျက်ရှိသည်။ ၎င်းတွင် ကာကွယ်ရေးနှင့် ဒေသတွင်းလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များအပေါ် ပုံမှန်အမြင်ချင်းဖလှယ်ရန် ဗြိတိန်၊ ပြင်သစ်၊ ဂျာမနီနှင့် အခြားနိုင်ငံများနှင့် ၂+၂ ဆွေးနွေးမှုယန္တရားများ ထူထောင်ရေး၊ ကာကွယ်ရေးနှင့် ဒေသတွင်း လုံခြုံရေးဆိုင်ရာကိစ္စရပ်များအပေါ် ပုံမှန်အမြင်ချင်းဖလှယ်ရန် ပါဝင်သည်။ NATO နှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုအတွက် အစီအစဉ် ဆွဲကာ ၎င်းတို့၏ လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုကို ပိုမိုဖွဲ့စည်းနိုင်စေရန် လျှို့ဝှက်ထောက်လှမ်းရေး၊ မျှဝေရေးလမ်းကြောင်းကို ထူထောင်ခဲ့သည်။

ထို့ပြင် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့နှင့် ဥရောပနိုင်ငံကြီးများ၏ တပ်မတော်များကြား ပူးတွဲစစ်ရေးလေ့ကျင့်မှုအတိုင်းအတာသည် တဖြည်းဖြည်းတိုးချဲ့လာခဲ့ပြီး စဉ်ဆက်မပြတ် ကျယ်ပြန့်လာသည်။ နိုင်ငံတကာအခင်းအကျင်းတွင် နက်ရှိုင်းသော အပြောင်းအလဲများကြားတွင် ဥရောပနိုင်ငံများနှင့် စစ်ဘက်ဆိုင်ရာ လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် ဂျပန်နိုင်ငံ၏ ဆက်လက်ကြိုးပမ်းမှုများသည်၎င်း၏ကမ္ဘာလုံးဆိုင်ရာ ဩဇာလွှမ်းမိုးမှုကို ချဲ့ထွင်ရန်နှင့် ထင်ရှားသော နိုင်ငံရေးနှင့် စစ်ရေးဆိုင်ရာ စွမ်းအားအဖြစ်ရပ်တည်ရန် ၎င်း၏ ရည်ရွယ်ချက်ကို ထင်ဟပ်လျက်ရှိသည်။ ပထမဦးစွာ ဂျပန်သည် စစ်ရေးလုံခြုံရေးနယ်ပယ်တွင် အဓိကဥရောပအင်အားကြီးနိုင်ငံများနှင့်ပေါင်းစည်းရန် ရည်မှန်းထားပြီး စစ်ပြီးခေတ် ကန့်သတ်ချက်များကို ဖြတ်ကျော်ကာ ၎င်း၏ စစ်ရေးတိုးချဲ့မှုအတွက် မျှတမှုနှင့် မူဝါဒအခင်းအကျင်းများ ဖန်တီးရန် ရည်မှန်းထားသည်။ ဖူမီယိုကီရှီဒါအစိုးရလက်ထက်အတွင်း ဂျပန်က ကာကွယ်ရေးအသုံးစရိတ်ကိုNATO စံနှုန်းကိုရောက်ရှိကာ ၂၀၂၃ ခုနှစ်မှစတင်၍ ငါးနှစ်အတွင်း ဂျီဒီပီ၏ နှစ်ရာခိုင်နှုန်းသို့ တိုးမြှင့်မည်ဟု ကြေညာခဲ့သည်။ အဓိကအားဖြင့် ထိုးစစ်လက်နက်များပေါ်တွင် အဓိကထား၍ တန်ပြန်တိုက်ခိုက်နိုင်စွမ်းကို တည်ဆောက်ရန် အာရုံစိုက်ခဲ့သည်။

ဝန်ကြီးချုပ်အီရှီဘာတက်လာပြီးနောက် ဂျပန်နိုင်ငံသည် ဥရောပ၏ မျိုးဆက်သစ်မောင်းသူမဲ့လေယာဉ်စနစ်များ (UAS) တွင် ပါဝင်ရန် တက်ကြွစွာ ကြိုးပမ်းနေစဉ်တွင် ဂျပန်နိုင်ငံသည် ဗြိတိန်၊ အီတလီနိုင်ငံတို့နှင့် ပူးပေါင်း၍ မျိုးဆက်သစ်တိုက်လေယာဉ်များ ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်မြှင့်လုပ်ဆောင်ခဲ့သည်။ ၎င်း၏ မဟာဗျူဟာနှင့် ကာကွယ်ရေးမိတ်ဖက်ဆက်ဆံရေးမူဘောင်သစ်အရ ဂျပန်နိုင်ငံသည် ဥရောပနှင့် စစ်ဘက်ဆိုင်ရာ လုံခြုံရေး ပူးပေါင်းဆောင်ရွက်မှုကို ဆက်လက်ခိုင်မာစေရန် လုပ်ဆောင်သွားမည်ဖြစ်ပြီး ၎င်း၏ အသွင်ကူးပြောင်းမှုကို နိုင်ငံတကာမှ ငြိမ်းချမ်းသောနိုင်ငံမှ စစ်ရေးစွမ်းဆောင်နိုင်သော နိုင်ငံအဖြစ်သို့ တဖြည်းဖြည်းကူးပြောင်းလာရန် မျှော်လင့်ထားသည်ဟု ခန့်မှန်းရသည်။

ဒုတိယအနေဖြင့် ဂျပန်နိုင်ငံသည် အမေရိကန်၏ မဟာဗျူဟာပြုပြင်ပြောင်းလဲမှုများကြောင့် ဖြစ်ပေါ်လာသော မသေချာမရေရာမှုများကို တန်ပြန်ရန် ၎င်း၏ မဟာမိတ်များကွန်ရက်ကို အားကောင်းစေရန် ရည်ရွယ်ထားသည်။ ဂျပန်နှင့် ဥရောပနိုင်ငံများသည် အမေရိကန်၏ မဟာမိတ်များဖြစ်ပြီး သမ္မတထရမ့်လက်ထက်တွင် အထီးကျန်စနစ်သို့ ပြန်လည်ရောက်ရှိနိုင်ခြေနှင့် ပတ်သက်၍ စိုးရိမ်လျက်ရှိသည်။ အမေရိကန်၏ မဟာဗျူဟာမြောက် ပြုပြင်ပြောင်းလဲမှုများကြားတွင် အာရှ-ပစိဖိတ်ရေးရာ၌ ဥရောပနှင့် ပူးပေါင်းဆောင်ရွက်မှုအတွက် ပေါင်းကူးတစ်ခုအဖြစ် တက်ကြွစွာဆောင်ရွက်ကာ ဥရောပနိုင်ငံများနှင့် ဘက်စုံလုံခြုံရေးပူးပေါင်းဆောင်ရွက်မှုကို နက်ရှိုင်းစေသည်။ အဓိကအားဖြင့် အမေရိကန်၏ မဟာဗျူဟာမြောက်ဦးတည်ချက်ကို ပုံဖော်ရာတွင် ဥရောပနှင့် စုပေါင်းဩဇာကို မြှင့်တင်ရန်ဖြစ်သည်။

ခြုံ၍ဆိုရလျှင် သမိုင်းကြောင်းအရ အကြောင်းအမျိုးမျိုးကြောင့် ဂျပန်နိုင်ငံ၏ စစ်ဘက်လုံခြုံရေး တိုးတက်မှုများသည် နိုင်ငံတကာအသိုင်းအဝိုင်းနှင့် ၎င်း၏ အိမ်နီးချင်းအာရှနိုင်ငံများ၏ အာရုံစိုက်မှုကို အမြဲရရှိစေခဲ့သည်။ အာရှ-ပစိဖိတ်ဒေသသို့ ဥရောပတပ်ဖွဲ့များ ခေါ်ယူရန် ဂျပန်နိုင်ငံ၏ ကြိုးပမ်းမှုများသည် ဒေသတွင်းရှိ လက်ရှိ မဟာဗျူဟာဟန်ချက်ညီမှုနှင့် လုံခြုံရေးတည်ငြိမ်မှုကို သံသယဝင်စရာဖြစ်စေပြီး အုပ်စုဖွဲ့ထိပ်တိုက်ရင်ဆိုင်မှုအန္တရာယ်များ တိုးမြင့်လာစေသည်။ ထို့ပြင် လက်နက်ပြိုင်ဆိုင်မှုများဖြစ်ပေါ်နိုင်ပြီး တင်းမာမှုများ ပိုမိုဆိုးရွားလာကာ ဒေသတွင်းလုံခြုံရေးအပေါ် အပျက်သဘောဆောင်သည့် သက်ရောက်မှုများ ရှိလာမည်ဖြစ်သည်။ ဂျပန်နိုင်ငံအနေဖြင့် သမိုင်းမှ သင်ခန်းစာယူသင့်ပြီး ငြိမ်းချမ်းသော ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းကို ကတိကဝတ်ပြုသင့်သည်။ ဒေသတွင်းနှင့် အိမ်နီးချင်းနိုင်ငံများ၏ လုံခြုံရေးကို လေးစားလိုက်နာကာ စစ်ဘက်ဆိုင်ရာလုံခြုံရေးကဏ္ဍတွင် သတိကြီးစွာထား၍ ဆောင်ရွက်သင့်ကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

- What is Japan's intentions behind strengthening military security cooperation with Europe?, China Military Online, January 2025.
- Security and Defence Partnership between the European Union and Japan, November 2024.

**မောင်ဝေလွှမ်း(သုတေသီ)**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

သတင်းထုတ်ပြန်ချက်

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ရက် နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကိုဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့်ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ဝါးခယ်မမြို့နယ်တွင် မိုးစပါး ဧက ၁၉၀၀၀၀ ကျော် ရိတ်သိမ်းပြီးစီး တစ်ဧကလျှင် ၉၇ တင်းကျော် ထွက်ရှိ



**မြောင်းမြ ဇန်နဝါရီ ၁၆**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ဧက ၁၉၀၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၉၇ တင်းကျော် ထွက်ရှိကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝါးခယ်မမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စပါး ၂၁၃၂၁၆ ဧကထိ လျာထားစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သည့် စပါးခင်းများကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ စပါး ၁၉၁၆၄၁ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး စပါးတစ်ဧကလျှင် ၉၇ ဒသမ ၇၂ တင်းထိ ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဝါးခယ်မမြို့နယ်တစ်ခုလုံးအနေနဲ့ မိုးသီးနှံစိုက်ပျိုးရာသီက စပါး ၂၁၃၂၁၆ ဧက လျာထားစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဒီနေ့ထိ စပါး ၁၉၁၆၄၁ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ စပါးအထွက်နှုန်းကောင်းမွန်ပြီး စပါးအရည်အသွေးလဲ ကောင်းမွန်ပါတယ်။ သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တောင်သူတွေကို နည်းပညာပေးလုပ်ငန်းတွေ ကြိုတင်ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါ့ပြင် တောင်သူတွေကို စပါးအထွက်နှုန်းကောင်းမွန်ဖို့ လိုအပ်တဲ့ ဓာတ်မြေဩဇာတွေကိုလဲ ပံ့ပိုးပေးခဲ့ပါတယ်" ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

စပါးသီးနှံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ ပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်နိုင်မည် ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်း တည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်သဖြင့် စပါးများအထွက်နှုန်း တိုးတက်စေရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ငဖဲမြို့နယ် ဝဂ်ဘာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ငဖဲ ဇန်နဝါရီ ၁၆**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မင်းလွင်ကျေးရွာအုပ်စု ဝဂ်ဘာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဇန်နဝါရီ ၁၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ငဖဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဖြိုးပြည့်စုံဟိန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ လမ်းညွှန်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များ၊ ကျေးရွာနေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ငဖဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဖြိုးပြည့်စုံဟိန်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဝဂ်ဘာကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၁ ဦးကို ငွေကျပ် ၂၀၂ သိန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၄၄ ဦးကို ငွေကျပ် ၂၅၅ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ၄၅၇ သိန်း ထုတ်ချေးပေးခဲ့ကြောင်း ငဖဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဖြိုးပြည့်စုံဟိန်းထံမှ သိရသည်။

**ဇင်မာ**

ခရီးသွားဆောင်းပါး

# ဤခရီးနီးသည်ဆိုသော်လည်း

**သက်နိုင်(ပြင်ဦးလွင်)**

စာရေးသူတို့နေထိုင်ရာ ပြင်ဦးလွင်မြို့ကနေ အပန်းဖြေခရီးအဖြစ် စတင်ထွက်ခွာလာခဲ့ကြတာ နှစ်ညအိပ်၊ သုံးရက်မြောက်နေ့မှာ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့ကိုရောက်ရှိပြီး ရှေ့ခရီးစဉ်တွေကို ဆက်လက်သွားရောက်ကြရပါတော့မယ်။ အချိန်က မနက် ၉ နာရီရှိနေပါပြီ။ ဖျာပုံလိုနာမည်ကျော်ကြားလှတဲ့မြို့ကြီးတစ်မြို့ကို ရောက်တုန်းရောက်ခိုက် သမိုင်းဝင်နေရာတွေ၊ အထင်ကရနေရာတွေရှိရာကို သွားရောက်လေ့လာလည်ပတ်ချင်ပေမဲ့ အခြေအနေအရ သွားရောက်နိုင်ခွင့်မရှိတော့ဘဲ ငွေဆောင်ပင်လယ်ကမ်းခြေရှိရာကို မောင်းနှင်ရတော့မှာပါ။ ဒါပေမဲ့ လမ်းမှာရှိတဲ့ မြို့တွေကိုတော့ အချိန်အနည်းငယ်ပေးပြီး ဝင်ရောက်သွားကြဖို့ စဉ်းစားစီစဉ်ထားလိုက်တယ်။

ဖျာပုံမြို့ခံစာရေးဆရာတွေ ပြသလမ်းညွှန်လိုက်တဲ့အတိုင်း ဘိုကလေးမြို့ရှိရာကို မောင်းနှင်လာချိန်မှာ ဖျာပုံမြို့က တစ်စတစ်စနဲ့ အနောက်မှာကျန်ရစ်နေခဲ့ပါပြီ။ ဘိုကလေးမြို့ကိုရောက်ဖို့အတွက် ၁၉ မိုင်နဲ့ နှစ်ဖာလုံ မောင်းရပါမယ်။ ဖျာပုံမြို့ကနေ ထွက်လာတာနဲ့ နေ့လယ်စာ ထမင်းကို ဘယ်မှာစားကြမလဲ၊ လမ်းတစ်လျှောက် ဘယ်နေရာတွေကို လေ့လာလည်ပတ်လို့ရသလဲ၊ ငွေဆောင်ကမ်းခြေရှိရာကို ဘယ်အချိန်မှာ ဝင်ရောက်နိုင်မလဲ စတာတွေကို ကားမောင်းနှင်ရင်း ခရီးဖော်တွေနဲ့ တိုင်ပင်စဉ်းစား စကားပြောဆိုလာခဲ့ကြတာ လမ်းဘေးဝဲယာက မြင်ကွင်းတွေကို သတိမထားမိသလို ဖြစ်သွားခဲ့ရတယ်။ ဒါပေမဲ့ ဧရာဝတီတိုင်းဒေသကြီးရဲ့ ထုံးစံအတိုင်း၊ မြင်ကွင်းတွေအားလုံးနီးပါးက တောတွေ၊ တောင်တွေ၊ လျှိုမြောင်ချောက်ကမ်းပါးတွေမရှိ၊ လိုဏ်ဂူကြီးတွေ၊ ရေတံခွန်ကြီးတွေမရှိ၊ အကွေ့အကောက် အတက်အဆင်းလမ်းတွေမရှိဘဲ လယ်ကွင်းစိမ်းစိမ်းတွေ၊ ချောင်းတွေ၊ မြောင်းတွေသာရှိနေကြမှာဖြစ်ပါတယ်။ စကားပြောဆိုနေကြရင်းနဲ့ သတိရသွားလို့ ဘေးဝန်းကျင်တွေကို ကြည့်မြင်မိတဲ့အခါတွေမှာလဲ တွေးထင်ထားတဲ့အတိုင်း စိမ်းစိမ်းစိုစိုလယ်ကွင်းတွေကိုသာ အပြောင်းအလဲမရှိ တွေ့မြင်နေရတယ်။ ဧရာဝတီတိုင်းဒေသကြီးထဲမှာ တောတွေ၊ တောင်တွေ၊ ကွေ့ကွေ့ကောက်ကောက်၊ အတက်အဆင်း လမ်းတွေကို မော်တင်စွန်းနဲ့ ဟိုင်းကြီးကျွန်းသွားတဲ့ လမ်းနေရာ အချို့တွေမှာ ငပုတောမြို့နယ် ဂေါ်ရန်ဂျီကျွန်းကို သွားတဲ့လမ်းနေရာတွေမှာ ချောင်းသာ၊ ငွေဆောင် စတဲ့ပင်လယ်ကမ်းခြေရောက်ခါနီး လမ်းနေရာတွေမှာသာ တွေ့မြင်ကြရမှာပါ။

ဘိုကလေးမြို့ကိုရောက်တော့မဲ့အချိန်မှာ မနက် ၁၀ နာရီဝန်းကျင်ရှိနေပါပြီ။ ရန်ကုန်မြို့အခြေစိုက် စံတော်ချိန် နေ့စဉ်သတင်းစာတာဝန်ခံအယ်ဒီတာက မိမိရဲ့ခရီးစဉ်အတွင်း ဘယ်မြို့ဘယ်နေရာကိုရောက်နေကြပြီလဲ၊ ဘယ်မြို့ဘယ်ရွာမှာဘာရှိတယ်၊ ဘယ်သူနဲ့တွေ့လဲတွေ့ဆုံလို့ရတယ်၊ ဘယ်နေရာတွေကို ဝင်ရောက်လေ့လာလည်ပတ်လို့ရတယ်ဆိုပြီး ဖုန်းနဲ့ ဆက်သွယ်ပြောကြားနေတာတွေနဲ့အတူ ဘိုကလေးမြို့ကိုရောက်တဲ့အခါမှာလဲ ဘိုကလေးက သူ့ရဲ့ဇာတိမြို့ဖြစ်တယ်။ ညီအစ်ကိုမောင်နှမမိသားစုဝင်တွေရှိတယ်။ ဝင်ဖြစ်အောင်ဝင်သွားပြီး ထမင်းစားသောက်ကြပါ။ ဘိုကလေး ဒေါ်ပုထမင်းဆိုင်က နာမည်ကျော်ကြားတယ်၊ ဝက်သားနီချက်ဟင်း အလွန်ကောင်းပြီးနာမည်ကြီးတယ်၊ ဖုန်းဆက်အကြောင်းကြားထားပေးမဲ့ အချိန်က မနက် ၁၀ နာရီသာရှိနေသေးတဲ့အချိန်၊ ဗိုက်မဆာကြသေးတဲ့အပြင် မြို့ခံမိသားစုဝင်တွေကိုလဲ အားနာတာတွေကြောင့် ဘိုကလေးမြို့မှာ ထမင်းမစားကြတော့ဘဲ မြို့အဝင်ဆိုင်းဘုတ်မှာ မှတ်တမ်းဓာတ်ပုံရိုက်တာတွေ၊ ရောက်ဖူးတယ်ဆိုရုံလောက် ကားမောင်းဝင်ရောက်တာလောက်သာ လုပ်ကြဖို့ စဉ်းစားဆုံးဖြတ်ထားလိုက်တယ်။ ဒီလိုနဲ့ မကြာခင်မှာ ဘိုကလေးမြို့ဝင် ဆိုင်းဘုတ်ရှိရာကို ရောက်လာခဲ့ကြတယ်။

ဘိုကလေးမြို့ရဲ့ မူလသတ်ပုံစာလုံးပေါင်းအမှန်က ဗိုလ်ကလေးဖြစ်ကြောင်း စာရေးဆရာကြီး ဒဂုံဦးစန်းငွေက ဆိုထားပါတယ်။ မွန်ဘုရင် ဗညားဒလလက်ထက်မှာ ဗညားဓေယျက ကျုံးတုံးမြို့စားဖြစ်ပြီး သူ့မှာ ရေတပ်ဗိုလ်ညီနောင်သားနှစ်ယောက်ထွန်းကားခဲ့ပါတယ်။ ဗညားဓေယျက အဂ္ဂိရတ်ထိုးတာကို ဝါသနာပါတဲ့သူတစ်ဦးဖြစ်နေတာကြောင့် နဝင်းကြေဓာတ်သားကိုးပါးကို ရောစပ်ဖိုထိုးပြီး




ဘုရားသုံးဆူပူဇော်ခဲ့ပါတယ်။ တစ်ဆူကို မရဲချောင်းအနီး ရုပ်ဆိုင်ရွာ ကျိုက်မွေနွှမ်းစေတီတော်မှာ ဌာပနာပြုခဲ့တယ်။ အလောင်းဘုရားရဲ့တပ်တွေ စစ်ချီတက်လာတဲ့အခါမှာ ဗညားဓေယျက မိသားစုတွေနဲ့အတူ ထွက်ခွာလာခဲ့ရတယ်။ ဒီလိုထွက်ခွာလာခဲ့ရင်း အခု ဘိုကလေးမြို့တည်ရှိနေတဲ့နေရာကို ရောက်တဲ့အခါ ကုန်းတစ်ခုမှာ နားခိုခဲ့ရတယ်။ ဒီနေရာကို စစ်ကုန်းလို့ခေါ်ဆိုကြပါတယ်။ ထိုကုန်းမှာနားခိုနေရင်း ဗညားဓေယျက သားတော်တစ်ပါးဖြစ်တဲ့ ဗိုလ်ကလေးကို ဘုရားနှစ်ဆူအနက် တစ်ဆူကို ပေးအပ်ခဲ့ပြီး အောက်ဘက်အရပ်ကို ဆက်လက်စုန်ဆင်းသွားခဲ့တယ်။ နောင်အခါ အဲဒီနေရာမှာ ရွာတည်တဲ့အခါ ဗညားဓေယျရဲ့သားတော် ဗိုလ်ကလေးကို အစွဲပြုပြီး ဗိုလ်ကလေးရွာလို့ ခေါ်ဆိုခဲ့ကြတယ်။ အခုအချိန်မှာ ဘိုကလေးက မြို့ကြီးတစ်မြို့ဖြစ်လို့နေပါပြီ။

ဘိုကလေးမြို့ရဲ့ ထူးခြားဖြစ်စဉ်တွေထဲမှာ ထင်ရှားတာတစ်ခုကတော့ စကြာမုနိကိုးနဝင်းဘုရားတစ်ဆူကို တူးဖော်တွေ့ရှိခဲ့တဲ့အကြောင်းပါ။ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိတဲ့အချိန် ၁၉၄၈ ခုနှစ် ဇန်နဝါရီလက ဘိုကလေးမြို့သူမြို့သားတွေစုပေါင်းပြီး လွတ်လပ်ရေးနေ့အထိမ်းအမှတ် ရန်ပြေမာန်ပြေအောင်စကြာစေတီတော်တည်ဖို့အတွက် အုတ်မြစ်ချရန် တူးဖော်တဲ့အခါ အလေးချိန်နှစ်ပိဿာ ၁၈ ကျပ်သား၊ ဉာဏ်တော် ကိုးလက်မအရွယ် စကြာမုနိကိုးနဝင်းဘုရားတစ်ဆူကို တူးဖော်တွေ့ရှိခဲ့ရတယ်။ ဘုရားဆင်းတုတော်ရဲ့နောက်ကျောမှာ တလိုင်းမင်း ဗညားဓေယျတည်ထားကိုးကွယ်သည်၊ ၁၁၁၅ ခု ဆိုပြီး ရေးထိုးထားတာကိုလဲ တွေ့ကြရတယ်။

ဘိုကလေးမြို့မှာ လေ့လာလည်ပတ်စရာနေရာတွေရှိနေပေမဲ့ အခြေအနေအရ ဝင်ရောက်လည်ပတ်ကြဖို့ အဆင်မပြေဖြစ်ခဲ့ရသလို ဝက်သားနီသားဟင်းနဲ့ နာမည်ကျော်ကြားတယ်ဆိုတဲ့ ဒေါ်ပုထမင်းဆိုင်နဲ့လဲ ဝေးခဲ့ကြရပါပြီ။ အဓိကအကြောင်းရင်းကတော့ ငွေဆောင်ကမ်းခြေရှိရာကို အချိန်မီရောက်ရှိနိုင်ကြဖို့အတွက် လမ်းခရီးတစ်ဝက်မှာ အချိန်တွေကြန့်ကြာနေမှာကို စိုးရိမ်နေလို့ဖြစ်ပါတယ်။ ဘိုကလေးမြို့ကနေ ဆက်လက်ထွက်ခွာမောင်းနှင်လာရင်း ဘိုကလေး မြစ်ကူးတံတား၊ နတ်ချောင်းတံတား၊ ကျွဲခြံရေကျော်တံတား၊ ရာဇူဒိုင်တံတားအမှတ်(၁) စတဲ့တံတားကြီးတွေကိုဖြတ်သန်းလာခဲ့ရတယ်။ တံတားတွေက ချောင်းကလေး၊ မြောင်းကလေးတွေပေါ်မှာ တည်ဆောက်ထားကြတဲ့ သေးသေးငယ်ငယ်လေးတွေမဟုတ်ဘဲ အလွန်ကြီးမားတဲ့မြစ်ကူးတံတားကြီးတွေပါ။ ဧရာဝတီမြစ်ရဲ့မြစ်ခွဲတွေ၊ မြစ်လက်တက်တွေ ပေါများလှတဲ့ ဧရာဝတီတိုင်းဒေသကြီးမှာ မြစ်ကူးတံတားကြီးတွေကို အဆက်မပြတ်တွေ့မြင်နေရတယ်။ ဒ့ါပြင် မြို့ရွာအများစုကလဲ မြစ်ကြီး၊ ချောင်းကြီးတွေနဲ့ကပ်လျက် အနီးမှာ တည်ရှိနေကြတယ်။

အခုတစ်ခါ ရာဇူဒိုင်တံတားအမှတ် (၁) ဆိုတဲ့ မြစ်ကူးတံတားကြီးကိုဖြတ်သန်းပြီးတာနဲ့ မော်လမြိုင်ကျွန်းမြို့ကိုရောက်လာခဲ့ကြတယ်။ တံတားကြီးပေါ်ကနေ ဖြတ်သန်းမောင်းနှင်နေရင်းနဲ့ မြစ်ကမ်းနဖူးထက်မှာ တည်ရှိတွေ့မြင်နေရတဲ့ အဆောက်အအုံတွေရှိရာနေရာကို မော်လမြိုင်ကျွန်းမြို့ဆိုပြီး မသိခဲ့ပါဘူး။ တံတားပေါ်ကဆင်းလာခဲ့ပြီး မော်လမြိုင်ကျွန်းမြို့မှ ကြိုဆိုပါ၏ဆိုတဲ့မြို့အဝင်ဆိုင်းဘုတ်ကိုတွေ့မြင်ရတော့မှ မော်လမြိုင်ကျွန်းမြို့ဆိုတာကို သိလိုက်ရတော့တယ်။ မော်လမြိုင်ကျွန်းမြို့က ဘိုကလေး မြို့နဲ့ ၁၁ မိုင် လေးဖာလုံလောက်သာ ဝေးကွာနေပါတယ်။ မော်လမြိုင်ကျွန်းက ရှေးအခါက တံငါရွာလေးတစ်ရွာသာဖြစ်ခဲ့ပါတယ်။ ၁၈၈၅ ခုနှစ် သီပေါမင်းပါတော်မူပြီးနောက် ၁၈၉၉ ခုနှစ်ရောက်မှ မြို့အဖြစ်တည်ရှိလာခဲ့တယ်။ မော်လမြိုင်ကျွန်းဆိုပြီး ခေါ်ဆိုကြတဲ့ အကြောင်းရင်းက မြို့ပတ်လည်အနီးတစ်ဝိုက်မှာ မြစ်တွေ၊ ချောင်းတွေပေါများစွာဝိုင်းရံ စီးဆင်းနေကြပြီး ကျွန်းကြီးသဖွယ်ဖြစ်နေတာကြောင့်ပါ။ ဒေသခံတွေက မော်လမြိုင်ကျွန်းလို့ အပြည့်အစုံမခေါ်ဆိုကြဘဲ မော်ကျွန်းလို့သာ ခေါ်ဆိုနေကြပါတယ်။

မော်လမြိုင်ကျွန်းမြို့က မြစ်နဲ့မြစ်ကူးတံတားလမ်းဆုံတဲ့ ထောင့်ကွေးနေရာမှာ တည်ရှိနေတယ်။ မြို့မှာရှိတဲ့ အိမ်ခြေအဆောက်အအုံအများစုက အဓိကကျတဲ့ ကားလမ်းမကြီးဘေးမှာ အရှည်လိုက်တည်ဆောက်ထားကြတာမဟုတ်ဘဲ မြစ်ကမ်းဘေးတစ်လျှောက်မှာ စုစုဝေးဝေးနဲ့တည်ဆောက်ထားကြတာကို တွေ့မြင်နေရတယ်။ မြို့ရဲ့တည်ဆောက်ထားပုံအနေအထားက အင်္ဂလိပ်အက္ခရာ(L)ပုံစံ ဖြစ်နေပါတယ်။ လူစည်ကားတဲ့မြို့အတွင်းကိုဝင်မယ်ဆိုရင်လဲ မြစ်ကြောင်းရဲ့အလျားအတိုင်း ဖောက်လုပ်ထားတဲ့လမ်းတွေကနေ ဝင်ရောက်သွားကြရမှာဖြစ်ပါတယ်။ ဒါပေမဲ့ မော်လမြိုင်ကျွန်းက သာမန်မြို့လေးတစ်မြို့လိုသေးငယ်နေတာကြောင့် မြို့တွင်းကို ဝင်ရောက်လေ့လာလည်ပတ်တာမျိုးမလုပ်ကြတော့ဘဲ ဝါးခယ်မမြို့ရှိရာကို ဆက်လက်ထွက်ခွာလာခဲ့ကြတယ်။ မော်လမြိုင်ကျွန်းနဲ့ ဝါးခယ်မကလဲ ခရီးအလှမ်းမဝေးတော့ပါဘူး။ မြေပုံထဲမှာ အကွာအဝေးဖော်ပြထားချက်အရ ၁၆ မိုင် ငါးဖာလုံသာ ဝေးကွာနေပါတယ်။

မော်လမြိုင်ကျွန်းမြို့ကနေ ဝါးခယ်မမြို့ကို ထွက်ခွာမောင်းနှင်လာတဲ့အချိန်မှာ လမ်းရဲ့အနေအထားက တဖြည်းဖြည်းနဲ့ ကျဉ်းမြောင်းလာတာကို သတိထားမိနေတယ်။ ဒီလိုနဲ့ လမ်းက ပိုမိုကျဉ်းမြောင်းလာတဲ့အပြင် ကတ္တရာခင်းလမ်းမဟုတ်တော့ဘဲ မကြာခင်မှာ ကျောက်ခင်းလမ်းကို ရောက်ရှိမောင်းနှင်လာရတော့တယ်။ ဒ့ါပြင် လမ်းတစ်လျှောက်မှာ အသွားအလာတွေ မရှိသလောက်နည်းပါးလာတယ်။ လမ်းဘေးဝဲယာမှာ လဲ လယ်ကွင်းလယ်ကွက်တွေသာရှိနေကြတယ်။ ကားမောင်းနေရင်းနဲ့ လမ်းက တစ်စတစ်စ ပိုမိုဆိုးရွားလာပြီး နောက်ဆုံးမှာ တစ်လိုမ့်ချင်းမောင်းနှင်နေရတဲ့အခြေအနေကိုရောက်လာခဲ့တယ်။ မိမိနဲ့အတူ ခရီးဖော်တွေအားလုံးက လမ်းမှားလာကြတာလား၊ ဒီလမ်းက ဝါးခယ်မမြို့ကို သွားတဲ့လမ်းဟုတ်ရဲ့လားဆိုပြီး ဇဝေဇဝါတွေဖြစ်လာကြရတယ်။ စုံစမ်းမေးမြန်းကြရအောင်လဲ အနီးအနားတစ်ဝိုက်မှာ အိမ်ခြေတွေမရှိ၊ အသွားအလာတွေမရှိ၊ လူသူတွေကင်းမဲ့လို့နေတယ်။ ဒါကြောင့် ကားကိုရပ်လိုက်ပြီး ခရီးသွား လမ်းညွှန်မြေပုံကို ထုတ်ကြည့်ကြရတယ်။ မြေပုံကို ထုတ်ကြည့်တော့လဲ မော်လမြိုင်ကျွန်း-ဝါးခယ်မ ၁၆ မိုင် ငါးဖာလုံဆိုတာကို အတိအကျညွှန်ပြထားတာကို တွေ့မြင်နေရတယ်။ ဒီလိုအချိန်အတောအတွင်းမှာ ခပ်လှမ်းလှမ်းကနေ ဆိုင်ကယ်တစ်စီးမောင်းလာတာကို တွေ့မြင်နေရတာကြောင့် စောင့်ဆိုင်းပြီး ဆိုင်ကယ်မောင်းလာသူကို မေးမြန်းစုံစမ်းရတော့တယ်။

မေးမြန်းစုံစမ်းချက်တွေအရ မိမိတို့မောင်းနှင်လာတဲ့လမ်းက ဝါးခယ်မမြို့ကို သွားတဲ့လမ်းမှန်ကန်ကြောင်း၊ ဒါပေမဲ့ ဒီလမ်းက ဖြတ်လမ်းသာဖြစ်ပြီး လမ်းအလွန်ဆိုးတာကြောင့် အသုံးပြုသွားလာကြသူ မရှိသလောက် အလွန်နည်းပါးကြောင်း၊ အများအားဖြင့် သွားလာနေကြသူတွေက မော်လမြိုင်ကျွန်း-ကျုံမငေး ကိုးမိုင်ငါးဖာလုံ၊ ကျုံမငေး-ဝါးခယ်မ ၁၃ မိုင် ငါးဖာလုံ လမ်းကိုသာ အသုံးပြုသွားလာနေကြကြောင်း၊ မော်လမြိုင်ကျွန်း-ကျုံမငေး-ဝါးခယ်မက ခရီးမိုင်အနည်းငယ်ရှည်နေပေမဲ့ လမ်းကောင်းလမ်းကျယ်ဖြစ်ပြီး စည်စည်ကားကားရှိနေကြောင်း စတာတွေကို သိရှိလိုက်ရတယ်။ မိမိတို့မောင်းနှင်နေတဲ့လမ်းက ဝါးခယ်မမြို့ကိုရောက်ရှိနိုင်ပြီး လမ်းမှားခြင်းမရှိပေမဲ့ လမ်းဆိုးလမ်းညံ့တစ်လမ်းဖြစ်တယ်ဆိုတာကို သိရှိထားရင်း သွားလာအသုံးမပြုကြတဲ့လမ်းဖြစ်တယ်ဆိုတာကို သိရှိထားမယ်ဆိုရင် ဒီလမ်းကနေ မလာဖြစ်ကြတော့ပါဘူး။ အခုအချိန်မှာ လမ်းတစ်ဝက်ခရီးကိုရောက်ရှိလာကြပြီဖြစ်တဲ့အတွက် လမ်းမှားမောင်းနှင်လာခဲ့ခြင်းမရှိတာကို ကံကောင်းတယ်လို့ သတ်မှတ်ပြီး လမ်းကြမ်းကြီးကို ဆက်လက်မောင်းနှင်ကြရတော့မှာပါ။ မော်လမြိုင်ကျွန်း-ဝါးခယ်မ တိုက်ရိုက်လမ်းက ခရီးအကွာအဝေးအနီးနေပေမဲ့ လမ်းအခြေအနေက အလွန်ဆိုးနေပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဝါးခယ်မမြို့ကိုရောက်အောင် သွားရောက်လိုက်ကြပါအုံးမယ်။

# စနေနေ့ညမှာ ယှဉ်ပြိုင်ကစားမဲ့ ပြိုင်ဆိုင်မှုပြင်းထန်လာမဲ့ပွဲစဉ်တွေထဲက ဂျူဗင်တပ်အသင်း၊ စတုဂတ်အသင်း၊ နယူးကာဆယ်အသင်းတို့ကို အားပေးရမှာပါ

M L



ဒီတစ်ပတ်စနေနေ့ညမှာ ပုံမှန်ကစားနေကြဖြစ်တဲ့ ဥရောပအမှတ်ပေးပွဲစဉ်တွေအားလုံး ယှဉ်ပြိုင်ကစားကြမှာဖြစ်ပြီး ပြီးခဲ့တဲ့ ကြားရက်မှာလဲ ပရီးမီးယားလိဂ်၊ ဂျာမန်ဘွန်ဒက်လီဂါ၊ စပိန်ကိုပါဒယ်ရေး ၁၆ သင်းအဆင့်၊ ပြင်သစ်ကိုပါဒယ်ရေးဖလား ၃၂ သင်း အဆင့်ပွဲစဉ်တွေ ယှဉ်ပြိုင်ကစားခဲ့ကြရပါတယ်။ ပြီးခဲ့တဲ့ကြားရက်က ပရီးမီးယားလိဂ်ပွဲစဉ်တွေထဲမှာ လီဗာပူးအသင်းက နော်တင်ဟမ်အသင်းရဲ့ အိမ်ကွင်းမှာ တစ်ဂိုးစီသရေသာ ကစားနိုင်ခဲ့လို့ အမှတ်ပေးဇယားထိပ်ဆုံးက သုံးသင်းအနေနဲ့ အမှတ်ကွာဟမှုကြီးကြီးမားမားမဖြစ်ပေါ်ခဲ့ကြပါဘူး။ ဒ့ါပြင် အဆင့်(၄)ကနေ အဆင့်(၈)အတွင်းအသင်းတွေအနေနဲ့လဲ ချဲလ်ဆီး၊ မန်စီးတီးအသင်းတို့ သရေရလဒ်ရရှိခဲ့ကြတာကြောင့် အမှတ်ကွာဟမှုမရှိခဲ့ဘူးဆိုပေမဲ့ တန်းဆင်းဇုန်အသင်းတွေဖြစ်တဲ့ လက်စတာ၊ နည်းပြအပြောင်းအလဲဖြစ်ပေါ်ခဲ့တဲ့ ဝုဗ်အသင်းတို့က ဂိုးပြတ်ရှုံးနိမ့်ခဲ့ကြပါတယ်။ ဂျာမန်ဘွန်ဒက်စ်လီဂါမှာတော့ ဘိုင်ယန်၊ လေဗာကူဆင်၊ ဖရန့်ဖတ်အသင်းတို့ နိုင်ပွဲရခဲ့ပြီး အီတလီစီးရီးအေပွဲစဉ်မှာတော့ အေစီမီလန်အသင်းနိုင်ပွဲရရှိခဲ့ကာ အင်တာမီလန်အသင်းကတော့ အိမ်ကွင်းပွဲစဉ်မှာ ဘိုလော့ဂ်နာအသင်းကို နှစ်ဂိုးစီသရေကျခဲ့တာကို တွေ့ရပါတယ်။ ဒ့ါကြောင့် အခုတစ်ပတ်ပွဲစဉ်မှာလဲ ဥရောပအမှတ်ပေးပွဲစဉ် ဒုတိယအကျော့တွေမှာ ချန်ပီယံဖြစ်ရေးအပြင် ဥရောပပြိုင်ပွဲဝင်ခွင့်တွေ၊ တန်းဆင်း၊ တန်းတက်ခွင့်ယှဉ်ပြိုင်မှုတွေကြောင့် ပရိသတ်တွေအတွက် ပြိုင်ဆိုင်မှုပြင်းထန်တဲ့စိတ်ဝင်စားစရာပွဲစဉ်တွေ ပါဝင်လာအုံးမှာပဲဖြစ်ပါတယ်။ အဲဒီထဲကမှ အကြိုက်တွေ့မိတဲ့ပွဲစဉ်အချို့ကို ရွေးချယ်ပေးလိုက်ရပါတယ်။

## ဂျူဗင်တပ်အသင်းကို အားပေးရမှာပါ

ဒီတစ်ပတ်အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ အီတလီစီးရီးအေအမှတ်ပေးပွဲစဉ်(၂၁)အဖြစ်ကစားကြမဲ့ ဂျူဗင်တပ်အသင်းနဲ့ အေစီမီလန်အသင်းတို့ရဲ့ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်းဟာ လက်ရှိဘောလုံးရာသီအမှတ်ပေးပြိုင်ပွဲ ၂၀ ကစားအပြီးမှာ ဂျူဗင်တပ်အသင်းက ရမှတ် ၃၄မှတ်နဲ့ အဆင့်(၅)နေရာမှာရပ်တည်နေပြီး အေစီမီလန်အသင်းက ရမှတ် ၃၁ မှတ်နဲ့ အဆင့်(၇)နေရာမှာ ရပ်တည်နေပါတယ်။ ဂျူဗင်တပ်အသင်းအနေနဲ့ ပြီးခဲ့တဲ့ ကြားရက်ပွဲစဉ်မှာ ဒီရာသီခြေစွမ်းထက်မြက်နေတဲ့ အတ္တလန္တာအသင်းကို အဝေးကွင်းမှာ သရေသာကစားနိုင်ခဲ့ပြီး ဒီရာသီအမှတ်ပေးပွဲစဉ်ရှုံးပွဲမရှိသေးတဲ့တစ်သင်းတည်းသောအသင်းအဖြစ် ဆက်လက်ရပ်တည်နေဆဲဖြစ်ပါတယ်။ သူတို့အသင်းအနေနဲ့ ဒီရာသီမှာ ခုနစ်ပွဲနိုင်၊ ၁၃ ပွဲသရေစွမ်းဆောင်ထားနိုင်ကာ လက်ရှိခြေစွမ်းပိုင်း အကောင်းဆုံးပုံစံမှာရှိနေပါတယ်။

အမှတ်ပေးဇယားအဆင့်(၇)နေရာမှာ ရပ်တည်နေတဲ့အေစီမီလန်အသင်းကတော့ လက်ရှိဘောလုံးရာသီအစမှာ ချန်ပီယံဖြစ်ဖို့ ရေပန်းစားတဲ့အသင်းတွေထဲမှာ ပါဝင်ခဲ့ပေမဲ့ နောက်ပိုင်းပွဲစဉ်တွေမှာတော့ အသင်းရဲ့ခြေစွမ်းပိုင်းက တည်ငြိမ်မှုမရှိတာကို တွေ့ရပါတယ်။ သူတို့အသင်းအနေနဲ့ ဒီရာသီမှာ ရှစ်ပွဲနိုင်၊ ခုနစ်ပွဲသရေ၊ လေးပွဲရှုံးရလဒ်ကိုပိုင်ဆိုင်ထားပြီး အမှတ်ပေးဇယားအဆင့်(၆)နေရာက ဖီအိုရင်တီးနားအသင်းနဲ့ တစ်မှတ်သာကွာဟနေသလို အဆင့်(၉)နေရာက ဘိုလော့ဂ်နာအသင်းနဲ့လဲ တစ်မှတ်သာကွာဟနေတာကြောင့် ဥရောပဝင်ခွင့်အတွက် ရှေ့ဆက်မဲ့ပွဲစဉ်တွေမှာလဲ နိုင်ပွဲရရှိဖို့ လိုအပ်နေပါတယ်။ အေစီမီလန်အသင်းဟာ ပြီးခဲ့တဲ့ပွဲစဉ်မှာ တန်းဆင်းဇုန်နားမှာ ရပ်တည်နေတဲ့ ကိုမိုအသင်းကို နှစ်ဂိုးတစ်ဂိုးနဲ့အနိုင်ရခဲ့ပေမဲ့ အခုပွဲစဉ်မှာတော့ ရလဒ်ကောင်းဖို့ခက်ခဲနိုင်ပါတယ်။

ဂျူဗင်တပ်နဲ့ အေစီမီလန်အသင်းဟာ ပြီးခဲ့တဲ့ ရက်ပိုင်းက ဆော်ဒီမှာကစားခဲ့တဲ့အီတလီစူပါကပ်ဆီမီးဖိုင်နယ်ပြိုင်ပွဲမှာ တွေ့ဆုံထားပြီး အေစီမီလန်အသင်းက နှစ်ဂိုး၊ တစ်ဂိုးနဲ့ အနိုင်ရယူထားပါတယ်။ ဒ့ါပြင် အေစီမီလန်အသင်းဟာ ဗိုလ်လုပွဲမှာ အင်တာမီလန်လိုအသင်းကို နောက်ကျချေပဂိုးနဲ့ အနိုင်ဂိုးတွေသွင်းယူခဲ့ပြီး ချန်ပီယံဖြစ်ထားပါတယ်။ ဒါပေမဲ့ အခုအမှတ်ပေးပွဲစဉ်မှာတော့ ရှုံးပွဲမရှိစံချိန်ကို ဆက်လက်ထိန်းသိမ်းထားနိုင်သလို အိမ်ကွင်းခြေစွမ်းထက်မြက်မှုရှိတဲ့ ဂျူဗင်တပ်အသင်းကို အားပေးရမှာပါ။

**ဂျူဗင်တပ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| မွန်ဇာ | ၁ | - | ၂ | ဂျူဗင်တပ် |
| ဂျူဗင်တပ် | ၂ | - | ၂ | ဖီအိုရင်တီးနား |
| ဂျူဗင်တပ် | ၁ | - | ၂ | အေစီမီလန် |
| တိုရီနို | ၁ | - | ၁ | ဂျူဗင်တပ် |
| အတ္တလန္တာ | ၁ | - | ၁ | ဂျူဗင်တပ် |

**အေစီမီလန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အေစီမီလန် | ၁ | - | ၁ | ရိုးမား |
| ဂျူဗင်တပ် | ၁ | - | ၂ | အေစီမီလန် |
| အင်တာမီလန် | ၂ | - | ၃ | အေစီမီလန် |
| အေစီမီလန် | ၁ | - | ၁ | ကယ်ဂလီယာရီ |
| ကိုမို | ၁ | - | ၂ | အေစီမီလန် |

## စတုဂတ်အသင်းကို အကြိုက်တွေ့မိပါတယ်

နောက်ထပ်ရွေးချယ်ပေးချင်တဲ့ ပွဲစဉ်ကတော့ ဂျာမန်ဘွန်ဒက်လီဂါပွဲစဉ်တွေထဲက စတုဂတ်အသင်းနဲ့ ဖရိုင်းဘတ်အသင်းတို့ရဲ့ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်းဟာ ဘွန်ဒက်စ်လီဂါပွဲစဉ် ၁၈ အဖြစ် ဒုတိယအကျော့ယှဉ်ပြိုင်ကစားကြမှာဖြစ်ပြီး ပထမအကျော့မှာတော့ ဖရိုင်းဘတ်အသင်းက အိမ်ကွင်းမှာ သုံးဂိုး၊ တစ်ဂိုးဆိုတဲ့ရလဒ်နဲ့ အနိုင်ရယူထားနိုင်ခဲ့ပါတယ်။ ပြီးခဲ့တဲ့ ကြားရက်မှာ ကစားခဲ့တဲ့ အမှတ်ပေးပွဲစဉ်မှာတော့ စတုဂတ်အသင်းက အဆင့်(၄)နေရာက လိုက်ပ်ဇစ်အသင်းကို နှစ်ဂိုး၊ တစ်ဂိုးနဲ့အနိုင်ရယူခဲ့တာကြောင့် လာမဲ့ဘောလုံးရာသီချန်ပီယံလိဂ်ယှဉ်ပြိုင်ခွင့်အတွက် နီးစပ်ခဲ့သလို နောက်ဆုံးနှစ်ပွဲဆက်နိုင်ပွဲပြန်လည်ရရှိထားတာကြောင့်လဲ ကစားသမားတွေရဲ့စိတ်ဓာတ်ပိုင်း အကောင်းဆုံးအနေအထားမှာရှိနေတယ်လို့ဆိုရမှာပါ။ သူတို့အသင်းဟာ ဒီရာသီရယူထားတဲ့နိုင်ပွဲရှစ်ပွဲမှာ ငါးပွဲက အိမ်ကွင်းပွဲစဉ်ဖြစ်တာကြောင့်လဲ အိမ်ကွင်း စွမ်းဆောင်ရည်အကောင်းဆုံးပုံစံမှာရှိနေတာကို တွေ့ရပါတယ်။

ဖရိုင်းဘတ်အသင်းကတော့ ပြီးခဲ့တဲ့ကြားရက်ပွဲစဉ်မှာ ဖရန့်ဖတ်အသင်းကို အဝေးကွင်းမှာ လေးဂိုး တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့ပြီး လက်ရှိဘောလုံးရာသီမှာလဲ သူတို့အသင်းရဲ့ သုံးပွဲမြောက် ဂိုးပြတ်ရှုံးပွဲဖြစ်ပါတယ်။ သူတို့အသင်းဟာ ဒေါ့မွန်၊ လေဗာကူဆင်နဲ့ အခု ဖရန့်ဖတ်အသင်းတို့ကို အဝေးကွင်းမှာပဲ ဂိုးပြတ်ရှုံးနိမ့်ခဲ့ရတာဖြစ်ပြီး လက်ရှိခြေစွမ်းအနေနဲ့ အဝေးကွင်းပွဲစဉ်တွေမှာ ခြေစွမ်းပိုင်းရုန်းကန်နေရတာကို တွေ့ရပါတယ်။ ဒ့ါပြင် ဖရိုင်းဘတ်အသင်းဟာ နောက်ဆုံးငါးပွဲမှာလဲ အိမ်ကွင်းပွဲစဉ်နှစ်ပွဲသာအနိုင်ရထားပြီး အဝေးကွင်းသုံးပွဲစလုံး နိုင်ပွဲပျောက်ဆုံးထားတာကြောင့် အခုပွဲစဉ်မှာ တိုက်စစ်ပိုင်းကောင်းမွန်တဲ့ စတုဂတ်အသင်းကို ထိန်းချုပ်ကစားနိုင်ဖို့ ခက်ခဲပါလိမ့်မယ်။ ဒ့ါကြောင့် လက်ရှိ ခြေစွမ်းပိုင်းမှာ အသာရနေတဲ့ စတုဂတ်အသင်းကို အကြိုက်တွေ့မိပါတယ်။

**စတုဂတ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဟိုက်ဒန်ဟိမ်း | ၁ | - | ၃ | စတုဂတ် |
| စတုဂတ် | ၀ | - | ၁ | စိန့်ပေါ်လီ |
| စတုဂတ် | ၂ | - | ၂ | အေဂျက် |
| အော့စ်ဘတ် | ၀ | - | ၁ | စတုဂတ် |
| စတုဂတ် | ၂ | - | ၁ | လိုက်ပ်ဇစ် |

**ဖရိုင်းဖတ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဟော်ဖန်ဟိမ်း | ၁ | - | ၁ | ဖရိုင်းဘတ် |
| ဖရိုင်းဘတ် | ၃ | - | ၂ | ဝုဖ်ဘတ် |
| လေဗာကူဆင် | ၅ | - | ၁ | ဖရိုင်းဘတ် |
| ဖရိုင်းဘတ် | ၃ | - | ၂ | ဟိုစတိန်း |
| ဖရန့်ဖတ် | ၄ | - | ၁ | ဖရိုင်းဘတ် |

## နယူးကာဆယ်အသင်းပဲ ရလဒ်ကောင်းမှာပါ

ဒီတစ်ပတ်ဥရောပပွဲစဉ်တွေထဲမှာ နောက်ထပ်အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ ပရီးမီးယားလိဂ်ပွဲစဉ်(၂၂)အဖြစ် ယှဉ်ပြိုင်ကစားကြမဲ့ နယူးကာဆယ်အသင်းနဲ့ ဘုန်းမောက်အသင်းတို့ရဲ့ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်းဟာ ပထမအကျော့ပွဲစဉ်အဖြစ်ဘုန်းမောက်အိမ်ကွင်းမှာ တစ်ဂိုးစီသရေကျထားပါတယ်။ နယူးကာဆယ်အသင်းအနေနဲ့ လက်ရှိဘောလုံးရာသီမှာ အကောင်းဆုံးခြေစွမ်းပြကစားနေပြီး ရမှတ် ၃၈ မှတ်နဲ့ အဆင့်(၄)နေရာမှာ ရပ်တည်နေပါတယ်။ သူတို့အသင်းအနေနဲ့ ပြိုင်ပွဲစုံနောက်ဆုံးကိုးပွဲဆက်အနိုင်ရထားပြီး အဲဒီပွဲစဉ်တွေထဲမှာ မန်ယူ၊ စပါးနဲ့ အေဗီလာတို့လို ခြေစွမ်းပိုင်းထက်မြက်နေတဲ့အသင်းတွေပါဝင်တာကြောင့် သူတို့အသင်းရဲ့ ဒီရာသီစွမ်းဆောင်ရည်ကောင်းမွန်မှုကို အသိအမှတ်ပြုရမှာဖြစ်ပါတယ်။ ဒ့ါပြင် နယူးကာဆယ်အသင်းအနေနဲ့ အဆင့်(၄)နေရာမှာ ရပ်တည်နေပြီး အဆင့်(၃)နေရာက နော်တင်ဟမ်၊ အဆင့်(၂)နေရာက အာဆင်နယ်အသင်းတို့နဲ့ ရမှတ်ကွာဟမှု ကျဉ်းမြောင်းနေတာကြောင့် ဥရောပဝင်ခွင့်အတွက် မျှော်လင့်ခွင့်ရှိနေတာကိုတွေ့ရပါတယ်။ ဒ့ါကြောင့် သူတို့အသင်းအနေနဲ့ နောက်ပိုင်းပွဲစဉ်တွေမှာလဲ အမှားခံမှာမဟုတ်ဘဲ အကောင်းဆုံးပုံစံနဲ့ အခုဘုန်းမောက်အသင်းနဲ့ပွဲစဉ်မှာ ယှဉ်ပြိုင်ကစားလာအုံးမှာပဲဖြစ်ပါတယ်။

ဘုန်းမောက်အသင်းကတော့ ခြေစွမ်းအတက်အကျတွေ ပုံမှန်ရှိမနေဘဲ ရမှတ် ၃၄ မှတ်နဲ့ အမှတ်ပေးဇယားအဆင့်(၈)နေရာမှာ ရပ်တည်နေပါတယ်။ သူတို့အသင်းအနေနဲ့ လက်ရှိဘောလုံးရာသီ ၂၁ ပွဲကစားပြီးချိန်မှာ ကိုးပွဲနိုင်၊ ခုနစ်ပွဲသရေ၊ ငါးပွဲရှုံးနိမ့်ထားတာကြောင့် လက်ရှိခြေစွမ်းပိုင်းသာမန်သာရှိတယ်လို့ဆိုရမှာဖြစ်ပါတယ်။ ပရီးမီးယားလိဂ်နောက်ဆုံးကိုးပွဲဆက်ရှုံးပွဲမရှိဘဲ ငါးပွဲနိုင်၊ လေးပွဲသရေကျအောင် စွမ်းဆောင်ထားနိုင်တာကို တွေ့ရပါတယ်။ ဒါကြောင့် သူတို့အသင်းဟာ လက်ရှိဘောလုံးရာသီမှာ တည်ငြိမ်ပြီး စနစ်ကျတဲ့ခြေစွမ်းကို ပိုင်ဆိုင်ထားနိုင်တဲ့အသင်းလို့တောင် ဆိုရမှာဖြစ်ပါတယ်။ ဒ့ါပြင် ခံစစ်ပိုင်းစွမ်းဆောင်ရည်ကအကောင်းဆုံးပုံစံမှာရှိနေခဲ့ပြီး ချဲလ်ဆီးအသင်းကိုတောင် အဝေးကွင်းမှာ ခြေရည်တူကစားထားနိုင်တာကို တွေ့ရပါတယ်။ ဒါပေမဲ့ အခုပွဲစဉ်မှာတော့ တိုက်စစ်ပိုင်းနဲ့အသင်းလိုက်စွမ်းဆောင်ရည် အကောင်းဆုံးပုံစံမှာရှိနေတဲ့ နယူးကာဆယ်အသင်း ရလဒ်ကောင်းသွားမှာပါ။

**နယူးကာဆယ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| မန်ယူ | ၀ | - | ၂ | နယူးကာဆယ် |
| စပါး | ၁ | - | ၂ | နယူးကာဆယ် |
| အာဆင်နယ် | ၀ | - | ၂ | နယူးကာဆယ် |
| နယူးကာဆယ် | ၃ | - | ၁ | ဘရွန်လေ |
| နယူးကာဆယ် | ၃ | - | ၀ | ဝုဗ် |

**ဘုန်းမောက်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဘုန်းမောက် | ၀ | - | ၀ | ပဲလေ့စ် |
| ဖူလ်ဟမ် | ၂ | - | ၂ | ဘုန်းမောက် |
| ဘုန်းမောက် | ၁ | - | ၀ | အဲဗာတန် |
| ဘုန်းမောက် | ၅ | - | ၁ | ဝက်စ်ဘရွန်း |
| ချဲလ်ဆီး | ၂ | - | ၂ | ဘုန်းမောက် |

# ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (အပျို)ဖြစ်ရမည်။

( ခ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက် မနည်းရ၊ ပေါင်(၁၃၀)ထက် မကျော်ရ။

( ဂ ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(ဃ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ မည်သည့်ဘွဲ့မဆို လျှောက်ထားနိုင်သည်။

( င ) မဟာဘွဲ့တက်ရောက်ရန် အဆင့်မီသူ ဦးစားပေးမည်။ မဟာဘွဲ့ရရှိပြီးသူ၊ ပါရဂူဘွဲ့ရရှိပြီးသူများလည်း လျှောက်ထားနိုင်သည်။

( စ ) ဘွဲ့လက်မှတ်(မူရင်း)နှင့် ဘွဲ့ရအမှတ်စာရင်း တင်ပြနိုင်ရမည်။

(ဆ) ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက် ၂၅ နှစ်ထက် မကျော်လွန်စေရ၊ မဟာဘွဲ့ရရှိပြီးသူများအနေဖြင့် ၂၇ နှစ် အထိလည်းကောင်း၊ ပါရဂူဘွဲ့ရရှိပြီးသူများအနေဖြင့် ၃၀ နှစ်အထိလည်းကောင်း လျှောက်ထားနိုင်သည်။

( ဇ ) ဗိုလ်လောင်းသင်တန်းတက်ရောက်အောင်မြင်ပါက ဒုတိယဗိုလ်အဆင့် စတင်ခန့်အပ်ခြင်းခံရမည်။ မဟာဘွဲ့ရရှိပြီးသူ၊ ပါရဂူဘွဲ့ရရှိပြီးသူများသည် ဗိုလ်အဆင့် စတင်ခန့်အပ်ခြင်းခံရမည်။

( ဈ ) တပ်မတော်မှ လေ့ကျင့်သင်ကြားမှု စနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံနှင့် တပ်မတော်ဆေးရုံ/ ပြည်သူ့ဆေးရုံတို့မှ ပဏာမဆေးစစ်အောင်မြင်ကြောင်း ထောက်ခံချက် ပူးတွဲတင်ပြရမည်။

၄။ အစိုးရဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ပါရှိရမည်။

၅။ လျှောက်လွှာများကို ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့တွင် စတင်ထုတ်ပေးမည်ဖြစ်ပြီး ဖေဖော်ဝါရီလ ၁၈ ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် အချိန်မီပေးပို့ကြရမည်။

၆။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၇။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမရှိသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့် တိုင်းစစ်ဌာနချုပ်တွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**







## ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့နယ်၊ အာခါဆေးခမ်းရွာ၊ ရေလယ်ကျွန်းသာသနာပြုကျောင်း ရေဘေးကြောင့် ကျောင်းပြန်ဆောက်ရန် အလှူတော်



**ကျိုးကြောင်းဖော်ပြချက်။** တာချီလိတ်ရေဘေးတွင် တစ်ကျောင်းလုံး ရေမြုပ်မျောပါပျောက်ဆုံးသွားပါသည်။ ကျောင်းထိုင်ဆရာတော် တာချီလိတ်မြို့ပေါ်ရောက်နေသဖြင့်သာ အသက်ဘေးမှကင်းလွတ်ခဲ့ရကြောင်းဖော်ပြပါသည်။ ဦးလှဝင်း(ဥက္ကဋ္ဌ) ၁၁-၁၂-၂၀၂၄ မှ ၂၇-၁၂-၂၀၂၄ အထိ တာချီလိတ်သာသနာပြုခရီးစဉ်တွင် မြေနေရာအား တောင်စောင်းသို့ပြောင်းရွှေ့ရန် မေတ္တာရပ်ခံခဲ့ပြီး မြေဝယ်ရန်၊ မြေပြုပြင်ရန်အတွက် အလှူခံခြင်းဖြစ်ပါသည်။ ကျောင်းကို တဖြည်းဖြည်းချင်းအလှူခံ၍ ဆောင်ရွက်မည်ဟု သိရပါသည်။

**အလှူငွေ။** သိန်း (၁၅၀)အလှူခံသော်လည်း (ဘတ်ငွေသုံးသောဒေသဖြစ်သဖြင့် ငွေဈေးမြင့်ပါသည်။)

**အလှူခံဌာန။** ဆရာတော်ကြီးဘဒ္ဒန္တတိက္ခ(အဘိဓဇမဟာရဋ္ဌဂုရု)
ဦးလှဝင်း(ဥက္ကဋ္ဌ) ဗုဒ္ဓဘာသာသာသနာပြန့်ပွားရေးအသင်းချုပ်၊ တောင်စလင်းတိုက်၊ ၆၂ လမ်း၊ ၃၂ x ၃၃ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ၀၉-၄၄၂၀၇၄၄၆၆၊ ၀၉-၄၀၂၆၉၂၅၂၂

**မှတ်ချက်။** လှူဒါန်းသောအလှူရှင်များ တာချီလိတ်သို့သွားရောက်၍ဖြစ်စေ၊ မန္တလေးသို့ပင်ဖြစ်စေ လှူဒါန်းနိုင်ရန် ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

### ပျောက်ဆုံးကြောင်း

ဗန်းမော်မြို့၊ ဝက်ကုန်းရွာနေ မနှင်းထွေး (ဘ) ဦးတောက်ကြိမ် (၁/ဗမန(နိုင်)၀၈၇၀၈၈)၏ နိုင်ငံကူးလက်မှတ်အမှတ်(MA-621730)မှာ ပျောက်သွားဆုံးပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၉၇၅၉၂၂၈၄၆

### ပျောက်ဆုံးကြောင်း

နန်းခမ်းမြို့၊ ပေါက်လုံရပ်ကွက်နေ မခိုင်သဇင် (ဘ) ဦးစုယုံ (၁၃/နခန(နိုင်)၀၇၂၀၂၄)၏ နိုင်ငံကူးလက်မှတ်အမှတ် (MC-20235) မှာ ပျောက်သွားဆုံးပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၆၄၇၂၁၉၄၅

### ပျောက်ဆုံးကြောင်း

ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်နေ မချောစုလွင် (ဘ) ဦးဝေလွင်(၁၀/မလမ(နိုင်)၀၀၁၁၅၄)၏ နိုင်ငံကူးလက်မှတ်အမှတ် (A-018580)မှာ ပျောက်သွားဆုံးပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၃၁၆၀၁၂၆

### ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ (ဂ)ရပ်ကွက်၊ ၆၅-B လမ်း၊ ၁၁၇ x ၁၁၈ လမ်းကြားနေ ဝင်းလင်းထွန်း (ဘ) ဦးလှရွှေ(၉/မတရ(နိုင်)၀၀၂၁၆၅)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်သွားဆုံးပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၈၉၈၆၀၅၅၆၀

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ အောင်မြေသာစံမြို့နယ်၊ အမှတ်(၁၀)အခြေခံပညာအထက်တန်းကျောင်းတွင် ပညာသင်ကြားနေသော Grade-4 ကျောင်းသား မောင်လှိုင်မင်းဟိန်း၏ဖခင် ဦးဝင်းလှိုင်ဦး (ခ) ဦးဝင်းလှိုင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးဝင်းလှိုင်ဦး (ခ) ဦးဝင်းလှိုင်(၉/အမဇ(နိုင်)၀၁၇၀၈၉)

## အဖိုးတန်ရေချိုကို ချွေတာပါ




လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။
ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘော တူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ မြန်မာစကားပုံတွင် ရေအသက် တစ်မနက်၊ ထမင်းအသက် ခုနစ်ရက်ဟူ၍ရှိ...

❖ အလားတူ စာပေအသိပညာမရှိပါက တစ်သက်လုံး အခက်အခဲအကျပ်အတည်းများနှင့် ကြုံတွေ့ရနိုင်...

❖ ထို့ကြောင့် ပညာအသက်သည် ဘဝတစ်သက်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် မေ ၂၉ ရက်တွင် တပ်မတော်နည်းပညာတက္ကသိုလ်မှ နည်းပြအရာရှိကြီးများ၊ ကထိကအရာရှိကြီးများ၊ ဆရာကြီး၊ ဆရာမကြီးများ၊ သင်တန်းအရာရှိများနှင့် ဗိုလ်လောင်းများအား တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး ၂၀၂၅ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော်အခမ်းအနားတွင် နှစ်သစ်နှုတ်ခွန်းဆက်စကားပြောကြားစဉ်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့၌ ကျင်းပသည့် ၂၀၂၅ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော်အခမ်းအနားသို့ တက်ရောက်

နေပြည်တော် ဇန်နဝါရီ ၁၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့်အဖွဲ့ဝင်များသည် နာဂရိုးရာ နှစ်သစ်ကူးပွဲတော် တက်ရောက်ရန်အတွက် ဇန်နဝါရီ ၁၄ ရက် မွန်းလွဲပိုင်းတွင် လဟယ်မြို့သို့ ရောက်ရှိစဉ် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့် အဖွဲ့ဝင်များ၊ နာဂတိုင်းရင်းသားမျိုးနွယ်စုများက ရိုးရာအကအလှများဖြင့်

စာမျက်နှာ ၁၈ ကော်လံ ၁ ☆

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊လူသတ်၊အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

